www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မကွေးဝင်းမြင့်

# ဆေးသမားပီတိ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၆၁ / ၂၀၀၃ ( ၅ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၁၁ / ၂၀၀၃ ( ၈ )

ဒုတိယအကြိမ်
၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၁၀၀၀
တန်ဖိုး [redacted]၇၀၀/-

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှသိန်း
လှသိန်းဦးပုံနှိပ်တိုက်
၁၂/ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
မိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ-တင်တင်စိုး

## အသက်ရှည်ကြောင်း နည်းလမ်းကောင်း

အစာကြေမှ စားထသောဖြင့်
အစဉ်မှတ်ဖွယ် ကြီးငယ်နှစ်ပါး
ကျင်အသွားကို မတားအဟုန်
မေထုန်ကြဉ်ရှား သူ့အားမညှဉ်း
မစဉ်းစားမှု မပြုလျင်စွာ
ဤငါးဖြာလည်း သက်အာယုမြဲတ်
ရှည်ကြောင်းမှတ်လော့။

မန်လည်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

## ရည်ညွှန်းပါသည်

သာမန်စာရေးဆရာ သတင်းထောက်ကလေးဘဝမ
ဆေးသမားဘဝသို့ တွန်းပို့ပေးခဲ့ကြသော ဆရာတော် သမားတေ
များနှင့် မိတ်ဆွေများသို့–––

မကြွေးဝင်းမြို့

ရတနာမြတ်သုံးပါး မိဘနှစ်ပါးနှင့်
သင်ဆရာ မြင်ဆရာ ကြားဆရာတို့အား
ရှိသေစွာ ဦးညွှတ်လျက်–––

မကြွေးဝင်းမြို့

## မာတိကာ


၁။ စာရေးသူ၏အမှာစကား ၉
၂။ ဆေးသမားဝီတိ ၁၄
၃။ ယူနန်ပြည်နယ်သို့ တစ်ခေါက် ၂၀
၄။ လွယ်လွယ်မရခဲ့ပါ ၃၁
၅။ ရင်ဝယ်အေးမြနေပါသည် ၃၅
၆။ ထုံး ၄၀
၇။ ခြေဘ်– ကံကောင်းပါဘိ ၄၃
၈။ တံခါးခေါက်သံ ၄၉
၉။ ကံနာ ဝဋ်နာ ၅၅
၁၀။ ထို့နောက်တစ်မျိုး ကြို့ကြီးထိုးသော် ၆၁
၁၁။ ဆေးသမားဝီတိကို
ဘယ်အရာနှင့် လဲနိုင်ပါအံ့နည်း ၆၆
၁၂။ မြို့ပိုင်ကြီးဦးအင်ဆိုင် ၇၁
၁၃။ စိတ် စိတ်ပါကွယ် ၇၅
၁၄။ သူတို့ထံမှ ပေးစာများ ၈၅
၁၅။ သားအိမ်ကင်ဆာ ပျောက်စေရာ ၁၀၃
၁၆။ ဆေးလည်းအစာ အစာလည်းဆေး ၁၁၀
၁၇။ မြန်မာ့ရိုးရာ အတို့အမြှုပ် ၁၁၇
၁၈။ တယ်တော်တဲ့ သူငယ်မ ၁၂၄
၁၉။ ကျွန်တော် အရပ်လက်သည် ၁၂၈

www.burmeseclassic.com

## တတိယအကြိမ်ထုတ်ဝေရခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာ

စာရှုသူအဆွေ---

လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်က 'ဆေးသမားဝိတိ' မည်သော စာအုပ်ကလေးတစ်အုပ် ရေးသားခဲ့ပါသည်။ မိုးမမော်စာပေမှထုတ်ဝေခဲ့၏။

၁၉၉၃-ခုနှစ်တွင်'ဆေးသမားဝိတိ'စာအုပ် ဒုတိယအကြိမ် ဆုမြတ်စာပေမှ ထုတ်ဝေရန်စီစဥ်ခဲ့သည်။

ဆုမြတ်စာပေမှဦးကျော်ကျော်သည် ကျွန်တော်ရေးသား ထုတ်ဝေပြီးစာအုပ်များကို ကွန်ပျူတာနည်းပညာဖြင့် စာအုပ်ကောင်း စာအုပ်သန့်များ ထုတ်ဝေသူအဖြစ် မှတ်တိုင်သစ်စိုက်ထူထားသူ ဖြစ်ပါသည်။

ဤခေတ်ကြီးသည် ကွန်ပျူတာခေတ်ဖြစ်ပါသည်။

ကွန်ပျူတာနည်းပညာဖြင့် စာရေးဆရာ ရေးသားသော စာမူကို စာမျက်နှာပေါ်၌ ထင်ထင်ရှားရှားပီပီပြင်ပြင် လှလှပပဖြင့် ကျက်သရေရှိပေစွ-

ထုတ်ဝေသူက ငွေကုန်ကြေးကျခံလျက် စေတနာထား၍ ခေတ်မီကွန်ပျူဖြင့်ရိုက်နှိပ်ထုတ်ဝေရကား စာရေးသူ အနေဖြင့်လည်း ထုတ်ဝေသူ၏ စေတနာကို လေးစားသောအားဖြင့် ယခု တတိယ အကြိမ်ထုတ် 'ဆေးသမားဝိတိ' စာအုပ်၌ စာမူအသစ် (သုံး) ပုဒ် ရေးသားဖြည့်စွက်၍ ထုတ်ဝေခွင့်ပြုလိုက်ရပါတော့သည်။

စာရေးသူ

## စာရေးသူ၏အမှာစကား

မြန်မာ့ဆေးပညာသည် ခက်ခဲ၏။ နက်နဲ၏။ ကျမ်းကြီး ကျမ်းငယ်တွေ များပြား၏။ ဖတ်ရမှတ်ရတာတွေ တလှေကြီး၊ လေ့လာစရာတွေ အနန္တ-

ဥပမာ လေအကြောင်း ဆိုကြပါစို့။
လေ၏တည်ရာ၊ ခြောက်ဌာနကား
အစာဟောင်းပေ၊ ခါးပေါင်တွေနှင့်
ရိုးရေအကြား၊ တည်သဘောဟု
များသောအားမှာ စာဟောင်းရပ်ဆီ
အထူးတည်သည်၊ ဆိုပြီဘောသဖွဲ့ကျမ်းတည်း။

ခါး၊ ပေါင်၊ အရိုး၊ အရေ အကြော၊ အစာဟောင်းအိမ်၊ လေတည်ရာ ခြောက်ဌာနဖြစ်ကြောင်း၊ ဘောသဖွဲ့ဆေးကျမ်းကြီးက ဆိုပါသည်။ လေကိုအသေးစိတ်ခွဲခြားဦးမည်ဆိုပါက စာဖတ်သူများ မျက်စိလည်သွားပါလိမ့်မည်။ ငြီးငွေ့ဖွယ်ရာလည်း ဖြစ်သွားပါလိမ့်မည်။

ထို့ကြောင့် ကျွန်တော်သည် စာဖတ်သူများ မငြီးငွေ့ရအောင် အလွယ်ဆုံး၊ အရှင်းဆုံးနည်းလမ်းနှင့် ပြည်သူများသည် မိမိကျန်းမာရေး မိမိစောင့်ရှောက်နိုင်ရေးအတွက် သိလွယ် သဘောပေါက် လွယ်သောနည်းများဖြင့် တင်ပြအစီရင်ခံသွားပါမည်။

မြန်မာ့ဆေးလွယ်ရန်ကောဟု အထင်မသေးလိုက်ပါနှင့်။ သို့သော် လူ့သဘာဝကိုက လွယ်လွယ်ပေးလျှင် အထင်သေးတတ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ကလေးဖြင့် ဆေးကုတတ်သော တောင်သာ အဘိဓမ္မာသမားတော်ကြီး ဆရာကြီးဦးမှုန်ကို ပြေး၍အမှတ်ရ၏။

တစ်ခါက တောင်သာအဘိဓမ္မာဆရာကြီးဦးမှုန်သည် ရွာ တစ်ရွာသို့ရောက်သွား၏။ ဆရာကြီးသည် ယင်းရွာသို့ ဆေးကု ရောက်သွားခြင်း မဟုတ်ပေ။ ဆွေမျိုးရင်းချာထဲမှ အလှူလုပ်၍ အလှူ ပွဲသို့ရောက်လာခြင်းဖြစ်သည်။

ဆရာကြီးသည် ရွာထဲသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် တစ်ချိန်က ရောဂါဝေဒနာရှင်များက ဆေးကုပေးသောဆရာသမား ကို မိမိတို့ခြံထွက် ငှက်ပျောသီးအစရှိသည်တို့ဖြင့် ကန်တော့ကြ၏

ဆရာကြီးသည် ပိုးပဝါပျော့ကလေးတလူလူ ပင်နီအင်္ကျီ ယောလုံချည်ကွက်ဖြင့် ကွမ်းတပြုံးပြုံး မြင်ရသူအဖို့ စိတ်ကိုအေး ချမ်းစေ၏။

ဆရာကြီးသည် အလှူမဏ္ဍပ်ထဲသို့ ဝင်လာပြီး ထိုင်စပင် ရှိသေး။ လူတစ်ယောက် ရေးကြီးသုတ်ပျာဝင်လာ၏။

'ဆရာကြီးခင်ဗျာ။ ကျွန်တော့်သားကလေး အိပ်ရာထဲ ဖျားနာလဲနေတာ တစ်ပတ်ရှိသွားပါပြီ၊ တစ်ဆိတ် လိုက်ကြည့်ပေးပါ ခင်ဗျာ'

ဆေးသမားသည် ဆရာလာပင့်လျှင် လိုက်သင့်သည်ဟု အင်္ဂါစုံပါက နီးသည်ဝေးသည်မဟူ၊ အယုတ်အလတ် အမြတ်မရွေး လိုက်ရ၏။

ယခုလည်း ဆရာကြီးဦးမှုန်သည် လူနာပင့်ရာနောက်သို့ လိုက်လာရ၏။ လူနာကိုကြည့်၏။ ရောဂါစစ်တမ်းထုတ်၏။ အနာ သိပြီ။ အနာသိလျှင် ဆေးရှိပြီပေါ့။

သို့သော် ဆရာကြီးသည် ဆေးလွယ်အိတ် မပါလာ။

မြန်မာသမားတော်ပီပီ ဘယ်အရပ် ဘယ်ဒေသ ရောက် ရောက် ဆေးမခက်ပါ။ ဆရာကြီးက–

'ဟေ့– မင်းတို့အိမ်မှာ ဆီးသီးခြောက်ရှိလားဟေ့'



'ရှိပါတယ်ဆရာကြီး'

'ထန်းလျက်ကောကွာ'

'ရှိပါတယ်'

'အေး ဒါဖြင့်ဆီးယိုကျိုကွာ' ဟုမိန့်လိုက်၏။

ဆီးယိုကို လူနာအားစားစေ၏။ စားပြီး ကွမ်းတစ်ယာ ညက်ခန့်အကြာတွင် လူနာသည် ထူထူထောင်ထောင် ရွှင်ရွှင်လန်း လန်း ဖြစ်လာ၏။ ချက်ချင်းသက်သာသွား၏။

လူနာရှင်ဆွေမျိုးများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေ ကြ၏။ သို့ဖြင့် လူနာရှင်အဘိုးကြီးနှင့်အဘွားကြီးတို့တိုင်ပင်ကြ၏။

'ကျုပ်တို့သားလေး ဆရာကြီးဦးမှုန်ကြောင့် ခုလိုသက်သာ လာတာ၊ ဘာကန်တော့ရင် ကောင်းမလဲ'

သည်တော့ အဘိုးကြီးဖြစ်သူက အဘွားကြီးကို–

'အိုကွာ--- တို့အိမ်က ဆီးသီးနဲ့ထန်းလျက်နဲ့ပျောက်တာ ပဲဟာ ဘာကန်တော့နေစရာလိုသေးလဲ'ဟူ၏။

ဆရာကြီးဦးမှုန်သည် အဘိုးကြီးနှင့်အဘွားကြီးတို့တိုင်ပင် သည့်စကားကို ကြားသွား၏။

သို့သော် အပြုံးမပျက်ပါပေ။ အေးပေါ့ကွာ၊ ဆေးဆရာ ပညာစွမ်းပြရသေးတာပ ဟု စိတ်ထဲမှကြံရွယ်လိုက်၏။

ထို့ကြောင့် ဆရာကြီးဦးမှုန်သည် သူ့အားကန်တော့လိုက် ကြသော ပစ္စည်းများထဲမှ ငှက်ပျောသီးတစ်ဖီး လွယ်အိတ်ထဲမှ ထုတ် ယူကာ လူနာရှေ့စားပြလိုက်၏။

နလန်ထစလူနာကလည်း ဆရာကြီး ငှက်ပျောသီးစားတာ မြင်တော့ စားချင်ရှာ၏။ ထို့ကြောင့် လူနာက–

'ဆရာကြီး ကျွန်တော်ငှက်ပျောသီး စားချင်တယ်'ဟု တောင်းသောအခါ–

'အေး စားချင်စားကွာ'ဟုဆိုကာ ငှက်ပျောသီး ၄–၅ လုံး ဖြုတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဟေ့– အလှူလဲဝင်ရဦးမှာ၊ နေမပူခင်ပြန်ရမှာမို့ သွားဦးမယ်' ဟုဆိုကာ နှုတ်ဆက်ထွက်လာခဲ့၏။

ဆရာကြီးဦးမှုန်သည် အလှူမဏ္ဍပ်တွင်ခေတ္တဝင်ပြီး ပြန်လာခဲ့၏။ ရွာမှထွက်၍ ၃–မိုင်လောက်ရောက်သောအခါ လူနာရှင်အဘိုးကြီးသည် လှည်းယဉ်ကြော့ကိုအသော့နှင်ကာ နောက်မှလိုက်လာ၏။

'ဆရာကြီး လုပ်ပါဦး။ လူနာတော့ ငှက်ပျောသီးတွေ စားပြီးကတည်းက ရောဂါဖောက်လာပြီး အိပ်ရာထဲပြန်လဲပြန်ပြီ' ဟုဆို၏။

သည်တော့ ဆရာကြီးက–

'မင်းတို့အိမ်မှာ ဆီးသီးနဲ့ထန်းလျက်ရှိသားပဲကွာ၊ အဲဒါ ကျွေးလိုက်ပေါ့' ဟုဆို၏။

'ကယ်တော်မူပါဦး ဆရာကြီးရယ်' ဟုဆိုကာ ဆရာကြီးဦးမှုန်ကို ခြေသလုံးဖက်၍ တောင်းပန်သည်။

'အေးပါကွာ ငါလိုက်စရာမလိုပါဘူး။ မင်းသာ လူမမာကို ဆားကလေးခွံ့လိုက်၊ ကဲ– ပြန်တော့'

'ဟာ ဖြစ်ပါ့မလား ဆရာကြီးရယ်'

'မင်းတို့ တယ်ခက်သကိုး။ နားလဲမလည်ဘူး။ ငါက ဆေးဆရာ၊ နားလည်လို့ပြောတာ၊ မီးဖိုချောင်ထဲက ဆားကလေးသာ ယူခွံ့လိုက် ချက်ချင်းပျောက်စေမယ်၊ ဒီမယ် တစ်သက်လုံးမှတ်ထား၊ ငါပြောလိုက်မယ်၊ ငှက်ပျောသီးအစားများမယ်၊ အစားမှားမယ်ဆိုရင် ဆားလျက်လိုက်ကွ၊ ငှက်ပျောသီးတစ်လုံး ဆားတစ်ပဲတဲ့၊ သိရဲ့လား' ဟူ၏။

ကျွန်တော်ဆိုလိုချင်တာက လွယ်လွယ်ပေးလျှင် အထင်သေးတတ်ကြောင်းကို သိသာထင်ရှားစေလိုခြင်းဖြစ်ပါသည်။

အင်ဂျင်နီယာအရာရှိသည် တူတစ်လက်ဖြင့် ဘွိုင်လာကို ခေါက်၏။ ဒါကို ဘေးကမြင်သူက အင်ဂျင်နီယာအလုပ် ခက်တာမှ မဟုတ်တာ၊ တူကလေးနဲ့ခေါက်တာ လွယ်လွယ်ကလေး၊ ငါလည်း



ခေါက်တတ်တာပဲဟု ဆိုပါလိမ့်မည်။

အမှန်ကတော့မလွယ်ပါ။ ဘယ်နေရာခေါက်ရမည်ဆိုတာကို အင်ဂျင်နီယာပညာရှင်သာသိပါသည်။ ခေါက်သည့်အခါ ဘယ်လိုအသံထွက်လာလျှင် ဘယ်လိုဆိုတာ အင်ဂျင်နီယာသာ သိပါသည်။

ထို့အတူ ဆေးသမားသည် ဘယ်နေရာကို ဘယ်လိုဆေး၊ ဘယ်လိုဓာတ်စာနှင့်ကုရသည် ဘာအစားမှားလျှင် ဘာနှင့်ဖြေရသည်ကို သိပါသည်။

မြန်မာသမားတော်ကြီးများသည် ဟန်ဆောင်မှုမရှိကြပါ။ ဟိတ်ကြီးဟန်ကြီးမလုပ်။ စေတနာဖြင့်လွယ်လွယ်ကလေး ဆေးပေးဆေးကုတတ်ကြပါသည်။

ရှေးသမားတော်ကြီးများကို ကြည်ညိုအားကျ အတုယူ၍ ကျွန်တော်သည်လည်း အလွယ်ကူဆုံး အစွမ်းထက်လှသော နည်းကလေးများဖြင့် ဆေးကုသလျက်ရှိပါသည်။

သူတို့တစ်တွေ ရောဂါဝေဒနာပျောက်ကင်းကြပြီး သုခချမ်းသာ ပီတိသောမနဿဖြစ်သလို ဆေးသမားကျွန်တော်သည်လည်း ဝမ်းဆီထိသည့်နှယ် ပီတိဝေဖြာမိပါသည်။

ထို့ကြောင့် ဆေးသမား၏ရင်ဝယ် ရိုက်ခတ်လျက်ရှိသော ပီတိကလေးများကိုစုစည်း၍ တင်ပြအစီရင်ခံပါသတည်း။

မကျွေးဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



# ဆေးသမားပီတိ

ရန်ကုန်မိုးက ညဉ့်ဦးကတိုင် နံနက်(၁၁)နာရီအထိတစိမ့်စိမ့် ရွာနေသည်။ အညာသားမို့ မိုးစွေလျှင် မသွားတတ်၊ မလာတတ်တော့ သို့သော်လည်း ရန်ကုန်ရောက်တုန်း မသွားလျှင် မဖြစ်သောကြောင့် ကျွန်တော်တည်းခိုသောတုန်းကြီးကျောင်းမှ ဆရာတော်၏ ဘုန်းကြီး ဆောင်းထီးကိုဆွဲ၍ မြို့ထဲသို့ထွက်ခဲ့ပါသည်။ ပန်းဆိုးတန်းလမ်းထိပ် သို့ ရောက်သောအခါ–

'ဗျို့ ဆရာဦးဝင်းမြင့်--- ဆရာဦးဝင်းမြင့်'

နောက်မှလှမ်းခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ စာအုပ်အဟောင်းများရောင်းသော ကိုချစ်စံကိုတွေ့ရ၏။

'ဆရာ ဘယ်တုန်းက ရန်ကုန်ရောက်တုန်း'

'တစ်ပတ်လောက်ရှိသွားပြီဗျ။ နေကောင်းကြရဲ့လား။ အ ရောင်းအဝယ်ကော အဆင်ပြေကြရဲ့လား'

'ဟုတ်ကဲ့ပြေပါတယ်'

ကိုချစ်စံ ကျွန်တော့်ကိုခင်မင်စွာကြည့်ရင်း–

'ဆရာ--- အခုအချိန်ရလား'

'ဟုတ်ကဲ့ ရပါတယ်'

'အချိန်ရရင်ဆရာရယ် ကျွန်တော့်နဲ့လိုက်ခဲ့စမ်းပါ'

'ကျွန်တော့်မိတ်ဆွေတစ်ယောက်၊ သူကဆရာဦးဝင်းမြင့် ရန်ကုန်ရောက်ရင်ခေါ်ခဲ့စမ်းပါ။ ညှို့ဝတ်ပြုပါရစေ မြင်လဲ မြင်တွေ့ ချင်လို့ပါတဲ့ဆရာ'

'ဘယ်သူကလဲဗျ ကိုချစ်'

'စိန်ပုလဲနာရီရောင်းဝယ်ရေးက မန်နေဂျာပါ၊ သူ့အမည် က ဦးစိုးအောင်တဲ့၊ လူလတ်ပိုင်းအရွယ်ပဲ ရှိပါသေးတယ်ဆရာ၊ ဆရာ့ စာတွေဖတ်ပြီး ဆရာ့ကိုတွေ့ချင် မြင်ချင်နေတာဆရာ'



'ရပါတယ်ဗျာ--- လာသွားကြတာပေါ့'

အမှတ်–၂၂၁ အနော်ရထာလမ်းနှင့် ၃၂ လမ်းထောင့် စိန်ပုလဲနာရီရောင်းဝယ်ရေးဆိုင်သို့ ရောက်ခဲ့ပါသည်။ ကျွန်တော့်ကို တွေ့ချင်ပါသည်ဆိုသော မန်နေဂျာဦးစိုးအောင်နှင့်တွေ့ရ၏။

ဦးစိုးအောင်သည် ဝမ်းပန်းတသာဖြစ်ကာ အနီးအနားရှိ လက်ဖက်ရည်ဆိုင်သို့ခေါ်ကာ ညှို့ဝတ်ပြုရှာပါသည်။

'ဆရာ့စာတွေဖတ်ပြီး ဆရာ့ဆေးနည်းတွေနဲ့ ကျွန်တော် တို့တွေကျန်းမာနေကြတာ၊ ဒါကြောင့် ဆရာ့ကိုကျေးဇူးဆပ်တဲ့ အနေနဲ့ခုလိုညှို့ခံရတာပါ' လှိုက်လှဲစွာပြောပါသည်။

'ဒါပေါ့ဗျာ အဆင့်အမြင့်ဆုံး၊ ဆေးဝါးကုသမှုဆိုတာဟာ မိမိရဲ့ကျန်းမာရေးကိုမိမိ သတိရှိစွာနဲ့ကြိုတင်ကာကွယ်စောင့်ရှောက် တာကိုပြောတာဗျ'

ကျွန်တော်ကလည်း တတ်သရွေ့မှတ်သရွေ့ကလေး ပြန် ပြောရပါသည်။

'ဆရာ အချိန်ရလား'

ဟော ဦးစိုးအောင်ကလည်း ကိုချစ်စံနည်းတူ 'အချိန်ရ လား'ဟုမေးမြန်းပါသည်။

'ဟုတ်ကဲ့ရပါတယ်၊ ဘာလုပ်ချင်လို့လဲ'

'ဒီလိုပါဆရာ၊ နှစ်ပေါင်း ၂၀ ကျော်လောက်ကတည်းက ကိုယ်ခံဘဝသေးမှာ အနာတွေ တစ်လုံးပြီးတစ်လုံးပေါက်တာ မပျောက်ဘူး ဆရာ ဆရာရေးတဲ့ 'ခရီးသွားဆေးသမား'စာအုပ်ထဲကပါတဲ့ ဆေး နည်းအတိုင်း တပင်ရွှေထီး ပဒ္ဒငါးပါး ကြိတ်အုံလိုက်တာ ပျောက် ကင်းချမ်းသာရာရသွားလို့ အဲဒီဆရာကြီးကလဲ ဆရာ့ကိုတွေ့ချင်၊ ကျေးဇူးဆပ်ချင်လို့တဲ့ဆရာ၊ လာပါဆရာ မဝေးပါဘူး ၃၂ လမ်းထဲ မှာပါ'

'ရပါတယ်ဗျာ၊ သွားကြတာပေါ့'

ကျွန်တော်သည် စာအုပ်အဟောင်း ရောင်းသောကိုချစ်စံ၊

www.burmeseclassic.com

www.burmeseclassic.com



စိန်ပုလဲနာရီရောင်းဝယ်ရေးမန်နေဂျာ ဦးစိုးအောင်နှင့်အတူ အမှတ် ၁၆၂/ ၃၂–လမ်း၊ ပထမထပ်သို့တက်ခဲ့ကြပါသည်။

'ဗျို့---ဦးသောင်းဖေ၊ ဦးသောင်းဖေ'

တံခါးခေါက်လိုက်တော့ အခန်းတွင်းမှ အသက် ၄၀ ကျော် ခပ်ဝဝအမျိုးသားတစ်ယောက် ထွက်လာပါသည်။

'တွေ့မှ တွေ့ပါ့မလားလို့ဗျာ၊ ဒါ ခင်ပျားတွေ့ချင်နေတဲ့ မကျွေးဦးဝင်းမြင့်ပဲ'

'ဗျာ---'

'ခင်ဗျားတွေ့ချင်ပါတယ်ဆိုတဲ့ စာရေးဆရာ တိုင်းရင်းဆေး သုတေသီ ဦးဝင်းမြင့်လေဗျာ'

'ဟာ ဟုတ်လား၊ ဝမ်းသာလိုက်တာဆရာရယ်၊ ထိုင်ကြပါ၊ ထိုင်ကြပါ၊ အပြုံးရေ လာစမ်းပါဦးကွ၊ ဒါ မကျွေးဦးဝင်းမြင့်တဲ့'

ဦးသောင်းဖေက ဝမ်းသာအယ်လဲဖြင့် မီးဖိုထဲတွင် ထမင်းဟင်းချက်ပြုတ်နေသော သူ့ဇနီး ဒေါ်ခင်ပြုံးနှင့်ပါ မိတ်ဆက်ပေးပါသည်။ ဧည့်ခန်းကုလားထိုင်ပေါ်မှာ အသီးသီးထိုင်မိကြသောအခါ ဦးသောင်းဖေက–

'ဆရာရယ် ဒီတစ်သက် ဆရာ့ကျေးဇူးကို ဆပ်မကုန်တော့ပါဘူးဆရာရယ်'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

ကျွန်တော်က လေးစားရိုသေစွာ ပြန်မေးလိုက်ပါသည်။

'ဒီလိုဆရာရဲ့၊ ကျွန်တော်အသက် ၂၅ နှစ်အရွယ်လောက်ကတိုင် စအိုဝဘေးမှာ အနာလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး ပေါ်လာတယ်၊ အနာတစ်လုံးပေါ်လာလို့ရှိရင် အကြောတွေတင်း၊ အမယ်လေးဗျာ့ပြီး ကုန်းအော်နေရတာ၊ လူမှန်းမသိအောင်ဖျားတော့တာပဲ၊ အဲဒါဆေးရုံ တက်ခွဲရတယ်၊ မေ့ဆေးပေးခွဲရတာ နှစ်လကို တစ်ကြိမ်လောက်အနာဖြစ်တာ တွက်သာကြည့်ပေတော့ဆရာရယ်၊ ကျွန်တော့်သူငယ်ချင်း ဆေးရုံအုပ်ကြီး ဒေါက်တာသန်းအေးက ဒီ



အတိုင်းသာ မေ့ဆေးနဲ့ခွဲကုနေရရင် ခင်ဗျားကြာရင် ဦးနှောက်ပျက်သိမ့်မယ်တဲ့၊ ဆရာဝန်ကြီးဒေါက်တာကြည်ပေါလဲ ခွဲပေးဖူးတာပဲ၊ နှစ်ပေါင်း ၂၀ ကျော် ဒီဒုက္ခကြီး မပျောက်နိုင်ဘဲ တစ်လုံးခွဲလိုက်၊ ပျောက်သွားလိုက်၊ နောက်တစ်လုံးပေါ်လာလိုက်နဲ့ သံသရာလည်နေတော့တာပဲ၊ ဒီလိုနဲ့ တစ်နေ့တော့ စိန်ပုလဲနာရီရောင်းဝယ်ရေးကမန်နေဂျာဦးစိုးအောင်က ဆရာရေးတဲ့စာအုပ်လာပေးတယ်၊ ဦးသောင်းဖေ ဖတ်ကြည့်စမ်းတဲ့၊ အဲဒီစာအုပ်ထဲမှာ တပင်ရှေ့ထီးပင်ဆိုတာသွားတွေ့တယ်၊

အဲဒီ တပင်ရှေ့ထီးပင်နဲ့ ဦးသောင်းဖေအနာကို ကုရင် ပျောက်လိမ့်မယ် ထင်တယ်လို့လဲ ပြောပါတယ်၊ ဦးစိုးအောင်ကပဲ တပင်ရှေ့ထီးပင်ရအောင် ကမကထလုပ်ပေးပါတယ်၊ ဒါနဲ့ အဲဒီအပင်ကို ရန်ကုန်ကန်တော်ကြီးစောင်း သွားအခူးခိုင်းရပါတယ်၊ တစ်ခါ သွားအခူးခိုင်းရင် သွားခလာခ ကလေးတစ်ယောက်ကို ၁၅၊ ၂၀/– ပေးရပါတယ်၊ တိုတိုပြောရရင် အဲဒီတပင်ရှေ့ထီးပင်နဲ့ကြိတ်အုံပါတယ်၊ ဆီရွက်၊ တမာရွက်၊ ကျောက်ချဉ် သုံးမျိုးရောစပ်ပြီး အနာကို န်ဆေးပါတယ်၊ ဆရာ့ဆေးက ကောင်းလိုက်တာဆရာရယ်၊ အနာ ပျောက်တဲ့အပြင် အရင်က ခွဲထားတဲ့အနာရွက်တောင် မထင်တော့ ဘူး ချက်ချင်း အကောင်းပကတိဖြစ်သွားတာပဲ'

ဦးသောင်းဖေက ဝမ်းသာအားရ မနားတမ်းပြောပြရှာပါသည်။ ဒုက္ခဝေဒနာခံစားရသူ ပျောက်ကင်းသွား၍ ဝမ်းသာမှုခံစား သလို ဆေးသမားကျွန်တော်သည်လည်း ပီတိသောမနဿ ဖြစ်မိပါသည်။ တစ်ချိန်လုံး ဘေးမှ ပြုံး၍ နားထောင်နေသော စိန်ပုလဲ ဦးစိုးအောင်က–

'ကျွန်တော်ကလည်း ဆီးချိုရောဂါ ဖြစ်သေးတယ်ဆရာ၊ ဆီးချိုကြောင့် လည်ကုပ်မှာပေါက်တဲ့အနာတွေ မပျောက်နိုင်ဘဲဖြစ်နေ တာ၊ ဒါဒါ ဆရာ့တပင်ရှေ့ထီးကြိတ်အုံတာ ပျောက်သွားပဲဆရာ၊ နောက်တစ်ခုက အနာဖြစ်လျှင် ရှိန်းခိုက်လေး ရှုပေးတာက ကောင်း

www.burmeseclassic.com



တယ်နော်ဆရာ'

'ကောင်းတာပေါ့ ဦးစိုးအောင်ရာ၊ ရှိန်းခိုဟာ အနာအတွက် အကောင်းဆုံးဆေးဖက်ပဲဗျ။ ဘယ်လောက်ထိအောင် ကောင်းတုန်းဆိုရင် ၁၉၅၃–ခု၊ ဩဂုတ် ၄–ရက်နေ့ထုတ် အိုးဝေ သတင်းစာမှာ ဆောင်းပါးတစ်ပုဒ် မှတ်လိုက် ဖတ်လိုက်ရဖူးတယ်၊ အဲဒီဆောင်းပါးရေးသူကတော့ အထောက်တော်အယ်ဒီတာ ဦးတင်မောင်ကြီး ကိုယ်တွေ့ဖြစ်ရပ်ပဲ၊ ဂျပန်ခေတ်မှာ အင်္ဂလိပ်ဆေးဝါး ဆရာဝန် သိပ်ရှားပါးတဲ့အချိန်ကတဲ့၊ ဝေဒနာခံစားရတာက လက်ယာ ခြေသလုံးရိုးတွင်းချဉ်ဆီထဲက ကိုက်ခဲနေတာတဲ့၊ မအိပ်နိုင်မစားနိုင်ဘဲ အော်ဟစ်ခံစားနေရတာ ပြည်သူ့ဆေးရုံကြီးမှာသွားပြတော့ ဆရာဝန်ချုပ်က–

ဒီရောဂါ ဒူးခေါင်းအထက်နားက ဖြတ်ပစ်ရမှာတဲ့၊ နို့မဟုတ်ရင် ခြေသလုံးပုပ်ပြီး သေနိုင်တယ်တဲ့၊ ဖြတ်မယ် မဖြတ်ဘူးဆိုတာ ၃ ရက်စဉ်းစားပါတဲ့၊ ဒါနဲ့ အိမ်ပြန်လာရော အိမ်မှာလဲ နာလွန်း ကိုက်လွန်း ခဲလွန်းလို့ ၃ ရက်တောင် မစောင့်ချင်တော့ဘူးတဲ့၊ မိတ်ဆွေတစ်ယောက်ကို တိုင်ပင်ကြည့်တော့ မြန်မာ့ဆေး အထူးကျွမ်းကျင်တဲ့ သဘာဝဓမ္မာဆရာဘုန်းကြီးထံ သွားပြတော့ ဆရာတော်က ကြက်ဟင်းခါးရွက်က လက်တစ်ဆုပ်၊ မြက်မုန်ညှင်းဥက တစ်ကျပ်သား၊ ရှိန်းခိုက တစ်ပူးသား အဲဒီသုံးမျိုး ရောကြိတ်ပါတဲ့၊ အရည်ညှစ်ပြီး နံနက်စောစော ကိုက်ခဲနေတဲ့ခြေသလုံးကို လိမ်းပေးစမ်းလို့မိန့်တော်မူလိုက်သတဲ့၊ ဒါနဲ့ အဲဒီအတိုင်းလုပ်တော့ သက်သာပျောက်ကင်းသွားတယ်၊ ခုဆိုရင် ခြေသလုံးချင်းပြိုင်ရိုက်နိုင်အောင် ကျန်းမာသန်စွမ်းနေပြီတဲ့၊ အဲဒီလိုအံ့ဩဖွယ် အဖြစ်ကလေး ဖတ်ရဖူးပါတယ်၊ ဒါကြောင့် ရှိန်းခိုဟာ အနာငန်းမန်နိုင်တယ်၊ ကျွန်တော်တို့ ကျေးလက်တွေမှာ ယာထဲ သစ်ရွက်ခြောက်အမှိုက်တွေ မီးရှို့ရပါတယ်၊ ရှိန်းခိုကလေး လက်တစ်ဖက်နဲ့ ရှူရင် သစ်ရွက်ခြောက်ညှော်နံ့ ကောင်းကောင်းနိုင်ပါတယ်၊ အနာရှိရင်လဲ အနာမရင်းဘူးခင်ဗျ'



သူတို့ပဟုသုတလေးရရှိအောင် ကျွန်တော်တို့လည်းဘာမှမဟုတ်တာကလေးနှင့် ထိုင်ချီးမွမ်း ကျေးဇူးတင်စကားပြောနေသည့်ဘေးမှကင်းဝေးအောင် ရှိန်းခိုအစွမ်းသတ္တိ ဖြစ်ရပ်ကလေးတစ်ခုရှည်ရှည်ဝေးဝေးကလေး ပြောပြလိုက်ပါသည်။

သို့သော် မရပါ။ အစ်ကိုကြီးဦးသောင်းဖေက–

'ကြည့်စမ်းပါဦးဆရာရယ်၊ ကျွန်တော့်အနာဟာ အနှစ် ၂၀–လုံးလုံး ဆရာပေါင်းလဲ စုံပြီ၊ ခံစားရတဲ့ဒုက္ခဝေဒနာကလဲ ပေါ့သေးသေး မဟုတ်ဘူးဆရာ၊ တစ်ခါတစ်ခါဖြစ်ရင် လေးဘက်ထောက်ကုန်းအော်နေရတာ၊ အဲဒါ ဆရာ့ဆေးနဲ့မှ ပျောက်တာ၊ ဒါကြောင့် ကျေးဇူးကြီးမားလှပါတယ်ဆရာရယ်'

ဦးသောင်းဖေက ကျွန်တော့်ဘက်မြှားဦးလှည့်လာပါသောကြောင့် ကျွန်တော်မျက်နှာမထားတတ်တော့ပါ။ ထို့ကြောင့် အားလုံးကိုနှုတ်ဆက်ပြီး ကျွန်တော် ရန်ကုန်ရောက်တိုင်း ခေတ္တနားခိုလေ့ရှိသောဘုန်းကြီးကျောင်းသို့ လစ်ခဲ့ရသတည်း။

ထိုနေ့ ကျွန်တော့်ရင်ထဲ ပီတိတွေဖြာဝေနေပါသည်။ ဆေးသမားတစ်ယောက်၏ခံစားရသောပီတိကို အဘယ်အရာနှင့် လဲနိုင်ပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



# ယူနန်ပြည်နယ်သို့တစ်ခေါက်

( ၁ )

မကွေး၊ မင်းဘူး၊ အမ်း၊ တပ်တောင်၊ ကတ္တရာကား လမ်းမကြီးဖောက်လိုက်သောကြောင့် ရခိုင်ပြည်နယ်မှ တိုင်းရင်းသားများ မင်းဘူး၊ မကွေးမြို့သို့ ဒေသထွက်ကုန်ပစ္စည်းများ ဥဒဟို လာရောက်ရောင်းချကြပါသည်။

တချို့လည်း သွားလိုက်ပြန်လိုက်၊ တချို့လည်း ရခိုင်ကိုပင် မပြန်ကြတော့ပါ။ အိမ်ဝယ် မြေဝယ် အိမ်ငှား၍ မကွေးမှာပင် အခြေချနေထိုင်ကြပါသည်။

ရခိုင်ပြည်နယ် ဒေသထွက်ပစ္စည်းများ ရောင်းချကြသော အသက် ၃၀–၃၅ ဝန်းကျင်ရှိ မခိုင်၊ မကြော့တို့သည် ကျွန်တော် နေထိုင်သောအိမ်အနီး၌ ဈေးဆိုင်ဖွင့်လှစ် ရောင်းချကြပါသည်။ သူတို့ညီအစ်မသည် တိုင်းရင်းဆေးကို ဝါသနာပါသောကြောင့် ကျွန်တော်နှင့်ရင်းနှီးသွားပါသည်။

တစ်နေ့သောအခါ--- မခိုင်သည် အသက်(၄၀)ခန့်ရှိ အသားညိုညို ခပ်ဝဝ ရခိုင်အမျိုးသားတစ်ယောက်နှင့် ကျွန်တော့်အိမ်သို့ရောက်လာပါသည်။ မခိုင်က သူ၏မောင်တစ်ဝမ်းကွဲတော်စပ်သူဖြစ်ကြောင်း ပြောပြမိတ်ဆက်ပေးပါသည်။ သူ့အမည်မှာ ကိုဝင်းမောင် ဟူ၏။

ကိုဝင်းမောင်က–

'ကျွန်တော် ဆရာဦးဝင်းမြင့်ရဲ့စာအုပ်တွေ အမြဲဖတ်ပါတယ်၊ အထူးသဖြင့် 'ခရီးသွားဆေးသမား' ဆိုတဲ့စာအုပ်ကို ပိုပြီး သဘောကျပါတယ်'ဟုပြော၏။

'ကိုဝင်းမောင်--- အလည်သက်သက်လာတာလား'



'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်သမင်ချိုလိုချင်လို့'

'သမင်ချိုလား၊ ရပါတယ်ခင်ဗျာ၊ ကျွန်တော် ဟိုတလောက ပခန်းကြီးဘက်သွားရင်း ကြူရွာကိုရောက်သွား တယ်၊ ကြူရွာက ကြူရတနာ မောင်မြကြိုင်ဆိုတဲ့ ကျွန်တော့်မိတ်ဆွေစာရေးဆရာက သမင်ချို ပေးလိုက်တယ်၊ ဟော့ဒါပဲ---'

ကျွန်တော်ကပြောပြောဆိုဆိုနှင့် အိမ်ထရံတွင်ညှပ်ထားသော တစ်ထွာသာသာရှိ သမင်ချိုကိုယူပေးလိုက်တော့ ကိုဝင်းမောင်က ရယ်ပါသည်။

'ဒါ--- သမင်ချိုလေဗျာ၊ အစစ်ပါဗျာ---'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်လိုချင်တာက တစ်ထွာသာလောက်မဟုတ်ဘူးဆရာ၊ ပိဿာချိန်နဲ့ချီပြီး လိုချင်တာ'

'ဟောဗျာ အဲဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူးဗျာ၊ ဒါလောက်အများကြီး ဘာလုပ်ဖို့လဲဗျာ'

'တရုတ်ပြည်ဘက်သွားရောင်းမလို့'

'ဗျာ တရုတ်ပြည်ဟုတ်လား'

'ခင်ဗျား တရုတ်ပြည်သွားတဲ့အခါ ကျွန်တော့်ခေါ်စမ်းဗျာ'

'ဆရာက ဘာရောင်းမလို့ လိုက်ချင်တာလဲဗျ'

'လေ့လာချင်တာလေးရှိလို့ဗျာ'

( ၂ )

တရုတ်ပြည်နယ်စပ်သို့ သွားရောက်လေ့လာလိုခြင်း အကြောင်းရင်းမှာ တရုတ်များက မြန်မာကုန်သည်များထံမှ ကျားရိုးများကို (ကျားတစ်ကောင်လျှင်) ငွေကျပ်တစ်သောင်းခွဲ နှစ်သောင်း ပေးဝယ်နေကြသည်။ ကျားရိုးကို ဆေးဝါးဖော်စပ်ရာ၌ အသုံးပြုသည်ဆို၏။ ကျားရိုးအသုံးပြုနည်း (နည်းပညာ)ကို ကျွန်တော် အလွန်သိချင်နေပါသည်။ တရုတ်ပြည်သို့ ကျားရိုးသွားရောက် ရောင်းချသူ

www.burmeseclassic.com

www.burmeseclassic.com



များကို ကြုံလျှင်ကြုံသလို မေးမြန်းစုံစမ်းကြည့်သောအခါ---

'သူတို့ကတော့ ကျားရိုးကိုကိုင်ကြည့်တာနဲ့ ကျားရိုးစစ် မစစ် ပြောနိုင်သလို ခေါင်းရိုး၊ လည်တိုင်ရိုး၊ လက်ဖျံရိုး၊ လက်မြင်ရိုး၊ ညှပ်ရိုးစသည်ဖြင့် ကောင်းကောင်းကြီးခွဲခြားပြောနိုင်တယ်ဗျ'

'ဒါဖြင့် သူတို့ ကျားရိုးကို ဘာတွေအသုံးပြုသလဲ'

'ဆေးဝါးဖော်စပ်တဲ့အထဲ ထည့်တယ်ပြောတာပဲ၊ ကျုပ်တို့လည်း ဟိုတက်ကမ်း (တရုတ်ပြည်) ရောက်တော့ ကိုယ့်ကုန်ရောင်းရဖို့လောက် စိတ်ကူးနေကြတာဗျ၊ အဲဒါတွေ သတိမထားမိဘူးဗျာ'

ဟုတ်မည်။ သူတို့ကငွေရေးကြေးရေး စီးပွားရေးကိစ္စ သွားကြတာပဲ၊ ကျားရိုးကိုမြင်လျှင် ငွေဘယ်လောက်ရနိုင်မလဲဆိုတာတွေး၏။ ကျွန်တော်က ကျားရိုးကို သူတို့ဆေးဝါးဖော်စပ်ရာမှာ ဘယ်လိုအသုံးပြုကြလဲဟူသောအတွေးနှင့် အမြင်ခြင်းမတူပါပေ။

ကျွန်တော်တို့ တိုင်းရင်းမြန်မာနည်းကတော့ ကျားရိုးကို (လျှာပွတ်ဆေး)တွေထဲမှာ ထည့်သုံးကြပါသည်။ ကလေးသူငယ်များ ထိတ်လန့်တတ်လျှင် ကျားရိုးကိုသွေး၍ လျှာပွတ်ပေး၏။ အလွန်သဘောကောင်းသောခွေးကို ကျားရိုးသွေးတိုက်လျှင် ကိုက်၏။

ကျွန်တော်တို့နိုင်ငံမှကျားရိုးများ နေ့စဉ်နှင့်အမျှ ပိဿာချိန် ရာနှင့်ချီ၍ထွက်နေကြသည်။ မက်မက်မောမော ကြေးကြီးပေးဝယ်နေခြင်းကိုထောက်ရှုရသော် အင်မတန်အစွမ်းထက်သော ဆေးဝါးများ၌ ထည့်သွင်းရခြင်းကြောင့်ဖြစ်တန်ရာ၏။

ထို့ကြောင့် ကျွန်တော်သည် တရုတ်တိုင်းရင်းသမားတော်ကြီးများထံပြ၍ မေးလိုက်ချင်တော့၏။ သူတို့နှင့် ကျွန်တော်တို့ ရေခြား မြေခြား ဘာသာစကားခြားနား၏။ သွားရေးလာရေးလည်း အလှမ်းကွာဝေး၏။ သူတို့ထံသွားရောက်လေ့လာသော်၊ မိတ်ကောင်းဆွေကောင်းလို၏။ အထူးသဖြင့် ငွေလို၏။

ကံကောင်းသည်ဟုဆိုရပါမည်။ ကျွန်တော်တို့နိုင်ငံနှင့် တရုတ်အစိုးရတို့ တရားဝင်နယ်စပ်ကူးသန်းရောင်းဝယ်ခွင့်ပြုပါတော့



သည်။ ကံအားလျော်စွာ မန္တလေးမောင်မောင်ပြေစာပေမှ စာမူခငွေ အချပ်တစ်သောင်းရလာပါသည်။

ထို့ကြောင့် ကျွန်တော်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူလီမြို့သို့သွားချင်ကြောင်း (အိမ်သူ)ကိုတိုင်ပင်တော့–

'ဆေးပညာလေ့လာရေး သွားလာတာ အိမ်ထောင်ကျတာတည်းက ခုဆိုရင် နှစ်ပေါင်း(၃၀) နီးနေပြီ၊ မသွားနဲ့လို့ တစ်ခါမှ တားခဲ့ဘူး၊ ခုကိုယ်သွားမှာက ကိုယ့်တိုင်းပြည် ကိုယ့်ပြည် ကိုယ်ရွာ ကိုယ့်ရပ်သွားတာမဟုတ်ဘူးနော် စဉ်းစားဦး'

'စဉ်းစားပြီးပါပြီမိန်းမရာ'

'အင်း ပြောတော့လွယ်လွယ်ကလေးရယ် (သူများတွေ သွားတာ လာတာတွေက ငွေသိန်းနဲ့သောင်းနဲ့ချီပြီး) အမြတ်စွန်းရကြလို့ သွားကြတာ ကိုယ်သွားမယ့်ခရီးက ကျားရိုးကလေးဆေးနည်း အသုံးသိချင်လို့'

'ဟယ် မိန်းမရ ဆေးပညာဟာ ငွေကြေးနဲ့တန်းဖိုးဖြတ်လို့ရမလားကွ၊ ငွေမမက်စမ်းပါနဲ့၊ ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီး ရော့ခ်ဖဲလားက ဘာပြောတယ်မှတ်သလဲ၊ သူဌေးဆိုတာက ငွေရှိတာကလွဲလို့ ဘာမှ ရှိတာ မဟုတ်ပါဘူးဗျာတဲ့'

'ဟင်း သူပြောလိုက်ရင်ဒါပဲ'

'ငွေရှာတဲ့လူနဲ့ ပညာရှာတဲ့လူ မတူဘူးကွ၊ ကိုယ်တို့ပညာရှာတာက တစ်မျိုးသားလုံး ကျန်းမာချမ်းသာရေးအတွက်ကွ၊ သူတို့ ငွေတွေ အများကြီးရအောင်ရှာတာက သူ့အတွက်၊ အကောင်းဆုံးစားရက်သောက်မယ်၊ အကောင်းဆုံးဟိုတယ်မှာ သောက်မယ် စားမယ် ပျော်မယ် ပါးမယ်၊ မိန်းမ စိန်နားကပ် ဝယ်ပေးဖို့ ကားဝယ်ဖို့ တိုက်ဆောက်ဖို့ အဲဒါသူတို့ရည်ရွယ်ချက်အစွမ်းကုန်ပဲ၊ ခု ကိုယ်တို့က ကိုယ့်နိုင်ငံကထွက်တဲ့ကျားရိုးကို ကိုယ်လူမျိုးတွေအတွက် ကျန်းမာရေး ချမ်းသာရေးကိစ္စကွ'

'ဟိုက ကိုယ်သိချင်တာတွေ မေးချင်တာတွေ လွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးမှာတဲ့လား၊ အဲဒါလဲ စဉ်းစားဦးလေ'

'ဟာ---မိန်းမရ၊ ကိုယ်က ခရီးသွားဆေးသမားကွ၊ ဆေ
သတင်းထောက်၊ ဆေးမှုဆိုး ဟဲ--- ဟဲ--- မရရအောင် တောလိုက်
မုဆိုးများလို ဖွဲ့နဲ့လိုက်ရမှာပေါ့၊ လောကကြီးမှာ ဘယ်ကိစ္စမှ လွယ်
လွယ်မရဘူးလေ၊ ကြိုးစားရမှာပေါ့'

အိမ်သူက ကျွန်တော်မသွားဖြစ်အောင် အမျိုးမျိုးအခက်
အခဲတွေနှင့်တွေ့နိုင်ကြောင်း ပြောပါသည်။ သို့သော် ဘာပဲဖြစ်ဖြ
ကျွန်တော်ကတော့ အဖော်ကောင်းလျှင် သွားဖို့ဆုံးဖြတ်ထားပြ
ဖြစ်ပါသည်။

( ၃ )

များမကြာမီ သမင်ချိုကုန်သည် ကိုဝင်းမောင်သည် သ
မင်ချိုအိတ်ကြီးများနှင့်အတူကျွန်တော့်အိမ်ရောက်လာပါသည်။ တ
ရုတ်ပြည်သို့ သမင်ချိုများသွားရောင်းမည်၊ လိုက်မလားဟု မေး
'လိုက်မှာပေါ့ ကိုဝင်းမောင်ရာ ခင်ဗျားကို စောင့်နေတာ
ဗျ'

ကိုဝင်းမောင်သည် ကျွန်တော့်အိမ်မှာ သူ့ပစ္စည်းတွေ
ပြီးကျွန်တော်လိုက်မည်ဆို၍ ဝမ်းသာနေပါသည်။

နောက်တစ်နေ့ မကွေး-မန္တလေးထိပ်တန်းအမည်ရှိဟိ
နိုးကားကြီးဖြင့် ထွက်ခဲ့ကြပါသည်။ မှတ်မှတ်ရရတင်ပြရသော် ၁၉၈
ခု၊ မတ်လ(၁၇)ရက်နေ့။

မန္တလေးမှာ တစ်ညအိပ်ပြီးနောက်တစ်နေ့ လားရှိုးမြို့သို့
ထားဖြင့် ထွက်ခဲ့ကြပါသည်။ လားရှိုးရောက်တော့ 'ထွန်းလင်း'ဧည့်
ရိပ်သာတည်းကြပါတယ်။ ကျွန်တော့်အား အစစအရာရာ အ
ကူအညီပေးခဲ့လေ့ရှိသော လားရှိုးဆေးရုံအုပ်ကြီးဒေါက်တာကမ္ဘော
ဇခင်လှိုင်ထံသွားရောက်နှုတ်ဆက်ဂါရဝပြုပါသေးသည်။ ဆရာ ကြီး
ကကျွန်တော့်ကိုမြင့်လျှင် စာရေးဆရာ စိန်ခင်မောင်ရီကိုလည်း



သတိရကြောင်း ရယ်ရယ်မောမော ပြောပြ၏။

နောက်တစ်နေ့နံနက် (၆)နာရီအချိန်တွင် 'စိန်မြဝင်း'မည်သော မော်တော်ယာဉ်ဖြင့်ခရီးဆက်ကြရပါသည်။ လားရှိုးရုပ်ရှင်ရုံနားမှာ သွားစီးရ၏။ လားရှိုးမှသိန္နီသို့ (၃၆)မိုင်ဝေး၏။ မြေပြန့်ပါ။ အတက်အဆင်း သိပ်မများပါ။ သိန္နီရောက်ပြီး အထွက်မှာတော့ တောင်ပေါ်တက်ရပါပြီ။ ပို၍လည်း အေးလာ၏။ ကွတ်ခိုင်မြို့ရောက်တော့ နံနက် (၁၀)နာရီ ထိုးနေပါပြီ။ ကွတ်ခိုင်မှာ ကျွန်တော်တို့ ထမင်းစားကြသည်။ ကားဆရာက ထမင်းစားချိန် ကားတစ်နာရီ ခန့်နားမည်ဆို၏။

ကွတ်ခိုင်မှ စားသောက်ပြီးခရီး ဆက်ကြတော့ 'နန့်ဖတ်ကာ' မည်သောမြို့ကလေးသို့ ရောက်ခဲ့ပါသည်။ 'နန့်ဖတ်ကာ' 'မူဆယ်'သို့ ထွက်ခဲ့ကြ၏။ မူဆယ်ရောက်တော့ ညနေစောင်း (၃)နာရီခွဲအချိန်ရောက်နေပါပြီ။ မူဆယ်မှ တရုတ်ပြည်ဟိုဘက်ကမ်းလှမ်းမြင်နေရပါသည်။ ကျွန်တော်တို့ မူဆယ်မှာ တစ်ညအိပ်ဖြစ်ကြပါသည်။ မူဆယ်မှာ နှစ်နိုင်ငံကုန်စည်ကူးသန်းရေးအကောက်ခွန်ရှိသည်။ ကိုဝင်းမောင်သည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ အခွန်ငွေကိစ္စ လုံးပန်းနေပါသည်။

ကိုဝင်းမောင်သည် ခရီးအတွေ့အကြုံရှိသူဖြစ်ပါသည်။ ကျွန်တော့်မှာ ခရီးသွားသည်ဟုထင်မှတ်နေတာ ကိုဝင်းမောင်နှင့်တွေ့မှ ကျွန်တော်က သူ့ကို လက်မြှောက်အရှုံးပေးရ၏။

ကိုဝင်းမောင်ပြောပြသည်မှာ သူသည် ဒုတိယမြောက် သူ့သမီးကလေးမွေးပြီး တစ်ပတ်အကြာမှာ ခရီးထွက်သွားလိုက်တာ သူ့သမီးကလေး လေးနှစ်အရွယ်ရှိမှ အိမ်ပြန်ရောက်သောဟူ၏။

ကိုဝင်းမောင် ခရီးဆောင်အိတ်ကြီးထဲ၌ အသုံးအဆောင်ပစ္စည်းများ အစုံအလင်ပါသည်။ ယုတ်စွအဆုံး အဖော်ချုပ်သည့် အပ်နှင့်အပ်ချည်ပင်ပါ၏။

ကျွန်တော့်ကတော့ မှတ်စုစာအုပ်၊ ဗိတ်စရာစာအုပ် သုံး

www.burmeseclassic.com

www.burmeseclassic.com



လေးအုပ်နှင့် အနွေးထည်များပါသည်။

နောက်တစ်နေ့ ကျွန်တော်တို့သည် စက်လှေဖြင့် တစ်ဘက်ကမ်းသို့ကူးကြသည်။ ဟိုဘက်ကမ်းရောက်တော့ လယ်ထွန်စက်လို အသေးစားဟာမျိုးကလေးနှင့်စီး၍ မြို့ထဲသို့သွားကြ၏။ တစ်မိုင်ကျော်ကျော်ခန့်ဝေး၍ မြန်မာငွေ လူတစ်ယောက် ၅ ကျပ်နှုန်းပေးရပါသည်။

ရွှေလီမြို့သို့ရောက်ပြီ။ ကိုဝင်းမောင်ကတော့ သူသွားနေကြ ရောက်နေကြနေရာမို့ မထူးဆန်း။ ကျွန်တော်ကတော့ 'တောသားမြို့ရောက်'ပုံစံပါပဲ။ ဟိုကြည့်သည်ကြည့် လူတွေကြည့်။ တည်းခိုခန်းတွေကလည်း များလိုက်တာမှုလိုပေါက်။ 'အောလီ''ငြိမ်းချမ်းရေး' 'စိန်ကျားတည်းခိုခန်း' မြန်မာလိုရေးထားကြ၏။ အစိုးရတည်းခိုခန်းကတော့ 'ရွှေဖုံး'တဲ့ ငါးထပ်တိုက်ကြီး။ လယ်စိုက်ရှင်းပိုင် တည်းခိုခန်းပါတဲ့လေ။ တရုတ်လိုရေးထား၏။ ကျွန်တော်မေးသမျှ ကိုဝင်းမောင်က စိတ်ရှည်လက်ရှည်ဖြေပါသည်။

ကျွန်တော့်တို့ 'စိန်ကျားတည်းခိုခန်း'မှာတည်းကြပါသည်။ မှတ်ပုံတင်ပြ၊ အသက်ပြော၊ မိမိနေထိုင်သည့်မြို့ပြော။ တရုတ်ငွေ သုံးကျပ်ပေးလိုက်လျှင် တည်းခိုခွင့်ရပါသည်။

ကိုဝင်းမောင်က ရောက်သည်နှင့်တပြိုင်နက် သူ့လုပ်ငန်းစပါသည်။ သိပ္ပောင်းကျွမ်းပောင်းတွေလည်း ရောက်လာကြပါသည်။ ပထမရက် အလုပ်မဖြစ်ပါ။ ထမင်းကို နာရီပြန်နှစ်ချက်ထိုးမှ စားဖြစ်ကြပါသည်။

ထမင်းဆိုင်များကတော့ တရုတ်တွေရော၊ မြန်မာတွေပါ ရောင်းကြပါသည်။ လက်ဖက်ရည်၊ ကော်ဖီ၊ ပုန်ပုဟင်းခါး၊ ခေါက်ဆွဲ၊ ခါကျာမုန့်၊ ထပ်တစ်ရာ အစုံရပါသည်။ လက်ဖက်ရည်တစ်ခွက်လျှင် မြန်မာငွေ(၃)ကျပ်ခန့်ကျ၏။ ထမင်းတစ်ပွဲ မြန်မာငွေ ၂၀ ကျပ်လောက်ကျပါသည်။

⊙



## ဦးကျုံစိန်း

ညနေစောင်းတော့ ဦးကျုံစိန်းဆိုသူရောက်လာပါသည်။ အရပ်ပုပု၊ မျက်ခွံမို့မို့ အသက် (၆၀) ကျော်လောက်ရှိပြီ။ ကိုဝင်းမောင်နှင့် လွန်ခဲ့သောသုံးနှစ်ကတိုင် သိပ္ပောင်းကျွမ်းပောင်းဟုဆို၏။ ကိုဝင်းမောင်က ကျွန်တော့်ကို ဦးကျုံစိန်းနှင့်မိတ်ဆက်ပေးပါသည်။

'မြန်မာသမားတော်ပါ'ဟုမိတ်ဆက်ပေးတော့ ဦးကျုံစိန်းက ဝမ်းသာအယ်လဲဖြင့် လက်ဆွဲနှုတ်ဆက်ပါသည်။ ဦးကျုံစိန်းသည် မြန်မာလို ကောင်းကောင်းပြောတတ်ပါသည်။ သို့သော် သူ့ စကားဝဲလှ၏။ အတော်နားစိုက်ထောင်ယူရသည်။

'----လဲ၊ ကျားရိုးပါလား'

'ကျားရိုးမပါပါ၊ လေ့လာချင်လို့လိုက်လာတာပါ'

'လေ့လာချင်လို့'ဟူသောစကားကြားရသော ဦးကျုံစိန်းသည် အတော်အံ့ဩသွားပါသည်။

ဦးကျုံစိန်းက–

'ဘာများ လေ့လာချင်ပါသလဲ'ဟု မေး၏။

'ကျွန်တော်တို့မြန်မာနိုင်ငံက ကျားရိုးကို တရုတ်ပြည်က ဝယ်ကြပါတယ်၊ အဲဒီကျားရိုးကို ဘယ်လိုနေရာတွေမှာ အသုံးပြုကြသလဲဆိုတာသိချင်လို့ပါ'

ဦးကျုံစိန်းက အတန်ကြာစဉ်းစားပြီးမှ–

'ကျားရိုးကို ဆေးဝါးဖော်စပ်တဲ့နေရာမှာ အသုံးပြုကြပါတယ်၊ လေ့လာချင်တယ်ဆိုရင် တရုတ်သမားတော်ကြီးတစ်ဦးနှင့် တွေ့ပေးမယ်လေ၊ နှစ်ရက်လောက်တော့စောင့်ပါဦး' ဟုပြောပါသည်။ ကျွန်တော်ဝမ်းသာသွားပါသည်။

နောက်တစ်နေ့တွင် ကိုဝင်းမောင်၏သမင်ချိုများ ရောင်းရပါသည်။ နယ်စပ်ရောင်းဝယ်ရေးမှာ အကောက်ခွန်ဆောင်ပြီး ငွေကျပ်သုံးသောင်းလောက် အမြတ်ကျန်သည်ဟုသိရပါသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမောင်က ကျွန်တော်ပါလာတာ သူ့အဖို့လာဘ်ကောင်းသည်ဟု ဆိုကာ ကျွန်တော်သုံးရန် ငွေတစ်ထောင်ထုတ်ပေးပါသည်။ မောင်မင်းကြီးသား သမင်ချိုကုန်သည် ကိုဝင်းမောင်တစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု ဆုတောင်းရပါသည်။

နောက်တစ်နေ့ နံနက် (၉)နာရီအချိန်တွင် ကျွန်တော်တို့ တည်းခိုဆောင်သို့ ဦးကျုံစိန်း ရောက်လာပါသည်။ ကျားရိုးများချက်လုပ်သော တရုတ်သမားတော်ကြီးအိမ်သွားကြရအောင်ဟုဆို၏။

ထို့ကြောင့် ကျွန်တော်၊ ကိုဝင်းမောင်၊ ဦးကျုံစိန်း သုံးယောက်သား ထွက်ခဲ့ကြပါသည်။ ရပ်ကွက်နှစ်ရပ်ကွက်မျှ ခြေလျင်လျှောက်ရ၏။ ဆံသဆိုင်ကလေးနှင့် ကုန်စုံဆိုင်ကလေးရှိရာ လမ်းကြောင်းသို့ဝင်လာသောအခါ ခြံအကျယ်ကြီးတစ်ခုတွေ့ရ၏။

ခြံဝ၌ (၇၀)ကျော်အရွယ်ခန့် တရုတ်အဘိုးကြီးတစ်ဦးကို တွေ့ရပါသည်။ ဦးကျုံစိန်းက ဝမ်းသာအားရ တရုတ်လိုနှုတ်ဆက်စကားပြောသည်။ ပြီးတော့ ကျွန်တော်နှင့်ကိုဝင်းမောင်ကို မိတ်ဆက်ပေးပါသည်။

တရုတ်သမားတော်ကြီးများက ကျွန်တော့်ကို တအံ့တသြဖြင့်ကြည့်၏။ သူ၏မျက်လုံးအိမ်အတွင်း၌ ကြင်နာတတ်သော အရိပ်အရောင်များ တွေ့မြင်ရပါသည်။ ပြုံးချိုသော မျက်နှာထားဖြင့် ကျွန်တော်တို့ကို သူ့အိမ်ထဲသို့ ခေါ်ပါသည်။

တရုတ်ရိုးရာပုံစံအတိုင်း အခန်းတွင်း၌ ဆင်ယင်ထားပါသည်။ သမားတော်ကြီးက ရေနွေးကြမ်းဖြင့်ဧည့်ခံသည်။ များမကြာမီ အသက်(၃၁)နှစ်ခန့်ရှိ လူငယ်တစ်ယောက်က အချင်းတစ်လက်မခန့်ရှိ မြန်မာကောက်ညှင်းကျည်ထောက်သဏ္ဌာန် အရှည် လေးလက်မခန့်ရှိ ပစ္စည်းနှစ်ခု ယွန်းဗန်းကလေးနှင့်ထည့်ယူလာသည်။

တရုတ်သမားတော်ကြီးက တရုတ်လိုပြော၏။ ဦးကျုံစိန်းက ဘာသာပြန်ပါသည်။

ယခုပစ္စည်းသည် ကျားရိုးကိုချက်လုပ်ထားပြီးဖြစ်ကြောင်း မြို့တော်ပီကင်းသို့ ပို့ရကြောင်း။ ပီကင်းကမှတစ်ဆင့် ကျုံကျုံနတ်ဆိပ်ဘူးခွံကပ်ကာ ဥရောပဈေးကွက်သို့ပို့ကြောင်း အကျယ်တဝင့်ရှင်းပြပါသည်။

ထို့နောက် တရုတ်သမားတော်ကြီးက ကျားရိုးချက်လုပ်နည်း ပြဦးမည်ဟုဆိုကာ ခြံကြီး၏အရှေ့မြောက်ထောင့်တွင်ရှိသော သွပ်အမိုးအကာဖြင့်ဆောက်လုပ်ထားသော အဆောက်အဦးကလေးတစ်ခုထဲသို့ ခေါ်လာပါသည်။

မီးကျည်ခဲများဖြင့်ရဲနေသောမီးဖိုထက်ဝယ် ကျွန်တော်တို့မြန်မာများအသုံးပြုသည့် နှမ်းမနဲထိုးသည့်မိုးပြဒယ်ကြီးတစ်ခုမီးဖိုပေါ်တင်ထားသည်။ လူတစ်ယောက်သည် အရည်များကို မရပ်မနား မွှေပေးနေသည်။

တရုတ်သမားတော်ကြီးက တရုတ်လိုပြော၍ ဦးကျုံစိန်းက မြန်မာလို အောက်ပါအတိုင်း ဘာသာပြန်ပြောပါသည်။

'ကျားရိုးကို ရေစင်စင်ဆေးရမယ်တဲ့၊ ဆေးပြီးတဲ့အခါ မိုးပြဒယ်ကြီးထဲထည့်ရမယ်၊ မီးဖိုပေါ်တင်တာနဲ့တစ်ပြိုင်နက် မီးအပြတ်မခံရဘူးတဲ့၊ နေ့ရောညပါ လူလဲနဲ့မီးထိုး မီးထည့်ပေးရမယ်၊ နာနာမွှေပေးရမယ်၊ ရေလည်း ခမ်းမသွားရဘူးတဲ့၊ ရေလို ရေထည့်ပေါ့၊ အဲဒီလိုနဲ့ ခုနစ်ရက်တိတိကျိုချက်ရမယ်၊ အဲဒီအခါ ကျားရိုးတွေဟာ ကြေမွသွားပြီး ကော်ရည်လိုဖြစ်လာမယ်တဲ့၊ အဲဒီလို ဖျစ်လာတဲ့အခါ ကျည်တောက်သန့်သန့်ထဲလောင်း ထည့်ရမယ်၊ အအေးခံပြီး ဝါးကျည်တောက်ကိုခွဲလိုက်ရင် စောစောကပြတဲ့အတိုင်း အတောင့်လေးတွေရလာမယ်တဲ့'

'ဟုတ်ကဲ့ခင်ဗျား၊ ကျားရိုးချက်လုပ်ပုံတော့သိရပါပြီ၊ ဘယ်ရောဂါများ အသုံးဝင်သလဲဆိုတာသိရပါစေ'

ထုံးစံအတိုင်း ဦးကျုံစိန်းက တရုတ်သမားတော်ကြီးကို တရုတ်လိုပြော၏။ တရုတ်သမားတော်ကြီးက ပြုံးရွှင်သောမျက်နှာထားဖြင့် ကျွန်တော့်ကိုလှမ်းကြည့်ကာ ရှည်လျားစွာ တရုတ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးကျုံစိန်းက အောက်ပါအတိုင်း ဘာသာပြန်ပြောပြပါသည်။

'ခရီးဝေးကြီးကလာတဲ့ မြန်မာပြည်သားသမားတော်ကလေးကို လေးစားပါတယ်တဲ့၊ ဒါကြောင့် မချွင်းမချန်ကျားရိုးအသုံးပြုပုံ ပြုနည်းများကို ပြောပြသွားပါမည်တဲ့၊ လေးလက်မ အရှည် အရွယ်ရှိ ကျားရိုးချက်လုပ်ပြီးသားကို တစ်ကျပ်သားခန့် အလေးချိန်ချိန်တွယ်ယူပြီး ကြက်တစ်ကောင်ကို အတွင်းထဲမှ ကလီစာများအားလုံးထုတ်ပစ်ပါတဲ့၊ ဝမ်းဗိုက်ထဲကို ကျားရိုးပေါင်းပြီး တစ်ကျပ်သားထည့်ပြီး ပေါင်းအိုးနဲ့ပေါင်းရပါမယ်၊ ပေါင်းလို့ရတဲ့အရည်ကို စနစ်တကျသောက်ဖို့လိုအပ်ပါတယ်၊ အဲဒီကြက်ပေါင်းရည်ကိုသောက်မယ့်လူဟာ ဆံပင်ကိုရိတ် (ခေါင်းတုံး) ပစ်ရမယ်တဲ့၊ ရေမိုးချိုးသန့်စင်ပြီး ပေါင်းရည်နဲ့အသားတွေကို အဝစားရမည်တဲ့၊ စားသောက်ပြီးတာနဲ့ တစ်ပြိုင်နက် အိပ်ရေးဝအောင်အိပ်ပစ်လိုက်ပါတဲ့၊ ထိုသူ အိပ်ရာမှ နိုးထသောအခါ ကျားကြီးပမာကြံ့ခိုင်ပြီး အပူဒဏ် အအေးဒဏ်ခံနိုင်မယ်၊ ငှက်ဖျား မဖျားတော့ဘူး၊ လေမဖြတ်တော့ဘူး၊ ပြီးတော့ အပင်ပန်းလည်း ခံနိုင်တယ်တဲ့'

ကျွန်တော်အားရကျေနပ်သွားပါသည်။ ကျွန်တော်၏ ဖခင်အရွယ်မျှရှိပြီဖြစ်သော တရုတ်သမားတော်ကြီးကို ဗုဒ္ဓဘာသာမြန်မာလူမျိုးပီပီ ထိုင်၍ဦးချကန်တော့လိုက်ပြီး ကျွန်တော် အမြတ်တနိုးကိုင်တွယ်လေ့ရှိသော ပတ်ကားဘောလ်ပင်လေးကို တရုတ်သမားတော်ကြီးလက်ထဲ တရိုတသေ ပေးအပ်လိုက်ပါသည်။

ထိုအချိန် ထိုအခါက ကျွန်တော်တို့ဝန်းကျင်၌ မင်္ဂလာအပေါင်းနှင့်သာယာခညောင်းနေသည်ဟုထင်ပါသည်။ သူ့ကျေးဇူးသိတတ်ခြင်းသည် မင်္ဂလာတစ်ပါး မဟုတ်ပါလား။

◈



# လွယ်လွယ်မရခဲ့ပါ

## ( ၁ )

တစ်ညနေစောင်း။

နှစ်ထပ် အိမ်အိုတစ်အိမ်အောက်၌ ပိုးပဝါပျော့ကလေးခေါင်းမှာပတ်၍ ကွမ်းတမြုံ့မြုံ့ဝါးနေသော အဘိုးအိုတစ်ဦးနှင့်အဘိုးအို၏မလှမ်းမကမ်းတွင် 'နရသုခ'ဆေးကျမ်းစာအုပ်ကို ရှိသေစွာ ဒူးတုပ်၍ဖတ်နေသော လူငယ်တစ်ဦးတို့ကို တွေ့မြင်ရပါလိမ့်မည်။

'မင်း ဒီနေ့ဘာဖြစ်တာလဲ နှာခေါင်းတရှုံ့ရှုံ့နဲ့'

အဘိုးအိုက လူငယ်ကိုမေး၏။

လူငယ်က နှာခေါင်းပွတ်ရင်း–

'ကျွန်တော်နေ့လယ်က စွန်လွှတ်ပါတယ်၊ စွန်လွှတ်ပြီးပြန်လာတော့ အမေက ဈေးရောင်းဖို့ ဆေးလိပ်ကုန်နေလို့သွားဝယ်ပေးရပါတယ်၊ အပြန်ကျ ကျွန်တော်ရေချိုးမိပါတယ်'

'အင်း နေပူထဲ အသွားအလာများပြီး မဆင်မခြင်ရေချိုးပစ်တာကိုး၊ ဆေးကျမ်းတွေ ဒါလောက်ဖတ်ကျက်နေပြီး ဆင်မြင်မှုမဲ့ နေပါဦး ဒီအရွယ်ကြီးကျမှ စွန်ကလွှတ်ချင်ရသေးလား'

လူငယ်ကငြိမ်နေသည်။

'အေး လောကကြီးမှာ နိဗ္ဗာန်ချမ်းသာ သုခရဖို့နည်းလမ်းတွေကို ဘုရားရှင် ဆိုဆုံးမဟောကြားတော်မူခဲ့တဲ့တရားတွေ အများကြီးပဲ ဖတ်ထား သိထားပြီး မလိုက်နာရင်အလကားပဲ၊ ဒီလိုပဲ မင်းလဲဆေးပညာ ဆေးစာတွေတတ်ထားပြီး မလိုက်နာရင် အလကားပဲ'

လူငယ်က ဘာမှပြန်မပြောဝံ့။ ငြိမ် ၍နားထောင်နေသည်။

'ကဲ အခု မင်းနှာခေါင်းပိတ်နေပြီ၊ တရှုံ့ရှုံ့နဲ့ မင်း ဘာဆုပ်မလဲ၊ ဘာဆေးသောက်မလဲပြော'

'ကျွန်တော် အိမ်ရောက်ရင် ချင်းသုံးလွှာလောက် ကွမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှက်နှစ်ရှက်လောက်၊ ထန်းလျက်တစ်လုံးထည့်ပြုတ်ပြီး၊ အဲဒီ ပြုတ်ရည်ကိုသောက်ပါမယ့်'

'အေး ဟုတ်ပြီ၊ အဲဒါ အိမ်ကျသောက်ချင်လဲ သောက်ပေါ့၊ အခုလောလောဆယ် ပျောက်ဖို့အရေးကြီးတယ်၊ ထစမ်း ဟိုပန်းကန်စင်ပေါ်က အညိုရောင်ဆေးပုလင်းယူခဲ့စမ်း'

လူငယ်က ဆေးပုလင်းကို တရိုတသေထယူပေးလိုက်၏။

အဘိုးအိုက ပုလင်းထဲမှဆေးမှုန့်အနည်းငယ်ကို လူငယ်၏လက်ထဲ ထည့်ပေးလိုက်၏။

'ရော့– အဲဒါရှူ'

လူငယ်ကနှာဝ၌ ပွတ်၍ရှူလိုက်သည်။ ဆေးက ပြင်းပါဘိ။ အနည်းငယ်ရှူလိုက်ရုံမျှနှင့် မွှန်စူးသွားပြီး 'ဟတ်ချိုး''ဟတ်ချိုး' နှင့် ချေဆတ်ပါတော့သည်။ မျက်ရည်ပူတွေကျလာ၏။ နှာရည်တွေ တရွှဲရွှဲ၊ နဖူးပြင်နှင့်ကုတ်တို့မှ ချွေးများစို့လာသည်။ စောစောက ပိတ်ဖွဲ့ခြင်းခံရသမျှ ယခု အနိုးအာကာသ ပွင့်လင်းလာပါသည်။

အဘိုးအိုက–

'မှတ်ထားကွ၊ မင်းကဆေးဆရာလုပ်မယ့်ကောင်ဆိုတော့ ခုလို နှာဆေးကောင်းတစ်လက်လည်း အဆင့်သင့်ရှိထားရမယ်ကွ၊ လောကကြီးမှာ ဆေးအတတ်ပညာကို သိထားရုံနဲ့မရဘူး၊ လက်တွေ့လည်းရှိထားရမယ်ကွ၊ အဲဒီနှာဆေးနည်းကို တို့ပခုက္ကူမြို့၊ မဟာဝိသုဓာကျောင်းတိုက်မှာ စာသင်သားဦးဇင်းဘဝက ရခဲ့တဲ့ဆေးနည်းပဲ၊ တို့များ တိုက်အုပ်ဆရာတော်ကြီးက ဦးဇင်းတွေ ကိုရင်တွေ ကျောင်းသားတွေ ဖျားမယ် နာမယ် ကိုယ်လက် အဆစ်အမြစ်ကိုက်ခဲမယ်၊ တစ်ကိုယ်လုံး ညောင်းတောင့်နေမယ်ဆိုရင် အဲဒီနှာ အရှူနိုင်းလိုက်တာပဲ၊ ဖျားတာ ကိုက်တာ ခဲတာ ပြေးပေရော့'

ထိုကဲ့သို့ စိတ်လိုလက်ရပြောပြနေသော အဘိုးအိုမှာ မကွေးမြို့မှဆေးဆရာကြီး ဦးဘိုးမင်းဖြစ်၏။ နားထောင်နေသော လူငယ်မှာ စာရေးသူပင်ဖြစ်ပါသတည်း။



သည်းခြေဖျားမှာ လက်ဖဝါး ခြေဖဝါးပူ၍ ဆီးပူခြင်း [illegible]တ်ချုပ်ခြင်းဖြစ်၏။ သည်းခြေဒေါသကို လိမ်းဆေးဖြင့်ကုသကြ[illegible]သည်။ ဒွါရပေါက်များမှလည်း ပွင့်၍ကုရပါသည်။ စာဖတ်သူ[illegible]။ ကျွန်တော်ကဆေးသမားဆိုတော့ 'ဆေးစကား' 'ဆေး[illegible]ဟာရ' တွေပြောမိပါသည်။ သည်းခံခွင့်လွှတ်ပါ။

( ၃ )

ကျွန်တော် လက်သုံးရှူဆေးအကြောင်းဆက်ပါဦးမည်။ [illegible]ငုပ်၍၊ သွေးငုပ်၍၊ ရေချိုးမှား၍၊ ကိုယ်လက်ကိုက်ခဲခြင်းများကို [illegible]ဆေးအကျော်နှင့် ကုသလေ့ရှိပါသည်။ သွားလေရာ အမြဲနှာဆေး[illegible]၏။ ရပ်ထဲရွာထဲမှကျွန်တော့်ကို 'နှာဘူးဆရာ'တဲ့ထားပါတော့၊ [illegible]တို့ဘယ်လိုပဲပြောပြော ဘယ်လိုပဲခေါ်ခေါ်–

ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်လက်သုံး နှာ[illegible] အကျော်အမော်နည်းကလေးကို ပြောပြချင်ပါသည်။ လွယ်[illegible]ည်း လွယ်ကူပါသည်။ ကျွန်တော်တို့ဆရာကြီးဦးဘိုးမင်းက [illegible]ခဲ့သော နှစ်ပေါင်း (၂၅)နှစ်လောက်က နှုတ်တိုက်ချပေးခဲ့သော [illegible]ကလေး။

'တြိ၊ ကျည်း။ ခ၊ ဇီဝက
ခေါ်ကြနှာဆေးနည်း။
ဆေးတစ်ကျပ်ကို
ဓာတ်ပွိုလ်ထည့်လို့ တစ်လုံးတည်း။
သဗ္ဗရောဂါ အန္တရာ
မြန်စွာပျောက်သည်ချည်း။
ဆေးမည်နာမ ဇီဝက
တတ်ကြ လိပ်ကမ္ဗည်း
အဓိပ္ပာယ်မှာ တြိကဋုတ်သုံးပါးခေါ်သော ငရုတ်ကောင်း၊
[illegible]င်း၊ သဘော်ချင်းခြောက်၊ ကျည်းသီးအဆန်၊ ခရားသီးဆံ

www.burmeseclassic.com



တစ်ကျပ်သားစီစုပြီး ဇာတိပ္ပိုလ်သီးတစ်လုံးထည့် ၍ အမှုန့်ပြု ပုလင်းထဲထည့်ထား၊ လိုသောအခါ အနည်းငယ်မျှယူ၍ နှာဝ၌ပွတ်ပေးသော် ချေဆတ်ပြီး အကိုက်အခဲဝေဒနာများ လျင်မြန်စွာ ပျောက်ကင်းပါသည်။

ယခု ကျွန်တော်ရေးပြလိုက်တာ လွယ်ပါသည်။ ထိုဆေးနည်းတစ်လက် ရရှိဖို့အရေး လွယ်လွယ်မရခဲ့ပါ။ ဆရာကြီးအိမ်မှာ ထင်းခွဲ၊ ရေခပ်၊ လက်တိုလက်တောင်း လုပ်ပေးရသည်။ ဆရာကြီးနောက်ပါးမှ ဆေးလွယ်အိတ်ကိုလွယ်၍ လိုက်ခဲ့ရ၏။

ဟိုတုန်းက ဆေးကျမ်းကြီးများကို ကျက်ဖတ်ခဲ့ရာ၌ ဆေးအသုံးအနှုန်း ပါဠိဝေါဟာရတွေကို နားလည်ရန်ခက်ခဲပါသည်။ မသိ၍မေးချင်သော်လည်း ဆရာကြီး၏မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍မေးရပါသည်။ ရှေးက ဆေးကျမ်းကြီးများ၌ ဤဆေးသည် 'မေဟနာ' နှင့်သင့်၏ဟုဖော်ပြ၏။ 'မောဟနာ'ဆိုတာ ဘာမှန်းမသိ။

တစ်ခါ 'ဝါတရက်နာ'ဖြစ်လျှင် ဤဆေးနှင့်သင့်လျော်၏ ဟုဆိုပြန်၏။ 'ဝါတရက်နာ'ဆိုတာ ဘာမှန်းမသိ။

ထို့ကြောင့် ဆေးကျမ်းကြီးကို လက်မှာအမြဲကိုင်၍ တစ်နေ့ တစ်မျက်နှာမျှ ဆရာကြီးက မြန်မာလိုရှင်းလင်းပြသပါသည်။

'မေဟနာ'ဆိုတာ ဆီးလွန်တာပြောတာကွ၊ ဆီးပျစ်ခဲလာတဲ့ရောဂါ၊ အဲ- ဝါတစ်ရက်နာဆိုတာက လေနဲ့သွေးလွန်ပြီးဖြစ်တဲ့ အနာပါကွာ၊ ခုကာလပြောကြတဲ့ လေးဘက်နာရောဂါလိုဟာမျိုးကိုပြောတာ၊ အဆစ်အမြစ် ကိုက်ခဲတာကွ' ဟု ရှင်းပြ၍ ကျွန်တော်တို့သိကြရပါသည်။

ကျွန်တော်တို့ လွယ်လွယ်မရခဲ့ပါ။ ခက်ခက်ခဲခဲ ကျက်မှတ်ခဲ့ရပါသည်။ ထိုရခဲ့သမျှသော ဆေးဗဟုသုတ၊ ဆေးနည်းကောင်းလေးများကို အများနားလည်အောင် အထူးသဖြင့် တိုင်းရင်းဆေးပညာအပေါ် အားလျော့စိတ်ပျက်မှုမရှိစေရန်အတွက် တတ်စွမ်းသရွေ့ အစီရင်ခံရခြင်း ဖြစ်ပါသတည်း။



# ရင်ဝယ်အေးမြနေပါသည်

၁၉၈၇-ခုနှစ်၊ မေလ။

စာရေးသူသည် သာစည်မြို့ 'ခိုင်ရွှေဝါ' စားသောက်ဆိုင်အတွင်း၌ ဦးကျော်တင့်နှင့်အတူ နံနက်စာစားသောက်နေကြပါသည်။ ဦးကျော်တင့်သည် ခိုင်ရွှေဝါစားသောက်ဆိုင် ပိုင်ရှင်ဖြစ်ပါသည်။ သူသည် ကျွန်တော် သာစည်မြို့ရောက်လာတိုင်း ထမင်းဖိတ်ကျွေးလေ့ရှိပါသည်။

ဦးကျော်တင့်၏စားသောက်ဆိုင်သည် မြန်မာ၊ တရုတ် ဟင်းလျာမျိုးစုံနှင့် အဖျော်ယမကာများရောင်းသောဆိုင်ကြီးဖြစ်ပါသည်။ ထို့ကြောင့် မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီးသွားသည့် ဘတ်စ်ကားများ၊ ကုန်တင်ကားများ တစ်ထောက်နား ဝင်ရောက်စားသောက်ကြသောကြောင့် အမြဲလိုလို ပြည့်ကျပ်စည်ကားနေပါသည်။

ကျွန်တော်တို့ ထမင်းစားသောက်ပြီး ရေနွေးကြမ်းသောက်နေစဉ် လောင်စာဆီများ တင်ဆောင်လာသော ဘောက်ဆာကားနှစ်စီး ဆိုင်ရှေ့ထိုးဆိုက်၏။ ကားပေါ်မှ လူ (၅)ယောက်ဆင်းလာသည်။ ထိုငါးယောက်အနက် နောက်ဆုံးဆင်းလာသော လူငယ်ကို မြင်လိုက်ရသောအခါ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ထိုလူငယ်၏ မျက်နှာ၌ လောလောလတ်လတ် မီးလောင်ထားသော ဒဏ်ရာများ အမာအပိမ့်များ မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ဦးကျော်တင့်၏ဖောက်သည် မိတ်ဟောင်းဆွေဟောင်းများဖြစ်ရော့ထင့်။ ဦးကျော်တင့်က-

'ဦးသန်းထိုက်တို့ ဘယ်လိုဖြစ်လာကြတာလဲ'

'ပြော မပြောချင်တော့ပါဘူး ဦးကျော်တင့်ရယ်၊ ညက ကျွဲလာမှာကားနားကြရင်း အသိတစ်ယောက်ကားဆီကို ဒီကောင်က ဓာတ်မီး ၊စ်ထဲထည့်ချင်လို့ သွားတောင်းထည့်ရင်း ဝုန်းခနဲ သူ့မျက်နှာ မီးလောင်ခဲ့ရတာပဲ၊ ကံကောင်းလို့ တစ်ကိုယ်လုံး မီးလောင်တာ'

www.burmeseclassic.com

www.burmeseclassic.com



'အခု ဘာဆေးတွေလိမ်းထားတာတုန်း'

'ညက သမဆေးခန်းသွားပြီးပြတယ်၊ ဆေးထိုးတယ်၊ ခရမ်းရောင်ဆေး လိမ်းပေးလိုက်တာပဲ'

ကျွန်တော်က သူတို့အချီအချပြောနေသည်ကို နားထောင်ပြီး–

'အေးဗျာ--- မျက်နှာ မီးလောင်ခံရတာမကောင်းဘူးဗျ၊ လူငယ်လူရွယ်ဆိုတော့ ပိုဆိုးတာပေါ့၊ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားနိုင်တယ်---၊ အဲဒီတော့ ကျွန်တော် ဆေးနည်းလေးပေးလိုက်မယ် အဲဒါကို အမြန်ဆုံးလုပ်ကြဗျာ---'

'လုပ်ပါ့မယ်ခင်ဗျာ---၊ ဆေးနည်းသာပြောပါ'

'မခက်ပါဘူး။ ကျွန်တော်တို့ မြန်မာကြက်ဥပေါ့ဗျ၊ အတွင်းထဲက အဝါအနှစ်ကိုယူဗျာ၊ အုန်းဆီက ကွမ်းတစ်လုံးသာသာထည့်၊ ပြီးတော့ ထုံးက မန်ကျည်းစေ့လောက်ထည့်ဗျာ၊ အဲဒါဖျော်ပြီး လိမ်းပေးစမ်းဗျာ---'

ဦးကျော်တင့်က–

'ဦးသန်းတို့ ကံကောင်းတာ၊ အခုပြောနေတဲ့ဆရာက စာရေးဆရာ၊ ဆေးဆရာ မကွေးဝင်းမြင့်ဗျ၊ သူပေးတဲ့ဆေးနည်းကို ယုံယုံကြည်ကြည်လိမ်းဗျ'

'ဩော်--- အုန်းမှုတ်ခွက်နင်း ရောဂါကင်း စာအုပ်ရေးတဲ့ မကွေးဝင်းမြင့်လား၊ တွေ့ရတာ ဝမ်းသာလိုက်တာဆရာရယ်၊ ဆရာပြောတဲ့အတိုင်း ကျွန်တော်တို့ လိမ်းပေးလိုက်ပါ့မယ်---'

မီးလောင်ခံရသောလူငယ်မှာ မျက်နှာ မသာမယာနှင့် စိတ်ပျက်အားငယ်စွာ ငေးမော နားထောင်နေရှာပါသည်။ ထို့ကြောင့် ကျွန်တော်က အားပေးစကားပြောရ၏။

'ငါ့ညီ၊ ဘာမှစိတ်မပျက်နဲ့ အားမငယ်နဲ့ကွ၊ ဒါဟာ လောကသဘာဝပဲ ဒီလိုပါပဲ၊ ဖြစ်တတ် ပျက်တတ်ကြပါတယ်---'

လောကသဘာဝအရ နေ့ချင်းညချင်းဆိုသလို ပြောင်းလဲ



ဘတ်ပါသည်။ ဟိုတုန်းက စားပွဲပေါ် ပန်ကာအောက်၌ အလုပ်လုပ်ခဲ့သောပုဂ္ဂိုလ်များ ယခု ဆန်ကုန်သည် ဆီကုန်သည်လုပ်နေကြ၏။ တစ်ချို့ ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲဖြစ်သွား၏။ တစ်ချို့များဆိုလျှင် မမျှော်လင့်သောနေရာ၌တွေ့ရပြီး မမျှော်လင့်သောအလုပ်များ လုပ်နေသည်ကို အံ့ဩစွာတွေ့ရ၏။ အချိန်အခါတွေ ပြောင်းလဲသလို လူတွေ၏အလုပ်အကိုင်တွေလည်း ပြောင်းလဲကုန်ကြပါသည်။

မပြောင်းလဲတာကတော့ စာရေးသူဖြစ်ပါသည်။ ဟိုတုန်းကလည်း စာရေးဆရာ၊ ဆေးဆရာ၊ ယခုလည်း စာရေးဆရာ၊ ဆေးဆရာပင်ဖြစ်ပါသည်။ စာရေးခြင်း၊ ဆေးကုခြင်း၊ ဆေးပါးသုတေသနပြုခြင်းမှလွဲ၍ အခြားဘာမျှစိတ်မဝင်စားပါ။

ယခုလည်း ရန်ကုန်မှမိတ်ဆွေတစ်ယောက် အနံ့ရှူရုံမျှနှင့် ကြက်နို့တွေပျောက်သောမိချောင်းရွက်ကို ထပ်ဆင့် သုတေသနပြုချင်၍ ပို့ပေးစမ်းပါဟု မှာသောကြောင့် မိချောင်းရွက်များရှိရာ မကွေးကာလိဝ် အရှေ့ဘက်သို့ စက်ဘီးနင်းလာသည်။

မကွေးမြို့၏ တော်သလင်းနေသည် ပူပြင်းလှပါသည်။ သို့သော် ပူသည်ကိုရှောင်နေ ၍မဖြစ်၊ မိချောင်းရွက်ခူးပြီး ကန်သာရပ်ရွာလမ်းမကြီးအတိုင်း စက်ဘီးနင်းပြန်လာသောအခါ–

'ဗျို့– ဦးဝင်းမြင့်၊ ဦးဝင်းမြင့်'

အသံလာရာသို့ကြည့်လိုက်သောအခါ လေဘိုးကျွတ်ပြင်ဆိုင်နန်းပိုင်ရှင် ဦးညိုကိုတွေ့ရ၏။

ဦးညိုဆိုင်ရှေ့ စက်ဘီးထောင်လိုက်သောအခါ–

'နေကပူသနဲ့ ဘယ်ကပြန်လာတာလဲဆရာရဲ့'

'ရန်ကုန်ကမိတ်ဆွေက မိချောင်းရွက်လိုချင်လို့တဲ့ဗျာ၊ အဲဒါသွားခူးတာ'

'တစ်ယောက်ယောက်ခိုင်းရောပေါ့ဆရာရယ်၊ နားပါဦး ဆရာ---'

ကျွန်တော်က ဦးညို၏ လေထိုးကျွတ်ပြင်ဆိုင်ရှေ့ရှိ ခုံ

www.burmeseclassic.com

www.burmeseclassic.com



တန်းလျားပေါ် ထိုင်လိုက်ပါသည်။ တန်းလျား၏ရှေ့၌ အသက် (၅၀) ခန့်ရှိလူကြီးတစ်ဦးနှင့် အသက်(၂၀) ဝန်းကျင်ရှိလူငယ်တစ်ယောက်တို့ကိုတွေ့ရ၏။

ဦးညိုက–

'အဲ---မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ရွှေညောင်က ဘောက်ဆာကားယာဉ် မောင်းတဲ့ ဦးသန်းတဲ့၊ ဒါက သူ့တူ မောင်ရဲထွန်းတဲ့'

ကျွန်တော်က ဦးသန်းကိုမြင်ဖူးသလိုလိုရှိ၍ ပြုံးပြနှုတ်ဆက်လိုက်ပါသည်။

'ဆရာ ဦးဝင်းမြင့်မဟုတ်လား၊ သာစည်နိုင်ရွှေဝါစာ သောက်ဆိုင်မှာဆုံကြတာလေ၊ ဒီကောင် မီးလောင်ခံရလို့ဆရာ ဦးဝင်းမြင့်က ဆေးနည်းပေးလိုက်တာလေ---'

'ဟာ--- ဟုတ်ပြီ--- ဟုတ်ပြီ၊ မှတ်မိပြီ--- မှတ်မိပြီ'

မျက်နှာကိုမီးလောင်ခံရသော သူငယ်၏မျက်နှာကိုလည်း အကဲခတ်မိပါသည်။ ဘာဒဏ်ရာမှမရှိ၊ ပကတိအကောင်း။

'သူ့မျက်နှာ ဘာဒဏ်ရာမှ ကျန်မနေဘူးနော်---'

'ဟုတ်ကဲ့ဆရာ--- အဲဒါကို လူတိုင်းအံ့သြနေကြတာ ဒါလောက် ပြင်းထန်တဲ့မီးလောင်ဒဏ်ရာကို အကောင်းပကတိတွေ့ကြရတော့ အံ့သြကြတာပေါ့'

ဦးသန်းက ဝမ်းသာအားရပြောပါသည်။

'ဆရာပေးလိုက်တဲ့ဆေးနည်းအတိုင်း ကြက်ဥအနှစ်၊ ထုံး အုန်းဆီ သုံးခုပေါင်းရောထည့်မွှေပြီး လိမ်းပေးတာပဲ၊ ဆရာကြီးပေးတဲ့ ဆေးနည်းကတော့ အံ့သြစရာပါပဲ---'

ဦးသန်းက ကျွန်တော့်ကို 'ဆရာကြီး'တဲ့။ ကျွန်တော်ပန်း အလိုလိုတွန့်သွား၏။

'ဆရာကြီးရယ်၊ ဆရာကြီးပေးလိုက်တဲ့ ဆေးနည်းက ရောက်လေရာအရပ်မှာ စကားစပ်မိတိုင်း ပြောမိပါတယ်၊ တစ်ဆင့်



ဖောက်သည်ချပါတယ်၊ အခုလို မတော်တဆမီးလောင်ခံရသူတွေ ကိုယ်စိတ်နှစ်ပါးချမ်းသာစေချင်တဲ့ စေတနာပါခင်ဗျား၊ ဆရာကြီး ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ရွှေညောင်ကိုကြွခဲ့ပါခင်ဗျား။ အမှတ်(၈) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အာတီစီဘောက်ဆာယာဉ်မောင်း ဦးသန်းဆိုရင် လူတိုင်းသိပါတယ်၊ လိုအပ်တာရှိရင်လဲ မှာကြားပါ၊ ကျွန်တော့်သူကတော့ မောင်ရဲထွန်းလို့ခေါ်ပါတယ်'

ဦးသန်းတို့ တူဝရီးနှစ်ယောက်က ဝမ်းသာအားရပြောပါသည်။

'ဟုတ်ကဲ့ပါခင်ဗျာ---ဟုတ်ကဲ့ပါ'

ကျွန်တော်လည်း ဘာပြန်ပြောရမှန်းမသိတော့ပါ။ စားပွဲပေါ်၌အသင့်ထားသော ရေနွေးကြမ်းအေးစက်စက်တစ်ခွက် ကောက်သောက်ရင်း လေထိုးကျွတ်ပြင်ပိုင်ရှင် ဦးညိုနှင့် အာတီစီဘောက်ဆာယာဉ်မောင်းဦးသန်းတို့ကို နှုတ်ဆက်ပြီး သစ္စာလမ်းမကြီးအတိုင်း စက်ဘီးနင်းလာသောအခါ နေခပ်ကျဲကျဲပူနေပါသည်။

သို့သော်လည်း ကျွန်တော့်ရင်ထဲတော့ ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်းတို့ကြောင့် ရင်ဝယ်အေးမြနေပါသတည်း။

⊙

www.burmeseclassic.com

www.burmeseclassic.com



# ထုံး

၁၉၉၀-ပြည့်နှစ်၊ ဩဂုတ်လ(၁၂)ရက်။

နံနက်(၁၁)နာရီအချိန်။ စာရေးသူသည် ရန်ကုန်မြို့ အမှတ် ၁၆၂၊ ၃၂လမ်း၊ ပထမထပ်နေ ဦးသောင်းဖေ ဒေါ်ခင်ပြုံးတို့နေအိမ်၌ ခေတ္တရောက်ရှိနေပါသည်။ အစ်ကိုကြီး ဦးသောင်းဖေသည် အဝေးပြေးကားဂိတ်သို့သွား၏။ အစ်မဒေါ်ခင်ပြုံးနှင့်ချိုချိုတို့သည် မီးဖိုချောင်၌ ထမင်းဟင်းချက်နေကြသည်။

ဖည့်ခန်း၌ တစ်ယောက်တည်း စာရေး၊ စာဖတ်လုပ်နေစဉ် တံခါးခေါက်သံကြား၍ဖွင့်ပေးလိုက်သောအခါ အသက် ၃၅-နှစ်မျှရှိ လူရွယ်တစ်ယောက်ကို တွေ့ရ၏။

'ဆေးဝယ်ချင်လို့ပါ'

'ဩော်---ရပါတယ်၊ လာပါ ထိုင်ပါ၊ အစ်မ ဆေးလိုချင်လို့တဲ့'

မီးဖိုချောင်၌ချက်ပြုတ်နေသော အစ်မဒေါ်ခင်ပြုံးကို လှမ်းခေါ်လိုက်ရ၏။ အစ်မဒေါ်ခင်ပြုံးသည် မီးဖိုချောင်မှထလာ၏။

'ဘာဆေးလိုချင်လို့လဲ'

'နဝဒေဝပါ၊ ကျွန်တော့်အမေ သားအိမ်ကင်ဆာနဲ့ဆေးရုံ လာတင်တာပါ၊ ကျွန်တော်တို့က ဒေးဒရဲမှာနေပါတယ်၊ ဆေးရုံမှာ လူနာစောင့်ချင်း စကားစပ်မိတိုင်း မကွေးဝင်းမြင့်ရဲ့ သားအိမ်ကင်ဆာ ပျောက်ဆေး ဒီမှာဝယ်ရင်ရတယ်လို့ လမ်းညွှန်လိုက်လို့ပါ'

'ဟုတ်ကဲ့---ရပါတယ်၊ အဲဒါဆရာပဲ'

အစ်မဒေါ်ခင်ပြုံးကမိတ်ဆက်ပေးပြီး--

'ဩော်--- ဆရာမကွေးဝင်းမြင့်ကိုတွေ့ရတာ ဝမ်းသာပါတယ်ဆရာ၊ ကျွန်တော် ဆရာ့စာတွေအမြဲဖတ်ပါတယ်ဆရာ၊ ဖတ်ရုံတင်မက မှတ်တမ်းမှတ်ပါတယ်၊ ပြီးတော့ လက်တွေ့ကျင့်သုံးပါတယ်'



'အေးဗျ---သိရုံနဲ့ ဘယ်ဖြစ်မလဲ၊ လက်တွေ့အသုံးချမှဗျ၊ ကျွန်တော်က မကွေးမှာနေတာနော်၊ ဒီကို တစ်လတစ်ခေါက်လောက်တော့ရောက်ပါတယ်လေ၊ မကွေးဘက်ရောက်ရင်လဲ ကျွန်တော့်အိမ်ဝင်ခဲ့ပါနော်'

'ဩော်--- ဒါနဲ့ဆရာ၊ နရသုခိသုခချမ်းသာမဂ္ဂဇင်းမှာ ဆရာရေးတဲ့ 'နန်းညိုညို'ဆိုတဲ့ ဆေးဝတ္ထုကလေး ဖတ်လိုက်ရတယ်၊ ဆီပူမီးလောင်ရင် ထုံးရယ်၊ ကြက်ဥအနှစ်ရယ်၊ အုန်းဆီရယ် ရောသိမ်းရင် ပျောက်တယ်ဆိုတဲ့အကြောင်း'

'ဟုတ်တယ်ဗျ၊ ဆီပူမီးပူလောင်ရင် တယ်စွမ်းတဲ့ဆေးဗျ' ဟု ကျွန်တော်ကပြောတော့---

'ဆရာ့နယ် ကြက်ဥတွေ အုန်းဆီတွေရှာနေရတာ ခက်ပါသေးတယ်၊ ထုံးတစ်မျိုးတည်းနဲ့ ရပါတယ်လေဆရာရဲ့'

'ဗျာ---'

'ကျွန်တော့်ကိုယ်တွေ့ပါ၊ ကျွန်တော့်နာမည် ကိုတင်အောင်လို့ခေါ်ပါတယ်၊ ဒေးဒရဲမြို့ ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှာ ရဲကြပ်ကြီးစာရေးပါ၊ ကလေးကများတော့ ဒေးဒရဲမြို့ဆိပ်ကမ်းမှာ မိသားစု ထမင်းဆိုင်ဖွင့်ပါတယ်၊ ဆိုင်နာမည်က တောသားလေးတဲ့၊ ကျွန်တော်တို့ ထမင်းချက်ကြရတာက အိုးကြီးနဲ့ချက်ရတာမို့ ခဏခဏထမင်းရည်ပူလောင်ပါတယ်၊ အဲဒါဘာလုပ်လဲဆိုတော့ ထုံးကိုရေဖျော်ပြီး အပူလောင်တဲ့နေရာ လိမ်းလိုက်တာပဲဆရာ၊ ပူနေရာကအေးပြီး တဖြည်းဖြည်းပျောက်သွားတာပဲ အရေပြားအနာ ဖြစ်မကျန်ဘူး'

'တယ်ဟုတ်ပါလားဗျ၊ ကိုတင်အောင့်နည်းကောင်းသားပဲ လွယ်လဲ လွယ်တယ်လေ'

'လွယ်တာပေါ့ဆရာရဲ့၊ ထုံးဆိုတာ နေရာတိုင်းမှာအလွယ်တကူရှိနေတာပဲ၊ အိမ်တိုင်း ကွမ်းအစ်ထဲမှာ ထုံးရှိနေတော့ လွယ်တာပေါ့ဆရာရဲ့'

'ကိုတင်အောင်ပြောသလိုပဲ၊ ကျွန်တော် မကွေးမြို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ မီးသတ်ရဲဘော်ကြီးတစ်ယောက်က ပြောဖူးတယ်၊ သူတို့က မီးသတ်ရတဲ့လုပ်ငန်းဆိုတော့ မီးခဏခဏ အလောင်ခံရသတဲ့၊ ဘာလုပ်လဲဆိုတော့ ထုံးနဲ့အုန်းဆီဖျော်လိမ်းတာပဲတဲ့'

'ထုံးတစ်မျိုးတည်းနဲ့ရပါတယ်ဆရာရယ်၊ အဲ–စကားစပ်မိလို့ပြောရဦးမယ်၊ ကျွန်တော်တို့ဒေးဒရဲမြို့နဲ့ (၁၀) မိုင်လောက်ဝေးတဲ့ စမှော်ဖျားရွာဆိုတာရှိတယ်၊ ကျွန်တော့်မိန်းမရွာပါ၊ အဲဒီရွာကိုရောက်သွားတော့ ကျွန်တော့်မိန်းမအစ်မက ညနေစောင်းမှာ ဝက်စာအိုးကြိုရတယ်၊ ဝက်စာအိုးကြိုရင်းနဲ့ အမှတ်မထင် ဝက်စာအိုးမှောက်ပြီး ရင်ဘတ်၊ ခြေသလုံး၊ ဒူးခေါင်းတွေ အပူလောင်တော့တာပေါ့၊ ပူရှာလွန်းလို့ ဆတ်ဆတ်လူးနေတာပေါ့၊ ဒါနဲ့ ကျွန်တော် ထုံးနဲ့ရေဖျော်ပြီး လိမ်းခိုင်းရတယ်၊ ခြောက်ရင်းလိမ်း၊ ခြောက်ရင်းလိမ်းနဲ့ လိမ်းပေးတော့ နောက်တစ်နေ့ သူ့ဆီမှာ ဘာဒဏ်ရာမှမတွေ့ရဘူး၊ ဝက်စာအိုးတည်ရင်းနဲ့ မိုက်မိတဲ့လူ တော်တော်များများ အရေပြားတွေ လန်၊ အနာတွေဖြစ်၊ အနာရွက်ကြီးတွေ ဖြစ်ကျန်ရစ်တာဆရာရဲ့၊ ထုံးနဲ့သာရေဖျော်လိမ်းလိုက်ရင် ဘာဒဏ်ရာမှ မကျန်တော့ဘူး၊ အကောင်းပကတိပဲ'

'အေးဗျာ မင်္ဂလာပါပဲကိုတင်အောင်ရာ၊ ကျွန်တော်တို့ဆေးဆရာတွေ ဆေးကုသကြတဲ့အခါ အရေးကြီးဆုံးအချက်က သေချာပေါက် ပျောက်ကင်းတဲ့ဆေးနည်းကိုသုံးရမယ်၊ အဲဒီ ဆေးနည်းကလဲ ရှာလို့ဖွေလို့လွယ်ကူတဲ့ဆေး ဖြစ်ရမယ်ဗျ၊ နောက်တစ်ချက်က အဲဒီဆေးသုံးစွဲရာမှာ တစ်ခြားရောဂါမဝင်တဲ့ဆေးမျိုးလဲဖြစ်ရမယ်၊ မြင့်မြတ်တဲ့ဆေးလဲဖြစ်ရမယ်ပေါ့ဗျာ၊ ထုံးကတော့ ကျွန်တော်တို့ ဆေးဆရာလောကမှာ 'ခေါင်းရင်းဆေး' အမည်ပေးထားတယ်၊ သူကအိမ်ဦးခန်းဧည့်ခန်းမှာရှိတဲ့ကွမ်းအစ်ထဲမှာ အမြဲရှိနေလို့ပေါ့၊ ကိုတင်အောင်ပြောတဲ့ ထုံးနဲ့ အပူလောင်တာပျောက်ကင်းကြောင်း တစ်ပြည်လုံးသိအောင် ကျွန်တော့်စာအုပ်တစ်နေရာ ဗျို့ဟစ်လိုက်ပါဦးမယ်'

'ကောင်းတာပေါ့ဆရာရယ်'



# 'ကြော်–––ကံကောင်းပါဘိ'

ဆေးအတတ် ဆေးပညာသည် လူသတ္တဝါတွေရှိသမျှ ကာလပတ်လုံး တည်ရှိနေမည်ဖြစ်ပါသည်။ တိမ်ကောမသွားနိုင်ပေ။ သမိုင်းဦးဘုံမြေမှယနေ့အထိ ဆေးအတတ်ပညာကို 'လက်ဆင့်ကမ်း' သယ်ဆောင်ခဲ့ကြသည်။

သမားစဉ်ဆက် 'သက်ကြီးစကား သက်ငယ်ကြား' 'မိဘနှင့်သားသမီး''ဆရာနှင့်တပည့်'ဆေးကုသမှု ဆေးဝါးဖော်စပ်မှု စာတွေ့လက်တွေ့ လက်ဆင့်ကမ်းသင်ကြားပေးခဲ့ကြသည်။

စာရေးသူတွင် သားသမီး ( ၇ )ယောက်ရှိပါသည်။ ထိုသားသမီးထဲတွင် သမီးသုံးယောက်ပါရှိပါသည်။ ထိုသားသမီးများထဲတွင် သမီးအကြီးဆုံးသာ ဆေးပညာကို ဝါသနာပါသည်။ ထိုသမီးသည် ၁၀–နှစ်၊ ၁၂–နှစ်သမီးမှစ၍ ကျွန်တော်ဖတ်သော စာအုပ်ကြီးများဖတ်၏။

အိမ်သို့ လူနာရောက်လာအံ့။ ကျွန်တော်ဆေးကု ဆေးသေး စမ်းသပ်မှုကိစ္စအဝဝကို အနားမှထိုင်၍အကဲခတ်လေ့ရှိပါသည်။ လူနာစစ်တမ်းရောဂါစစ်တမ်း ကောက်ချက်ချပုံကိုငေးမောနားထောင်နေတတ်ပါသည်။

အိမ်မှာ အမြဲသုံးစွဲနေသော ဆေးပစ္စည်း ပရဆေးပစ္စည်းအမည်များကို သူမှတ်မိနေအောင် အမြဲပြောဆိုပြသရပါသည်။

'မှတ်ထားသမီးရဲ့၊ ဒါက ပိတ်ချင်းလို့ခေါ်တယ်၊ ဒါက ဆက်သာ၊ ဒါကသိန္ဓော မှတ်ထားနော်သမီး'

ဗီဇမျိုးရိုးကြောင့်လားမသိ။ တစ်ကြိမ်ပြသပြောထားလျှင် မှတ်မိနေပါသည်။

'သမီးတို့သတိပြုဖို့က အခုလို နေသိပ်ပူနေတုန်းမှာ အုတ်ကန်ထဲမှာလှောင်ထားတဲ့ ရေအေးတွေ မချိုးရဘူးသမီးရဲ့၊ ချွေးငုပ်၊ ချွေးငုပ်ဖြစ်တတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲ- ပြောလက်စနဲ့ပြောရဦးမယ်၊ သမီးတို့ အိုက်စ်ကရင် သိပ်ကြိုက်တယ်နော်၊ အဲဒီ အိုက်စ်ကရင်လို့ခေါ်တဲ့ ရေခဲမုန့်ထဲကို ဗမ်မီလာ(Vamiila)ခေါ်တဲ့ ပျားနံ့ရအောင် ပိပရိုနယ် (Pipreona) ဒါမှမဟုတ် သန့်သတ်ဆေးတစ်မျိုးထည့်ရသကွဲ့၊ ပြီးတော့ ချယ်ရီနံ့ ရအောင် အယ်လဒီဟိုဒ်စီ ၁၇ (Aldehydec-17) မီးတောက်တဲ့ အရည်တစ်မျိုးထည့်ရသေးတယ်၊ ပြီးတော့ ပလပ်စတစ်ရာဘာ ပြုလုပ်တဲ့အခါမှာအသုံးပြုတဲ့ ဓာတ်ဆေးတစ်မျိုးထည့်ရသေးတယ်၊ ဒါတွင် မပြီးသေးဘူး၊ နာနတ်အနံ့ရအောင် အီသိုင်းအက်ဆီတိတ် (Ethyl-acetate)လို့ခေါ်တဲ့ အသည်းအဆုပ်နှလုံးကိုထိခိုက်စေတဲ့ သားရေနဲ့ အဝတ်လျှော်ရာမှာသုံးတဲ့ဓာတ်ဆေးတစ်မျိုး ထည့်ရသေးတယ်၊ သမီးတို့တတွေ အဲဒီ အိုက်စ်ကရင်ကို မြိန်ရည်ရှက်ရည် စားနေတာ မြင်ရတော့ အဖေတို့လူမျိုးတွေရဲ့ ကျန်းမာရေးသွားပါပြီလို့ စိတ်မကောင်းဖြစ်မိတယ်'

သမီးငယ် စိတ်ဝင်စားလေသလား၊ မဝင်စားလေသလား တော့မသိ။ ကျွန်တော်ကတော့ ဆေးအကြောင်း ဝါးအကြောင်း ပြောနေရလျှင် 'လေကြော့ရှည်'တတ်ပါသည်။

မိဘဖြစ်သူကျွန်တော်က သမီးအပေါ် ပညာပေးပြောမိသလို၊ သမီးဖြစ်သူကလည်း ကျွန်တော့်ကို 'ဆေးဖိုးဝါးခ'နှင့် ပတ်သက်ပြီးပြောသည့်စကားတစ်ခုရှိသေး၏။ မှတ်လောက်ပါ၏။

သမီးလေးက–

'အဖေ့မှာ ဆေးအသိ၊ ဆေးအတတ်ပညာတွေရှိတယ်၊ ငွေတော့မရှိဘူး၊ လောကမှာ ငွေရှိမှအရာရောက်တာအဖေရဲ့'

ဟုတ်၏။ မှန်၏။ တစ်ခါတစ်ရံ ထမင်းချက်ချိန်တန်၍ ဆန်အိုးထဲ ဆန်မရှိလေသောအခါ ဆန်ဗန်းလေးကိုင်၍ ငိုင်နေတတ်သော သမီးကလေးရုပ်ပုံလွှာကို ကျွန်တော့်မျက်စိထဲ မြင်ယောင်၏။

'အေး ဟုတ်တယ်၊ ငါ့သမီးပြောတာမှန်တယ်'

ကျွန်တော် မဆိုင်းမတွဝန်ခံလိုက်သောအခါ–



'အရေးကြီးတာက အဖေဆေးကုတဲ့အခါ မေတ္တာနဲ့ဆေးကုတာကို သမီးသဘောကျပါတယ်၊ ဒါပေမယ့် ဆေးဖိုးအနေနဲ့ အဖေ့ဆေးဖိုး မယူချင်နေလေ၊ သမီးတို့နေ့စဉ်နဲ့အမျှ စားနေရတဲ့ 'ဝါးခ' ကလေးတော့ ယူမှပေါ့အဖေရဲ့'

'အင်း'

'သမီးမှတ်ထား--- ဒီဆေးက ပဒဲမြင့်မိုရ်ကုန်းတဲ့၊ သူ့ရဲ့အရသာက ပူ ခါး၊ ငန်၊ စပ် အစာကြေတယ်၊ လေသလိပ်နိုင်တယ်၊ အများကျစေတယ်'

'ဟုတ်ကဲ့'

'လူကြီးဆိုရင် ကွမ်းသီးတစ်လုံးစာလောက်တိုက်၊ ဖျားအမှန်သမျှ ပေးသာပေး၊ မမှားဘူးသမီးရဲ့၊ ဆရာလက်သုံး ပဒဲမြင့်မိုရ်ကုန်းတဲ့–

အဲဒီပုလင်းကြီးထဲက ဆေးကတော့ ဟာလိန္ဒစုဏ္ဏဆေးလို့ခေါ်တယ်၊ သူ့အရသာက ပူတယ်၊ ငန်တယ်၊ အနိုးအာကာသကိုစေတယ်၊ ကုန်းဘောင်ခေတ်ကပေါ်ထွန်းခဲ့တဲ့ 'နဃမာလ္လာ' ဆေးကျမ်းထဲမှာပါတယ်၊ ခွေးဆောင်ကုထုံးကျမ်းမှာလဲပါတယ်၊ အပူရောဂါအမျိုးမျိုးကိုနိုင်တယ်၊ သူ့ကိုသာပေး အမှားအယွင်းမရှိဘူး၊ ဒါကြောင့် ဆရာသင်စ ဟာလိန္ဒတဲ့'

စားပွဲပေါ်တွင် ဆေးပုလင်းများစီတန်းထားပါသည်။ ဆေးပုလင်းများပေါ်၌ 'စကွပါလဆေး' 'လေပုပ်ထုတ်ဆေး' ပြည်ချမ်းသာ'ဆီးရှင်ဝမ်းနုတ်ဆေး' စသည် စသည်ဖြင့် ရေးထားပါသည်။

ကျွန်တော်တို့သားအဖနှစ်ယောက် (သမီးကျောင်းသွား/ကျောင်းတက်ချိန်မှလွဲ၍) အချိန်ပြည့် ဆေးပေးဆေးကုခဲ့ကြပါသည်။

ကြာလာသောအခါ ဆိုင်းတီးသည့် ဆိုင်းသမားလိုပါပဲ၊ ဘယ်ပတ်လုံး ဘယ်နေရာမှာရှိသည် ဆိုတာကို မကြည့်ဘဲနှင့် သိသကဲ့သို့–

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆေးပုလင်း ဘယ်နေရာမှာရှိသည်၊ ပုလင်းပေါ် ကပ်ထားသောစာများ မဖတ်ဘဲနှင့်သိလာသည်။

( ၃ )

တစ်နေ့သောအခါ---။

ကျွန်တော်သည် တောင်တွင်းကြီးမြို့သို့ ခရီးထွက်ရပါသည်။ ခရီးထွက်ရာမှအပြန်တွင် အိမ်သို့လူနာ(၁၀)ဦး လာကြောင်း၊ လူနာစစ်တမ်း မှတ်တမ်းစာအုပ်မှာတွေ့ရပါသည်။ (၇)ဦးမှာ မကွေးမြို့ပေါ်က၊ (၂)ဦးမှာ နတ်မောက်မြို့က၊ ကျန်တစ်ဦးမှာ မြေထဲမြို့မှ-ရောဂါမှာ ငှက်ဖျားဘေလုံးစွဲရောဂါဖြစ်ပါသည်။

တစ်ပတ်ခန့်ကြာသောအခါ မြေထဲမြို့၊ ကိုဘိုကေထံမှ စာတစ်စောင်ရောက်လာပါသည်။

ဆရာဦးဝင်းမြင့်ခင်ဗျား---။

ဆရာ့ထံကျွန်တော်ရောဂါပြပါသည်။ ဆရာခရီးထွက်သွားကြောင်း ဆရာကတော်နှင့် ဆရာ့သမီးကလေးပြောပါသည်။

ကျွန်တော်လည်း တော်တော်အားငယ်သွားပါသည်။ စိတ်မောလူမောဖြစ်နေတုန်း ဆရာ့သမီးကလေးက ဦးလေး ဘာရောဂါလဲ၊ ဖြစ်တဲ့ရောဂါ ခံစားရတာကိုသာ ပြောပြပါ။ အဖေခရီးထွက်တဲ့အခါ ဒီလိုပဲ ကျွန်မတို့ ဆေးပေးဆေးကုတတ်ပါသည်ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော်ခံစားရပုံ အလုံးစုံ ပြောပြလိုက်ပါသည်။ ပြီးတော့ ဆရာ့သမီးကလေးက ကျွန်တော့်အတွက်ဆေးသုံးခွက်ပေးပါသည်။

ကျွန်တော်လည်း ဆေးဖိုးဝါးခငွေ တစ်ဆယ် ပေးခဲ့ပါသည်။ ဆရာ့သမီးကလေး ပေးလိုက်သောဆေးကို ညည့် အိပ်ရာဝင်တိုင်း တစ်ခွက်နှုန်း သောက်ပါသည်။ သုံးရက်မြောက်သောနေ့တွင်



ရောဂါရှင်းရှင်း ပျောက်သွားပါသည်။

ထို့ကြောင့် ကျေးဇူးတင်ရှိကြောင်း အစီရင်ခံခြင်း ဖြစ်ပါသည်ခင်ဗျား။ ဆရာတို့မိသားစု ကျန်းမာ၍ ချမ်းသာကြပါစေ။

ဘိုကေ

ဈေးအတွင်း

မြေထဲမြို့။

ကျွန်တော်သည် မြေထဲမြို့မှ ကိုဘိုကေဆိုသူ၏စာကို ဖတ်ပြီး နဖူးကြောကြီးများထောင်ထလာအောင် စဉ်းစားမိပါသည်။ ငှက်ဖျားဘေလုံးစွဲရောဂါကို ဆေးသုံးခွက်နှင့်ပျောက်အောင် ဘာဆေးများပေးလိုက်ပါလိမ့်။ စဉ်းစားမရ။ ထို့ကြောင့် မီးဖိုချောင်တွင် ပန်းကန်ဆေးနေသောသမီးကို လှမ်းခေါ်ရ၏။

'သမီးရေ--- စန္ဒာ'

သမီးကလေး အပြေးရောက်သည်။

'သမီး မြေထဲမြို့က ငှက်ဖျားဘေလုံးစွဲတဲ့ ကိုဘိုကေ ဆိုသူကို ဘာဆေးတွေပေးလိုက်တုန်း'

'အဖေပေးနေကြ ငှက်ဖျားအမြစ်ပြတ်ဆေးလေ'

'ဘယ်ပုလင်းလဲသမီး'

'ဟောဒီပုလင်း'

'ဟော---'

'ဘာဖြစ်လို့လဲအဖေ'

'သမီး အဲဒီပုလင်းကဆေးတွေ ပေးလိုက်တာအမှန်ပဲနော်'

'ဟုတ်ပါတယ်'

'ဟင်---'

သမီးလေးသည် မျက်လုံးအဝိုင်းသားနှင့် ကျွန်တော့်ကို ငေးကြည့်နေပါသည်။

'အဲဒီပုလင်းက ငှက်ဖျားအမြစ်ပြတ်ဆေးမဟုတ်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့– အဖေ ပုလင်းချင်းပြောင်းထည့်ထားခဲ့မိတာ၊ သမီးကို အဖေ မမှာခဲ့မိဘူး'

'ဒါဖြင့် ဘာဆေးလဲအဖေ'

'မီးယပ်အပုပ်ချဆေး သမီးရဲ့'

'ဟောတော့'

သမီးမျက်နှာလေးသည် ကွက်ခနဲမည်းသွားပါသည်။ မရဲတရဲနှင့် ကျွန်တော့်ကိုမော့ကြည့်သည်။

'နောင် မှတ်ထားသမီး၊ ငှက်ဖျားဘေလုံးစွဲရောဂါ တွေ့ရင် မီးယပ်အပုပ်ချဆေးသာ ပေးပေတော့ကြားလား'

'ဟုတ်ကဲ့'

သမီးကလေးသည် မီးဖိုချောင်ထဲပြန်သွားကာ ဆေးလက်စ ပန်းကန်များ ဆက်ဆေးနေသည်။

ကျွန်တော်သည် ကိုဘိုကေစာကို အခေါက်ခေါက်အခါခါ ဖတ်ရင်း ဝမ်းသာနေပါသည်။ ပြီးတော့ စဉ်းစားစရာတွေလည်း အများကြီး ခေါင်းထဲဝင်လာ၏။

'အရပ်သား စကားအနေဖြင့် ခက်လွယ်လွယ် ခေါ်ထားသော 'မီးယပ်အပုပ်ချဆေး'၏အာနိသင်၊ ထိုဆေးထဲ၌ပါဝင်သော ဆေးတစ်မယ်ချင်း၏စွမ်းရည်အာနိသင်များလည်း တရိပ်ရိပ် ခေါင်းထဲဝင်လာ၏။ ကိုဘိုကေ၏ငှက်ဖျားဘေလုံးစွဲရောဂါ ပျောက်ရခြင်းကို ချွင်းချက်မရှိ ကျွန်တော် သဘောပေါက်သွားပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကိုဘိုကေ ကံကောင်းပါသည်။

ကျွန်တော့်သမီးကလေးနှင့် တွေ့ပေလို့သာပေါ့။ အကယ်၍များ ကျွန်တော့်နှင့်တွေ့ခဲ့သော်---ကိုဘိုကေ ရောဂါ တော်တော်နှင့် ပျောက်ဦးမည်မဟုတ်ပါကြောင်းခင်ဗျား။

ဩော်--- ကံကောင်းလိုက်ပါဘိ ကိုဘိုကေရယ်။

⊙



## 'ဇာခါးခေါက်သံ'

'တင်တင်မြ အသံ'

'စိုင်းထီးဆိုင် အသံ'

'မေဆွိ အသံ'

ထိုအသံများကို ကြားရဖန်များသောအခါ ဘယ်နေရာ ဘယ်အသံမှာပဲရောက်ရောက် မှတ်မိနေကြပါသည်။ ထိုအသံများကို စာရေး၍ မှတ်ထားခြင်းလည်းမဟုတ်။ စာရေးမှတ်၍လည်းမရပါ။ နားနှင့်သာမှတ်ရပါသတည်း။

ထို့အတူ ဆေးသမားသည် လူနာ၏အသံကို လိမ္မာပါးနပ်စွာနားထောင်ရပါသည်။ လူနာ၏အသံကို နားနှင့်မှတ်၍–

'ဤလူနာ၏အသံသည် တစ်နှစ်အတွင်းဘာမျှမဖြစ်နိုင်' ဟူ၍လည်းကောင်း–

'သည်လူနာကတော့ တစ်ပတ်အတွင်းလေဖြတ်တော့မည်'၊ ဟူ၍လည်းကောင်း–

'သည်လူနာကတော့ အဆုပ်ရောဂါ ခံစားနေရသူပါလား' စသည် စသည်ဖြင့် ခွဲခြား၍သိလာရ၏။

မြန်မာသမားတော်များသည် လူနာ၏ရုပ်ဆင်းအင်္ဂါ မျက်လုံးအကြည့်တတ် အသံသြဇာတို့ကို ဉာဏ်အမြော်အမြင်ဖြင့် ဆုံးဖြတ်သေနိုင်စွမ်း ရှိကြပါသည်။

စာရေးသူငယ်စဉ်က အဖေက ပြောပြဖူးပါသည်။ အဖေ ပြောပြသည်မှာ---။

( ၂ )

မကွေးမြို့နယ်၊ သမန်းတောရွာ။

ရွာဦးကျောင်းဆရာတော်ကြီးထံပါး၌ ကိုရင်ကလေး သုံးပါး သအံ့နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ရွာထဲမှဒကာကြီးတစ်ယောက် ကျောင်းပေါ်သို့ တက်လာ၏။ ဆရာတော်ကိုဝတ်ပြုသည်။

'ဒကာကြီး အကြောင်းထူးရှိလား'

'တပည့်တော်သမီးကလေး နေမကောင်းလို့ပါဘုရား'

'ဒကာကြီးသမီး မခင်စန်းလား'

'မှန်ပါဘုရား။ မနေ့က ယာထဲကအပြန် ရေချိုးပစ်တယ် ဘုရား။ ချွေးငုပ် သွေးငုပ်ဖြစ်သွားတယ်ထင်ပါတယ်ဘုရား'

'ဒါပေါ့လေ၊ ကိုင်း ကိုင်း ဒကာကြီးအိမ်ပြန်တော့၊ နေ့လယ် ကျရင် ပေါဒီ ကိုရင်ကလေးတွေ ဆေးပို့လွှတ်လိုက်မယ်'

ထိုဒကာကြီးသည် ဆရာတော်ကိုဝတ်ပြုပြီး ကျောင်းပေါ်မှ လေးကန်စွာဆင်းသွားသည်။

နေ့ဆွမ်း စားအပြီးတွင် ဆရာတော်ကြီးက ကိုရင်လေး သုံးပါးကိုခေါ်၏။

'ကိုရင်လေးတို့ မနက်ကလာတဲ့ဒကာကြီးအိမ်သိရဲ့လား'

'သိပါတယ်ဘုရား။ ရွာတံခါးက ဦးစံရင်အိမ်လေ'

'ဟုတ်ပြီ၊ သူ့သမီးလေး နေမကောင်းလို့တဲ့၊ ရော့ ဒီဆေး လုံးလေးတွေကို ကွမ်းရွက်ပြွတ်ရည်နဲ့တိုက်'

'မှန်ပါ့ဘုရား'

'ပြီးတော့ တိုက်ပြီးပြီးချင်း ပြန်မလာခဲ့ကြနဲ့ဦး။ အဲဒီ ဒကာ ကြီးနဲ့တစ်နေကုန် စကားပြောခဲ့ကြ၊ ညနေစောင်းမှပြန်လာခဲ့ကြ'

ကိုရင်လေးသုံးပါးသည် ဆရာတော်ကြီး၊ အမိန့်ရှိသည့်အ တိုင်း ရွာထဲသို့သွား၏။ ဦးစံရင်၏အိမ်အောက် ကွပ်ပျစ်ပေါ်ထိုင်ရင်း နေမကောင်းဖြစ်နေသည့် လူနာအတွက်ဆေးတိုက်၏။

ထို့နောက်ဆရာတော်မိန့်တော် ရှိသည့်အတိုင်း ဒကာကြီး ဦးစံရင်နှင့် တစ်နေကုန်ထိုင်စကားပြောနေ၏။ ညနေမိုးချုပ်မှ ကျောင်း သို့ပြန်လာကြ၏။ ဆရာတော်ကြီး ကျောင်းပေါက်ဝမှဆီး၍---

'ကိုရင်လေးတို့ ဘုန်းကြီးမှာတဲ့အတိုင်းလုပ်ခဲ့ကြရဲ့လား'



'မှန်ပါ့ဘုရား။ နေမကောင်းဖြစ်နေတဲ့ ဒကာမလေးကို ကွမ်းပြွတ်ရည်နဲ့ လျှာပွတ်ဆေး တိုက်ခဲ့ပါတယ်ဘုရား'

'ဟို ဒကာကြီးနဲ့ကော စကားပြောခဲ့ကြရဲ့လား'

'ဘုရား---'

ကိုရင်လေးများသည် ဆရာတော်ကြီးကို ဘာပြန်ပြောရ မှန်းမသိ။

'မှတ်ထားကြကိုရင်လေးတို့ နေမကောင်းဖြစ်နေတဲ့ ဒကာကြီးသမီးလေးကတော့ မသေနိုင်ပါဘူး။ ဒါပေမယ့် ကိုရင်လေး တို့စကားပြောခဲ့တဲ့ ဒကာကြီးကတော့ မနက်ဖြန်သေမှာ'

'ဟင်---'

'ဘုရား---'

'ဘာဖြစ်လို့လဲဘုရား'

ကိုရင်လေးများသည် ဆရာတော်ကြီး၏စကားကြောင့် အံ့လှုပ်ရှားရှားဖြစ်သွားသည်။

'အခု--- အဲဒီဒကာကြီး ထူထူထောင်ထောင်နဲ့နေကောင်း တာပဲဘုရား'

'ကိုရင်လေးတို့ သတိမထားမိလို့ပါ၊ အသံပျက်နေပြီလေ၊ အလုံးအဆင်းလည်း သိပ်မဟုတ်တော့ဘူး။ သူ့သမီးကလေးကြောင့် စိုးရိမ်ဆောင်နေတာ၊ ဇာတိ ဇရာ ဗျာဓိ မရဏာ အနိစ္စ–ဒုက္ခ–အနတ္တပဲ၊ ကိုရင်တို့ နောင် ဒီအသံကြားရရင်သေမယ့်လူရဲ့အသံပဲဆိုတာ မှတ် ထားကြပေတော့'

ဆရာတော်ကြီးသည် ပုတီးစိပ်ရင်း စကြံလျှောက်နေလေ တော့၏။ နောက်တစ်နေ့နံနက်တွင် ရွာထဲမှ ဦးစံရင် ကွယ်လွန် ကြောင်းသိရလေသည်။

( ၃ )

'အဲဒါပဲကွ၊ အဖေကိုရင်ဘဝက ကြားခဲ့ဖူးတဲ့ သေမယ့်လူ ရဲ့အသံ အဖေတော့ ခုထိ အဲဒီဒကာကြီးအသံကြားယောင်တုန်း'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုအသံလဲအဖေ'

စာရေးသူကအငန်းမရမေးတော့–

'ဟဲ့--- လူကလေးရဲ့၊ အဲဒီအသံမျိုး အဖေဘယ်လိုလဲ ပြောတတ်မှာလဲ၊ အဖေ့နားထဲမှာသာ သိနေတာပဲဟာ'

'ကျွန်တော် အဲဒီအသံမျိုး သိချင် ကြားချင်လိုက်တာ'

'မကြားချင်ပါနဲ့ကွယ်'

အဖေက မကြားချင်ပါနဲ့ဟုဆိုသော်လည်း–

ဟော--- ခုတော့ဆေးသမားဖြစ်လာတော့ လူနာတွေ အသံမျိုးစုံအောင် ကြားနေရသည်။ အတွေ့အကြုံများက 'စကာ ပြောလာသည်။

'တစ်ပတ်အတွင်း လေဖြတ်ခံရမည့်လူရဲ့အသံက ဒီ အသံပါလား'

'ဩော်--- သူက အိပ်ရာထဲ ဘုံး ဘုံး လဲနေရာက မကြ မီ လူကောင်းပကတိ ဖြစ်လာမယ့်လူပါလား'

အသံကိုနားနှင့်သိလာရပါသည်။ မြန်မာ့ဆေးပညာသ နိုက်လေ နက်လေပါတကား။

တစ်စိုက်မတ်မတ် ဆေးဝါးကုသခြင်းအလုပ်နှင့်ကျင်လ ရဖန်များလာတော့ အတွေ့အကြုံကစကားပြောလာသည်။ ထို့ကြေ 'သမားဆို အိုမှ'ဟု ဆိုရိုးစကား ရှိခဲ့ပေတာကိုး။

'ဆရာ့နှယ် ကျွန်မလေ တပို့တွဲလပြည့်နေ့က နှမ်း တွေ တဝကြီးစားပစ်တာ'

'ကောင်းသားပဲဗျ၊ အအေးဥတုကနေ အပူဥတု ပြောင်းကာနီးမှာ နှမ်းမနဲ့နဲ့ ခန္ဓာကိုယ်ပြုပြင်ပေးတာ'

'ဒါပေမယ့်ဆရာရယ်၊ ကျွန်မအမှားတစ်ခုကျူးလွန်မိတာ နှမ်းမနဲ့တွေစားပြီး ရေချိုးမိတယ်ဆရာ'

'ဟောဗျာ'

'ဒါတွေမကဘူး၊ ခေါင်းပါလျှော်လိုက်မိတယ်ဆရာ'



'မကြာပါဘူး၊ ရင်ဝအောင့်လာတယ်၊ ဗိုက်ကလဲ တစ်စ စ ဖောင်းလာတော့တာပဲ'

ထိုအဒေါ်၏အသက်သည် (၆၀) နှစ်ရှိပါပြီ။ သူ့ဝမ်းဗိုက် ည် ကိုယ်ဝန်ငါးလေးလအရွယ်အလားဖောင်းနေသည်။ ချွဲသလိပ် မပါ။ မောဟိုက်သံ မကြားရ၊ အသံဩဇာက ကောင်း၏၊ သူ့အသံ ကျွန်တော်သဘာကျပါသည်။ ထို့ကြောင့် ကျွန်တော် ရဲရဲကြီး မခံလိုက်၏။ ဤရောဂါနှင့်မသေစေရဟူ၍–

စာရှုသူအဆွေ–

သည်နေရာမှာ အလေးအနက်ထား၍အစီရင်ခံချင်တာက တော့ ကျွန်တော်တို့ တိုင်းရင်းဆေးဆရာများသည် 'သေခြင်းတရား' မကုစားနိုင်ပါ။ 'ရောဂါဝေဒနာ'ကိုသာ ကုသခြင်းဖြစ်ပါသည်။

ကျွန်တော့်ကို အားကိုးတစ်ကြီးနှင့် မလှိုင်မြို့မှ မိတ်ဆွေ စ်ယောက်ကလာခေါ်၏။ ဖခင်ဝေဒနာမှာ အစာအိမ်ကင်ဆာဖြစ် သည်။ အသက်ကလည်း (၇၀) ကျော်ပါပြီ။ ခန္ဓာကိုယ်မှာ ပိန်လှီ အရိုးပေါ်အရေတင်နေပါပြီ။ သူ၏အသံကိုကြား လိုက်ရရုံမျှနှင့် နှ်တော်သိပါသည်။

ဖခင်ဝေဒနာကို ပျောက်ကင်းအောင်ကုသပေးမည်ဆိုပါ ငွေဘယ်လောက်ကုန်ကုန် အကုန်ခံနိုင်၏။ နို့ချက်စက်ရုံလုပ်ငန်း ်ခွင်သူဌေးများဖြစ်ပါသည်။ သို့သော် လူနာရောဂါကျွမ်းနေပြီဖြစ် ကြောင်းကိုတော့ သူတို့လည်းသိသည်၊ ကျွန်တော်လည်း သိသည်။ ်ကတော့ ပြောမထွက်ရက်ကြ။

ကျွန်တော်တို့ဆေးဆရာများသည် လူနာနှင့်သူ၏မိသားစု ကြင်နာသနားကြပါသည်။ 'ရောဂါကျွမ်းမှ လာခေါ်တာကို မရ တော့ဘူး' ဟု သမားဟောင်း သမားစစ်က မပြောပါ။ 'လူနာက ရှာက'ဆိုသလို သည်အတိုင်း လျစ်လျူပစ်ပယ်ထားမည့်အစား ဗုဒ္ဓသတ္တာ ကမ္မသကာ'ဆိုသည့်စကားအတိုင်း တပ်စွမ်းသမျှ သမျှ ပြု၍ ကုသရပါသည်၊ သည်လိုနှင့် 'မရတော့ပါဘူး' ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



လူနာတွေ 'တစ်ပတ်ထက်မခံတော့ဘူး' ဆိုသူတွေ သုံးလေးနှစ်ကြ လူ့လောက၌နေထိုင်သွားကြရသည့် သာဓကတွေ အများကြီးရှိ သည်။

ဆေးသမားဟူသည်မှာ လူနာအား တစ်ရက် တစ်နံန တစ်နာရီပို၍ အသက်ရှည်စေချင်ပါသည်။ ထို့ကြောင့် မကြာမီ ၅ သေမင်းထံကောက်ကောက်ပါအောင် လိုက်သွားမည့်သူမှန်းသိလျ နှင့် (စစ်ခင်းလျှင် ရှုံးနိမ့်မည်မှန်းသိလျက်) သမားတို့၏ရင်၌ ထ အပ်သောမေတ္တာစေတနာဖြင့် သေမင်းနှင့်စစ်ခင်းရပါတော့သည်။

နိုင်သလားဆိုတော့ မနိုင်ပါ။ မနိုင်သည့်အပြင် ဤစာ သူ ဆေးသမားသည်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေမ ၏ တံခါးခေါက်သံကိုစောင့်၍ ကေနမှုချ လိုက်ရဦးမှာပါတကား။

◈



## ကံနှာ ဝဋ်နှာ

မဟာပါလရဟန်းသည် ဝါတွင်းသုံးလပတ်လုံး အိပ်စက် ခြင်း ဣရိယာပုတ်ကို လုံးဝမပြုဘဲ၊ ထိုင်–ရပ်–သွား သုံးပါးသော ဣရိယာပုတ်နှင့် တရားအားထုတ်နေ၏။

တစ်လခန့်ကြာသောအခါ မျက်စိရောဂါစွဲကပ်လာ၏။ သို့သော် တရားအားထုတ်ခြင်းအလုပ်ကိုတော့ လုံးဝ မလျှော့၊ နောက်မဆုတ်။

မထေရ်မြတ်၏မျက်စိအခြေအနေမှာ ဆိုးသည်ထက် ဆိုး လာသောအခါ ဒကာရင်း ဆေးဆရာက လာရောက်၍ မျက်စိ ရောဂါကုသပေး၏။ မျက်စိ စုံလုံးကွယ်ခဲ့လေသည်။

သို့သော် တစ်ညဥ့်သော သန်းခေါင်ယံအချိန်၌ ရဟန္တာ အဖြစ်သို့ရောက်ရှိခဲ့လေသည်။

ထိုမထေရ်မြတ်သည် ရှေးဘဝက ဝဋ်ကြွေးရှိခဲ့ဖူးသည်။ အတိတ်ဘဝက ဆေးဆရာဖြစ်ခဲ့ဖူး၏။ မျက်မမြင်ဝေဒနာရှင်တစ်ဦးကို ဆေးကုသပေးရရာ ဝေဒနာရှင်အမျိုးသမီးက သူ့အား မျက်စိအလင်း ပြန်ရအောင် လုပ်ပေးလျှင် သူနှင့်တကွ သားသမီးများပါ ဆေးဆရာ ကြီးထံ ကျွန်ခံပါမည်ဟု ကတိပြုခဲ့၏။

ဆေးဆရာသည် ထိုအမျိုးသမီးအား ပထမအကြိမ် ဆေး ဖော်စပ်ကုသပေးလိုက်၏။ မျက်စိနှစ်ကွင်း အကောင်းပကတိ ဖြစ် သွား၏။ ဆေးဆရာက–

'မျက်စိမြင်ပြီမဟုတ်လော'ဟုမေး၏။

ထိုအမျိုးသမီးက ဆေးဆရာအိမ်၌ ကျွန်ခံရမည်စိုး၍ 'မမြင်ရသေးပါ'ဟု လိမ်ညာ၍ပြော၏။

လိမ်ညာပြောကြောင်း ဆေးဆရာသိ၏။

ထို့ကြောင့် ဒေါသဖြင့် အိုးရွဲ့ကို စလောင်းရွဲဖြင့်ဖုံးမည်ဟု ကြံကာ ဆေးတစ်မျိုးဖော်စပ်ကာ မျက်စဉ်းခပ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး၏မျက်စိနှစ်လုံးသည် အမိုးအငွေ့များ ထွက်၍ ပြင်းထန်စွာဝေဒနာခံစားရပြီး မျက်လုံးစုံ ကွယ်သွား၏။

မဟာမထေရ်မြတ်သည် ရှေးအတိတ် ဆေးဆရာဘဝက ပြုခဲ့ဖူးသောအကုသိုလ်ကံ ဝဋ်ကြွေးကြောင့် ရဟန္တာအပြစ်သို့ရောက်ခဲ့သော်လည်း မျက်စိနှစ်ကွင်း အလင်းမရခြင်းဖြစ်ရသည်။

ထို့ကြောင့် ဒေါသအလျောက်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ၊ သူတစ်ပါးအား ဒုက္ခရောက်စေသော ပြုမူမှု ကံဝဋ်ကြွေးသည် ပြုသူတို့ ဝဋ်ခံကြရလေသည်။

လေပြည့်နေသော ဘောလုံးတစ်လုံးကိုအုတ်နံရံသို့ ပစ်ပေါက်လိုက်လျှင် ၎င်းဘောလုံးသည် ပစ်ပေါက်သူထံ ပြန်လာ၏။

တစ်ဖက်သားအား နှိပ်စက်ညှင်းပန်းခြင်းပြုသူသည် (မကောင်းမှု ကံသည်) အချိန်တန်လျှင် မိမိထံသို့တန်ပြန်ကာ မကောင်းကျိုး ပေးတတ်ပါသည်။

ရှေးကကဲ့သို့ ဖြစ်ရပ်များရှိခဲ့သလို ယခု ဤလောက မြေမဟီ၌လည်း---

သူ့အမည် ဦးပေါက်ဖြစ်ပါသည်။

အသက် ၄၀ ခန့်။ မန္တလေးမြို့ ၃၆ လမ်း၌ သစ်ပြန်စိတ်ခွဲအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူဖြစ်ပါသည်။

တစ်နေ့သောအခါ---

မန္တလေးမြို့ဦးပေါက်ထံမှ ကျွန်တော်နေထိုင်သော မကွေးသို့ တယ်လီဖုန်းဆက်ပါသည်။

'ဆရာဦးဝင်းမြင့်လားခင်ဗျား'

'ဟုတ်ကဲ့ ကျွန်တော်ကိုဝင်းမြင့်ပါ'

'ကျွန်တော့်အမည်ဦးပေါက်ပါဆရာ၊ အသက် ၄၀ ရှိပါပြီ၊ ဆရာ့ဆီအကူအညီတောင်းချင်လို့'

'ဟုတ်ကဲ့၊ ရပါတယ်၊ တောင်းပါခင်ဗျာ'

ဒီလိုပါဆရာ၊ ကျွန်တော့်မှာ ဂရင်ဂျီနာစွဲကပ်နေပါတယ်'



'ဟုတ်ကဲ့၊ ဂရင်ဂျီနာဆို ဒီလိုလုပ်ပါလားခင်ဗျာ'

'ဝေဒနာခံစားရသူများအတွက် အလွယ်တကူအသုံးပြုနိုင်ဖို့ ဂရင်ဂျီနာပျောက်ဆေး ဖော်ထားပါတယ်၊ အဲဒီဆေးကို မန္တလေးမြို့ အမှတ် ၁၅၂၊ မင်္ဂလာလမ်း၊ ဦးခင်မောင်မြင့် ဒေါ်ခင်လတ်တို့ထံမှာ ရနိုင်ပါတယ်၊ နဝဒေဝဆေးလို့ မေးဝယ် ရပါတယ်ခင်ဗျာ'

'ဟုတ်ကဲ့ဆရာ၊ သတင်းစာထဲ ကြော်ငြာတွေ့လို့ ဆရာ့ဆေး ကျွန်တော် ဝယ်ခဲ့ပါပြီ၊ ဆရာ့ဆေးကိုယ်စားလှယ်ဒေါ်ခင်လတ်က ဆရာ့အိမ်လိပ်စာနဲ့ ဆရာနဲ့အနီးဆုံးဆက်သွယ်လို့ ရနိုင်တဲ့ တယ်လီဖုန်း ၂၁၃၉၅ နံပါတ်ပေးလိုက်ပါတယ်'

'သြော်--- ဟုတ်လား---၊ ဒါဖြင့် အဲဒါစားလိုက်ပါခင်ဗျာ'

'ဟုတ်ကဲ့၊ စားမှာပါဆရာ၊ မစားမီ ဆရာ့ကိုမေးသင့်တယ် ထင်လို့'

'မေးဗျာ၊ အဲဒါနဲ့ ဖုန်းဆက်မိတာတက်နေဦးမယ်နော်'

'ရပါတယ်၊ ဒါကျွန်တော့်ကိုယ်ပိုင်ဖုန်းပါ၊ ကျန်းမာရေးနဲ့ ဆက်နေတာပဲဆရာရယ်၊ ပြီးတော့ နိုင်ငံတော်ကို အခွန်အခ ဆောင်ရတာပဲဟာ၊ သဒ္ဓါကြည်ဖြူပါတယ်ဆရာ'

'ဟုတ်ပါပြီ၊ ဒါဖြင့်မေး'

'ဆရာ့ နဝဒေဝဆေးထုပ်ထဲမှာ စားရန်ဆေးညွှန်းပါပါတယ်ဆရာ၊ တစ်နေ့ (၃)ကြိမ်၊ တစ်ကြိမ်စားလျှင် (၃)လုံးလို့'

'အခု ဦးပေါက်ခံစားနေရတဲ့ ဂရင်ဂျီနာအခြေအနေပြော ပါဦး'

'ကြာပါပြီဆရာ၊ ပြည်တစိုစို ဖြစ်နေတာပဲ၊ ဆရာပေါင်းလဲ ဆေးလည်းစုံပြီဆရာ'

'ဒီလိုလုပ်ဗျာ၊ နဝဒေဝဆေးကို တစ်ကြိမ်စား ၆လုံး၊ တစ်နေ့ သုံးကြိမ်စားဗျာ'

'ဘယ်နှစ်ရက်လောက်စားရမလဲဆရာ'

'အင်း၊ ဦးပေါက် ဂရင်ဂျီနာက နှစ်နဲ့ချီကြာလာတော့ သုံး

www.burmeseclassic.com

www.burmeseclassic.com



လလောက်တော့ စားရလိမ့်မယ်ထင်တယ်'

'ကောင်းပါပြီဆရာ၊ ကျွန်တော် ယုံယုံကြည်ကြည်နဲ့ စာ

ပါ့မယ်၊ ကျေးဇူးတင်ပါတယ်ဆရာ'

ဦးပေါက်ဖုန်းချသွားပါသည်။

ရက်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ–

မန္တလေးမြို့ဦးပေါက်ထံမှ ဖုန်းလာပါသည်။

ထိုအချိန် ကျွန်တော်မရှိ။ မိတ်ဆွေတစ်ဦး၏ကလေးငေ

ဖျားနေ၍ သွားရောက်ဆေးကုသနေရ၏။

ည(၈)နာရီခန့် အိမ်ပြန်သောအခါ မန္တလေးမြို့ဦးပေါ

ထံမှာဖုန်းလာကြောင်း 'အိမ်သူ'က ပြောပါသည်။ ပြောနေစဉ်–

'ဦးဝင်းမြင့် ဖုန်းလာလို့'

အိမ်နီးချင်းဖုန်းဖြစ်ပါသည်။ ဖုန်းလာတိုင်း တလေးတစ

ခေါ်ပေးလေ့ရှိပါသည်။ ကျွန်တော် ဖုန်းသွားရောက်နားထော

လိုက်သောအခါ–

'ဆရာ၊ ကျွန်တော်ဦးပေါက်ပါ၊ ကျွန်တော့်အနာပျော

သွားပြီဆရာ'

'ဟာ---ဟုတ်လား ဦးပေါက်၊ ပျောက်သွားပြီလား'

'ပျောက်သွားပြီဆရာ၊ ဆရာက သုံးလကြာမှပျောက်မ

ပြောတယ်နော်၊ ဟော--- အခု ၁၈ ရက်နဲ့ပျောက်တယ်ဆရာ'

'ဟင်'

'ကျေးဇူးတင်လွန်းလို့ပါဆရာ၊ မန္တလေးကိုကြွခဲ့ပါဦး။ ဆ

မန္တလေးရောက်ရင် ဖုန်းနံပါတ် ၂၄၃၀၆ ဆက်ပါဆရာ၊ ကျွန်တေ

ဆရာ့ကိုပြုစုပါရစေ'

'ရပါတယ်ဦးပေါက်ရယ်၊ ကြုံရင်လဲ တွေ့ကြတာပေါ့'

ဦးပေါက်ကို မမြင်ဘူးသော်လည်း ဖုန်းထဲမှဦးပေါက်

အသံသည် ကျေနပ်ခြင်း၊ ဝမ်းမြောက်ခြင်းများနှင့် ပြည့်လျှံနေ

ကြည်လင်အေးမြလှပါသည်။



ဦးပေါက်ကျေနပ်ဝမ်းမြောက်သလို ကျွန်တော့်ရင်၌လည်း ပီတိသောမနသသအပြည့် ခံစားရပါသည်။

သည့်လိုနှင့် ရက်တွေကြာညောင်းခဲ့ပါပြီ။ တစ်နေ့သော အခါ မှတ်မှတ်ရရ (၂၂–၅–၈၉) ရက်နေ့တွင် မန္တလေးသို့ ကိစ္စတစ်ခုဖြင့်ရောက်သွားပါသည်။

မန္တလေးမှ စာသမား ပေသမား မိတ်ဆွေများအိမ် လည် ရင်းပတ်ရင်း ဘုရားအနှံ့ဖူးမြော်ပြီးနောက် ဦးပေါက်ထံသို့ ဖုန်းဆက်လိုက်သည်။

ဖုန်းဆက်ပြီး တစ်နာရီခန့်အကြာတွင် ဦးပေါက်သည် ကျွန်တော်တည်းခိုသောအဆောင်သို့ ဟွန်ဒါမော်တော်ဆိုင်ကယ် ကြီးကိုစီးလျက် ဗီဒီယိုကားထဲမှ 'ရမ်ဘို'ကြီးပမာ အပြေးအလွှားရောက်ချလာပါသည်။

သူ့လက်ထဲတွင် ပစ္စည်းတွေတထွေ့တပိုက်၊ ဝမ်းသာအားရမြန်မာပီပီ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်း ဦးချကန်တော့ပါတော့သည်။

လက်ဆောင်ပစ္စည်းများအပြင် ငွေသားကကျပ်တစ်ထောင် အိမ်သူ့အတွက် ကရမက်၊ နံ့သာဖြူ ၃၀ဝိ/–ကျော်ဖိုးဝယ်ပေးလိုက်သေးသည်။ ဒါတင်မကသေး။ မန္တလေးရှိ အကောင်းဆုံးစားသောက်ဆိုင်ကြီးသို့ခေါ်၍ ကျွေးမွေးပြုစုသေး၏။ တော်ပါတော့ ဦးပေါက်ရယ်ဟု တားယူရသည်အထိ။ ကျွန်တော်မန္တလေးတွင်နေထိုင်စဉ်အတွင်း အားနာလောက်အောင် ကျွေးမွေးပြုစုပါသည်။

တော်ပါသေး၏။ ဦးပေါက်နှင့်ကျွန်တော်တို့သည် အရက်မသောက်ကြသူများဖြစ်၍ အရက်ပါ ပါချေက မလွယ်၊ ဦးပေါက်က–

'ကျွန်တော့်ဘဝတော့ ဆုံးပြီထင်နေတာ၊ အနာပြည်အစိုစိုနဲ့ စအိုဝလို့က်စားပြီး အတွင်းဝင်ချိုင့်ကြီးဖြစ်နေတာ၊ အသက်သားက ဆရာကယ်တင်တာပါ'

'မဟုတ်ပါဘူးဦးပေါက်ရယ်၊ ခင်ဗျား ပျောက်ချိန်တန်လို့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်တာပါ'

ဦးပေါက်သည် ကျွန်တော့်စကားကြောင့် ခေတ္တမျှစဉ်းစား ပြီး---

'ကျွန်တော့်အနာက ဝဠ်နာပေါ့နော်'

'ဗျာ--- ဝဠ်နာဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ ယခုလို ကျွန်တော် သစ်စက်ပိုင်ရှင် ဘဝမရောက်မီ နွားလှည်းမောင်းခဲ့ရပါတယ်၊ ဆရာသိတဲ့အတိုင်းပဲ၊ နွားလှည်းပြိုင်ပွဲတွေမှာ ကိုယ့်နွားပြေးအောင်လို့ နှင်တံမှာသံချွန်တစ် ပြီး နွားစအိုဝကို ထိုးခဲ့ရတယ်ဆရာ၊ နွားစအိုဝ အနာဖြစ်မှာပေါ့ဆရာ၊ အဲဒါ ဝဠ်ကြွေးထင်တာပဲ'

'အင်း--- ဒါလဲ ဟုတ်မှာပေါ့ဗျာ'

'ဒီအနာနဲ့ပတ်သက်ပြီး ကုန်လိုက်တာသောက်သောက်လဲ ဆရာပေါင်းလဲစုံပါရော၊ ဆေးပေါင်းလည်းစုံ မပျောက်တဲ့အပြင် ပိုပြီး ဆိုးဆိုးလာတယ်ဆရာ၊ အခု ဆရာ့ဆေးနဲ့မှ ပျောက်ပေတော့တယ်'

'ကံနာ ဝဠ်နာဆိုတာ ဒီလိုပဲပေါ့ဗျာ၊ ပျောက်ချိန်တန်တော့ ပျောက်တာပါပဲ၊ ထိုက်သင့်တဲ့ဝဠ်ကြွေး ပြန်ဆပ်ပေးပြီးပြီပဲ'

ထိုနေ့က ဦးပေါက်တို့အိမ်မှာ ညစာထမင်းစားကြသည်။ ဦးပေါက်၏ဇနီးဒေါ်စိန်ဌေးကလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေး မွေးပြုစုပါသည်။

'သုံးဆောင်ပါဆရာ၊ ကျွန်တော့်ချွေးနည်းစာနဲ့ ရတဲ့ငွေနဲ့ ဆရာ့ကိုပြုစုတာပါ၊ တရားသဖြင့်ရတဲ့ငွေပါဆရာ'တဲ့။

မှန်ပါသည်။ ဦးပေါက်သည် သစ်စက်ပိုင်ရှင်နှင့် လုံးဝ မတူပါ။ သစ်ခွဲရာတွင်ဦးပေါက်သည် အလုပ်သမားများနှင့်အတူ ချွေးတစ်လုံးလုံးဖြင့် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်နေသည်ကိုမြင်တွေ့ ခဲ့ရပါသတည်း။

ဦးပေါက်တို့မိသားစု ကျန်းမာ၍ ချမ်းသာကြပါစေ။



# ထို့နောက်တစ်မျိုး ကြို့ကြီးထိုးသော်

( ၁ )

'ထို့နောက်တစ်မျိုး ကြို့ကြီးထိုးသော်
ဂုတ်ရိုးတစ်လျှောက် နှိပ်လျှင်ပျောက်၏။

စာရေးသူတို့အကြောပညာသင်ကြားစဉ် ကြို့ထိုးလျှင်ဂုတ် ရိုးကိုနှိပ်ပေးရသည်ဟု ရွတ်ခဲ့ဖတ်ခဲ့ကျက်ခဲ့ရပါသည်။ 'လက်တွေ့' ဆေးကုသရသည့်နယ်ပယ်သို့ရောက်သောအခါ ကြို့ထိုးသည့် ဝေဒ နာရှင် မကြာခဏတွေ့ရသည်။

သာမန်ကြို့ထိုးသူကို ဂုတ်ရိုးနှိပ်ပေးလျှင်ပျောက်၏။ ပြင်း ထန်စွာကြို့ထိုးနေသူမူကား ဂုတ်ရိုးနှိပ်ပေးရုံဖြင့်မပျောက်ပါ။

( ၂ )

ကြို့ထိုးခြင်းသည် ချောင်းဆိုးခြင်း၊ နှာချေဆတ်ခြင်း၊ လေ အန်ခြင်းတို့နှင့် ခပ်ဆင်ဆင်တူပါသည်။ ချောင်းဆိုးခြင်း၊ နှာချေဆတ် ခြင်း လေအန်ခြင်းတို့သည် ကာကွယ်မှု၏တုံ့ပြန်ချက်များဖြစ်ပါသည်။

'ကာကွယ်မှု၏တုံ့ပြန်ချက်' ဆိုသည်မှာ နေပူထဲ၌ လမ်း လျှောက်သောအခါ နေ၏အပူဒဏ်ကာကွယ်နိုင်ရန်အလို့ငှာ ခန္ဓာကိုယ် အပြောင်းမှ ချွေးများစို့ထွက်လာရ၏။

အကြောင်းတစ်စုံတစ်ရာကြောင့် မြူမှုန်ကလေးများ နှာ ခေါင်းမှဝင်လာသော် လေရှူပေါက်ထဲသို့ ဝင်မလာနိုင်စေရန် အလို့ ငှာလျှောက် နှာချေဆတ်ပေးရ၏။

နှာချေဆတ်ခြင်းသည် နှာခေါင်းတစ်လျှောက် ဩကာသ ဝင်းသွားစေပါသည်။ ကြို့ထိုးခြင်းမှာမူကား ဘာမျှအကျိုးမပြုပါ။ ...နှင့်မသင့်လျှင် သေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ကျွန်တော်သည် ဥပုသ်နေ့တိုင်း မိမိ၏လူနာများထံ ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ round လှည့်သလို လှည့်လည်ပါသည်။

ဆေးရုံပေါ်မှ ဆရာဝန်ကြီးများကတော့ နောက်လိုက် သူနာပြုများနှင့်အတူ လူနာ ခုတင်နားအထိ လှည့်လည်ကြည့်ရှုစစ်ဆေး၏။

ကျွန်တော်ကတော့ ဆေးလွယ်အိတ်ပခုံးလွယ်ကာ မြို့လုံးပတ်လည် ခြေလျင်လျှောက်ရပါတော့သည်။ ထိုသို့ လမ်းလျှောက်လှည့်လာစဉ်---

'ဆရာဦးဝင်းမြင့် ကျွန်တော်တို့အိမ်ကြွပါဦး' တစ်အိမ်အိမ်မှ ထွက်၍ခေါ်သော် ဝင်သွားရ၏။

တစ်ချို့က အမောပြေအဆာပြေ လက်ဖက်ရည်ကြမ်းနှင့်မြေပဲယို ကြိုသကာခဲ ကျွေးချင်မွေးချင်၍ တစ်ချို့အိမ်ကတော့ လျက်ဆားနှင့်လျှာပွတ်ဆေးကလေး လိုချင်၍-

ယခုလည်း မကွေး အ-ထ-က(၁)ကျောင်းကြီး အရှေ့ဘက်ရောက်သောအခါ-

'ဗျို့---ဆရာဦးဝင်းမြင့် လာပါဦးဗျ---'

မကွေးမြို့နယ်ဥပဒေရုံးမှ ကိုတင်ရှိန်တို့ဖနီးမောင်နှံ အိမ်ပေါက်ဝမှ ဆီး၍ခေါ်သည်။

'ထိုင်ပါဦးဆရာရဲ့၊ ဒီဘက်မလာတာ ကြာပြီနော်'

'ဟုတ်ပါတယ်ဗျာ၊ မလှိုင်မြို့နဲ့မန္တလေး ခရီးထွက်သွားတာ တစ်လကျော်ကျော်ကြာတယ်'

'မြေပဲဆန်ကြော်နဲ့ ရေနွေးကြမ်း သောက်ပါဦး'

'အင်း--- သောက်တာပေါ့'

ကိုတင်ရှိန်နှင့်စကားပြောလိုက် ရေနွေးကြမ်းသောက်လိုက်နှင့် နာရီဝက်လောက်ကြာသောအခါ-

'ဦးဝင်းမြင့် ကျွန်တော့်ကို သတိထားမိရဲ့လား'

သည်တော့မှ သူ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။ မျက်လုံးတွေဝါလို့ပါကော။

'ကျွန်တော် အသည်းရောင်အသားဝါဖြစ်နေတာဗျ။ တစ်လလောက်ကြာပြီ၊ ကံကောင်းလို့မသေတယ်၊ တော်တော်ဆိုးဆိုးကြီးကိုဖြစ်တာ၊ အသည်းကရောင်တော့ ဗိုက်ကြီးကတင်းတယ်၊ ...လဲ အန်တယ်'

'ဒါလောက်ဖြစ်နေတာကို ဘာဖြစ်လို့ ကျွန်တော့်အိမ်...ယူမလွှတ်တာလဲ'

'ကျွန်တော်ကလဲပေါ့နေတာဗျ၊ လွယ်လွယ်နဲ့ပျောက်သွားမယ်ထင်နေတာ၊ တစ်နေ့တခြားဆိုးဆိုးလာတယ်၊ ဒါနဲ့ နီးရာဆေး...ပြတော့ သံပုရာရည်နဲ့ဂလူးကို့စ် သောက်ရမယ်တဲ့၊ ဆရာဝန်...ကြီးတဲ့အတိုင်း သောက်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အစား...သောက်မရှောင်တာလဲပါမှာပေါ့ဗျာ၊ နောက်ဆုံးတော့ ကြို့ထိုးလာ...တော့တာပဲ

'ဟင်--- အင်း- ပြောပါဦး'

'ကြို့ထိုးလာရင် အဲဒီလူနာ မဟန်ချင်တော့ဘူးဆိုတာ ...တော် ကြားဖူးနားဝ ရှိတာကိုး၊ ထိတ်ထိတ်ပျာပျာဖြစ်သွားတာ... ဒါနဲ့စိတ်ကို ငြိမ်ငြိမ်ထားပြီး၊ အခုနေဘာလုပ်ရင် အကောင်းဆုံး...မယ်ဆိုတာ စဉ်းစားရတော့တာပေါ့၊ စာဖတ်ခြင်းရဲ့အကျိုးကျေး...ဇူးဆိုရမှာပဲ ဦးဝင်းမြင့်ရဲ့'

'အင်း---ပြောပါဦး၊ ဘယ်လိုလဲ'

'ကျွန်တော့်စိတ်ထဲမှာ ရေးတေးတေးကလေးမှတ်မိတာ...တစ်ခုပေါ်လာတယ်၊ ကြို့ထိုးရင် အကောင်းဆုံးပျောက်နည်း...လေးတစ်ခုပေါ့၊ ကျွန်တော်ဖတ်ဖူးမှတ်ဖူးတာကိုး၊ အဲဒီစာအုပ်...ညီက The Orange Man တဲ့၊ ကျော်သိန်းဘာသာပြန်တာ၊ ...မှော်ရောင်လူသားနဲ့ ဆေးပညာအဖြစ်ဆန်းများတဲ့

www.burmeseclassic.com



ကိုတင်ရှိန်က စာအုပ်စင်ပေါ်တွင် အဆင်သင့်ရှိနေသော စာအုပ်ကို ထယူသည်။ စာအုပ်စင်နေရာမှ စာပိုဒ်ကလေးတစ်ခု ဖတ် ပြသည်။

ကြို့ထိုးပျောက်အောင် ရုတ်တရက်ထိတ်လန့်သွားအောင် လုပ်သည်။ တချို့က အသက်ကိုအောင့်ပြီး နှာချေအောင်လုပ်သည်။ အချို့ကလည်း ရေအေးအေးကလေး တစ်ခွက်ကို တဖြည်းဖြည်း သောက်၏။ လက်တွေ့ပျောက်ကင်းကြ၏။

ထိုနည်းများအနက် စိတ်အချရဆုံး အလွယ်ကူဆုံးသော နည်းမှာ ကြို့ထိုးသူသည် စက္ကူတစ်အိတ်ထဲသို့ နှစ်မိနစ် သုံးမိနစ် ကြာအောင် အသက်ရှူပေးရသည်။ (နှာခေါင်းနှင့်ပါးစပ်ကို စက္ကူ အိတ်နှင့်စွပ်ထားပြီး အသက်ရှူပေးခြင်းဖြစ်သည်။

ဤသို့အသက်ရှူပေးခြင်းအားဖြင့် ပထမ စက္ကူအိတ် တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များတိုး၍တိုး၍များလာသည် နောက်ဆုံးတွင် သွေးများထဲ၌ ကာဗွန်ဒိုင်ဘောက်ဆိုဒ်ဓာတ်များ ရောက်ရှိသွားသည်။ ဦးနှောက်တွင်ရှိသော အသက်ရှူမှုဆိုင်ရာ ဗဟို ဌာနများကို ကာကွယ်ခုခံရေးအတွက် လှုံ့ဆော်ပေးလိုက်သည်။

လှုံ့ဆော်ပေးလိုက်ပုံမှာ ယင်းဗဟိုဌာနက များပြားစွာရ လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များ ပပျောက်သွား ရန်အတွက် ဝမ်းဗိုက်ပိုင်းနှင့်ရင်ခေါင်းပိုင်းကိုခြားထားသည့် က လန့်ကာကဲ့သို့ရှိသောအမွှေး၏ ဖွင့်ပိတ်၍ရသောအပေါက်များ လျင်မြန်စွာကျုံ့သွားအောင် ပြုလုပ်ပေးလိုက်သည်။ သို့ဖြင့် ကြို့ထိုး ခြင်း ရပ်စဲသွားစေသည်တဲ့ဗျ'

'ကျွန်တော် အဲဒါကို ဖတ်ဖူးထားတာကိုး။ အဲဒီအတိုင်း လုပ်ကြည့်တာပေါ့၊ အံ့ဩစရာပါပဲဗျာ၊ စောစောက ကြို့ထိုးနေတာ တော့ပျောက်ပြီ၊ အသည်းရောင် အသားဝါပျောက်ဖို့လိုတယ်ဆေး ဒါကြောင့်ဦးဝင်းမြင့်ရေးတဲ့ဆေးစာအုပ်တွေလိုက်ရှာတော့ တွေ့ဆေး မက်လင်ချဉ်နဲ့ထန်းလျက်လေ၊ မက်လင်ချဉ်ကိုကျို့ အဲဒီမက်လင်ချဉ်



အရည်ကို ခွက်တစ်ခုထဲတည့်ထား၊ နောက် ထန်းလျက်ကျို့ သူတို့ နှစ်ခုကို 'ချဉ်ချို' အရသာကလေးရှိအောင် လိုအပ်သလို ခပ်သောက် ဆိုလို့ သောက်ပါတယ်၊ အခုမြင်တဲ့အတိုင်းပဲ၊ သက်သာသွားပြီလေ။ နောက်ဖြစ် သန်ဘက်လောက် နောက်ထပ်ကျို့သောက်ဦးမယ်'

'သောက်ပေးကိုရင်၊ အဲဒါမှပျောက်မှာ၊ အဲ ကိုရင်ပြော တဲ့ ကြို့ထိုးပျောက်နည်းကလေး မဆိုးဘူးနော်'

'ကောင်းတာပေါ့ဗျ၊ သိပ်ကောင်းတဲ့နည်းဗျ၊ ဦးဝင်းမြင့် ကိုပြောပြချင်နေတာ၊ ဦးဝင်းမြင့်ကိုပြောလိုက်ရင် တစ်နိုင်ငံလုံး သိ နိုင်တာကိုး၊ စာဖတ်ခြင်းကျေးဇူးပေါ့ဗျာ။ အင်း---ကျွန်တော်က အသားဝါရောဂါဆိုတာ ပေါ့သေးသေး ထင်နေတာ၊ ရောဂါရင့်လာ တော့ ဆေးခန်းပြေးရတာပေါ့၊ ဂလူးကို့စ်ကို သံပုရာရည်နဲ့သောက်ပါ ဆိုလို့ သောက်ပါတယ်။ ငွေ (ရဝဝ)လောက် ချောပါရောလား'

'ဒါပေါ့လေ ကိုရင်က ငွေကုန်အောင်ကုနည်းနဲ့ကုတာကိုး'

'မကုန်အောင်ကုနည်းရှိလို့လား'

'မက်လင်ချဉ်နဲ့ထန်းလျက်လေ၊ ငွေတစ်ဆယ်ထက် ပို ကုန်ဘူး၊ အဲ တစ်ပြားမှမကုန်တဲ့နည်းတောင်ရှိသေးတယ်'

'ဟင်---ဘယ်လိုနည်းလဲဗျ'

ကြက်သွန်နီနှစ်ဥလောက် အခွန်သင်၊ ပါးပါးလှီး၊ သကြား လက်ဖက်စားဇွန်း သုံးဇွန်းလောက်ထည့်၊ ရောမွှေပြီး အကုန် စားပေတော့၊ အသည်းရောင်အသားဝါ ကောင်းကောင်းနိုင်ပါ့ဗျာ'

'တောက်---အစကတည်းက အဲဒီနည်းမသိလိုက်တာ သေဗျာ'

◈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဆေးသမားပိဋကကို
## အဘယ်အရာနှင့် လဲနိုင်ပါအံ့နည်း

အကယ်၍သာ လူတို့အာခံတွင်း၌ 'လျှာ'ပါမလာပါက ချို သည်၊ ငန်သည်၊ စပ်သည်၊ ခါးသည်ဟူ၍ အရသာများမသိနိုင်သည့် အပြင် စကားလည်း ပြောနိုင်မည်မဟုတ်ချေ။

နံနက်အိပ်ရာထမှ ညဥ့်အိပ်ရာဝင်သည်အထိ ကျွန်တော် တို့တစ်တွေသည် 'လျှာ'ကိုအဓိကထား အသုံးပြုနေကြရသည်ကို လူတိုင်း သတိထားမိအံ့မထင်။

လျှာသည် အာရုံကြောများ စုဝေးရာအရပ်ဖြစ်ပါသည်။ 'လျှာ'သည် ငယ်သာငယ်သည်၊ အရေးကြီးလှသည်။ တစ်ဦးနှင့် တစ်ဦးစကားပြောရာ၌လည်းကောင်း၊ အစားအစာ ရေစသည်တို့ စား သောက်ရာ၌လည်းကောင်း 'လျှာ'မပါလျှင် မဖြစ်။

မိမိတို့ ဘာသာစကားအလိုက် စကားပြောနိုင်သည်မှာ လျှာကြောင့်ဖြစ်၏။ ဥပဒေအချက်အလက် အကိုးအကားများဖြင့် စွမ်းစွမ်းတမံ တရားခွင်တွင်လျှောက်လဲကြသော ရှေ့နေကြီးများကို 'လျှာကဝေ'ဟု တင်စားခေါ်ဝေါ်တတ်ကြသေး၏။

မိန်းမအချင်းချင်း 'အတင်း''အဖျင်း' ပြောကြသောအခါ တွင် အပြောခံရသူမိန်းမက မဲ့ကာရွဲ့ကာဖြင့် 'ဒီကောင်မ လျှာအရိုး မရှိတိုင်း မဟုတ်တာပြောတယ်'ဟူ ၍–

ဂျပန်စကားပုံတစ်ခုကလည်း–

'သုံးလက်မသာရှိသော မိန်းမတို့လျှာသည် ခြောက်ပေ မြင့်သော ယောကျာ်းရင့်မကြီးများကို သတ်ပစ်နိုင်၏'တဲ့။

လျှာ၏တန်ဖိုးကြီးများပုံကို ထပ်၍အစီရင်ခံပါရစေ။ စာရေးသူ၏မိတ်ဆွေပါ၊ ဦးရဲမြင့်တဲ့၊ မောင်ရဲ(ညောင်ဦး) ဟူသော ကလောင်အမည်ဖြင့် စာရေးနေသော စာရေးဆရာဖြစ်ပါသည်။

တစ်နေ့ ကျွန်တော်ပုဂံ–ညောင်ဦးသို့ ရောက်သွားပါသည်။ မိတ်ဆွေဦးရဲမြင့်တို့နေအိမ်မှာ တည်း၏။ ဦးရဲမြင့်၏ဖခင်သည် လျှာ ကင်ဆာဖြစ်၍ အိပ်ရာထဲလဲနေသည်ကို တွေ့ရပါသည်။ လျှာမှာ ပိုက်သွင်းရပါသည်။

အစာအာဟာရများကို သားသမီးများနှင့် လည်ချောင်းမှ အပေါက်ဖောက်၍ ပိုက်ဖြင့်သွင်းရပါသည်။

ထိုဦးလေးကြီးသည် သားသမီးများနှင့်စကားပြောချင် သောအခါ ကျောက်သင်ပုန်းတစ်ချပ်ပေါ် ကျောက်တံဖြင့်ရေး၍ပြော ပါသည်။

တစ်ကြိမ်သော် ထိုဦးလေးကြီးက ရေသောက်ချင်ကြောင်း စာနှင့်ရေးပြ၏။ ထို့ကြောင့် အပေါက်ဖောက်ထားသောလည်ချောင်းမှ ရေကိုပိုက်ဖြင့် သွင်းရသည်။ ဗိုက်ထဲသို့ ရေမတ်ခွက် တစ်ခွက်စာမျှ ဝင်သွားသော်လည်း အားရတင်းတိမ်ဟန်မပြပါ။

ထိုဦးလေးကြီးက ကျောက်သင်ပုန်းပေါ်၌ သူ့ခံစားချက် ရေးပြပါသည်။

'အခုနေများ ပါးစပ်ပေါက်က ရေသောက်လိုက်ရရင် ရေ တစ်အိုးတောင်ကုန်ပါရဲ့'တဲ့။

သူ့စာဖတ်ပြီး ရင်ထဲ နင့်ခနဲခံစားရပါသည်။ ဩော်--- ဒို့များလူတွေ အစားအစာ ရေတို့ကို စားမျိုရာ၌လျှာ၏အရသာ မခံ စားရပါက အချည်းနှီးပါတကား။

လျှာသည် ရသချည်မာတ်ကို သွေးကြောများထဲသို့ရောက် များအောင် ချက်ချင်းပို့နိုင်စွမ်းရှိ၏။ ထိုအကြောင်းကို နားလည် သဘောပေါက်သော မြန်မာသမားတော်ကြီးများက 'လျှာပွတ်ဆေး နည်း'ဟု တီထွင်ခဲ့ခြင်း ဖြစ်ပါသည်။

လျှာကိုပွတ်ပေးရုံမျှဖြင့် သွေးကြောမျှင်ထဲသို့ ရောက်သွား စေ၏။ ဆေးဝါးအပ်နှင့်ထိုးမှသာ အသွေးအသားထဲ ရောက်သည်ဟု ထင်ပါနှင့်။ လျှာပွတ်ဆေးသည်လည်း 'မြန်မာအင်ဂျက်ရှင်'

www.burmeseclassic.com



ဖြစ်ပါသတည်း။

ထို့ကြောင့် ကျွန်တော်တို့တိုင်းရင်းသမားတော်ကြီးများ လျှာပွတ်ဆေးကို အားထားအသုံးပြုခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ သူကျွန်ဘဝရောက်ခဲ့ကြပြီး နော ပိုင်းတွင် အနောက်တိုင်းအထင်ကြီးသူများက မြန်မာဆေး ခါးသ န့်သည်ဟုဆိုကာ ပစ်ပယ်လာကြသည်။

အာမထိ လျှာမထိ သကြားအုပ်၍မျှော့ချရသည့် ဆေး အထင်ကြီးကြသည်။ မြန်မာ့လျှာပွတ်ဆေး မျက်နှာငယ်ခဲ့ရပါသည်

သို့သော် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့ရာသီဥတု၊ မြ မာ့ဓလေ့စရိုက်နှင့်အညီ မြန်မာတို့၏နေ့စဉ်သုံး အစားအစာများ 'အစာလည်းဆေး ဆေးလည်းအစာ'ဟုကြွေးကြော်ကာ မျိုးချစ်မြန် မိန္ဒောဆရာကြီးများက တိုင်းရင်းသားလုပ်သားပြည်သူများ၏ ကျန်း ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

ထို့ကြောင့် ယခုအခါ တိုင်းရင်းဆေး ဦးမော့လာပါပြီ

လျှာပွတ်ဆေးနှင့်ပတ်သက်၍ စာရေးသူတို့အမေက ကျွ သို့ပြောဖူး၏။ 'ဟဲ့---လူလေးရဲ့၊ တို့ရိုးရာလျှာပွတ်ဆေးက အစွ ထက်တာပေါ့ဟဲ့၊ မင်းငယ်ငယ်တုန်းက ဖျားလိုက်တာများဟယ် တက်ကိုသွားတာပဲ၊ အဲဒါလျှာပွတ်ဆေးနဲ့အသက်ရှင်ခဲ့တာပဲ' ဟု

အမေ၏အဖေမှာ ဦးအောင်လုဖြစ်ပါသည်။ အသက် (၉ နှစ်အထိ နေပါသည်။ ရွာမှ'ဘအောင်လု'လျှာပွတ်ဆေးဟူ၍ မည်ကြီးလှ၏။ ထိုလျှာပွတ်ဆေးတောင့်ပြုလုပ်နည်းကို ကျွန်တေ ရယူလိုက်နိုင်ပါသည်။

ကျွန်တော်အိမ်ထောင်ကျသောအခါ သားသမီး ခု ယောက်မွေးပါသည်။ တစ်ယောက်မှအဖိတ်အစင်မရှိ။ ထိုသားသ များ၏ကျန်းမာရေးကို လျှာပွတ်ဆေးတစ်လက်နှင့် စောင့်ရှော နိုင်ခဲ့ပါသည်။

ကျွန်တော် အသက်နှင့်ထပ်တူ ယုံကြည်မြတ်နိုးသေ



င်းခိုင်းဆေး။ အားထားစိတ်ချရသော အဖိတ်အစင်မရှိသော ဒီ တ်တွေ့ဆေးကောင်းဝါးကောင်းများနှင့် အားလုံး၏ဆေးများအပေါ် သိနှင့်ယှဉ်၍ စိမ်နိုင်အောင် အားထုတ်ကြိုးစားခဲ့ပါသည်။

ဆေးဆရာဟူသည် ဆေးအပေါ်မှာ ဆရာလုပ်နိုင်မှသာ ပါသည်။ 'ဆေး၏ဆရာ'မဟုတ်မှုဘဲ ဆရာဖြစ်သူက ဆေးအပေါ် ပ်သလို အသုံးပြုလာနိုင်သောအခါ 'မေတ္တာရှင်ဆေးတိုက်'ဟူ၍ ၉-ခုနှစ်၊ ဇန်နဝါရီ ၄-ရက် (မှတ်မှတ်ရရ လွတ်လပ်ရေးနေ့၌) လုပ်ခဲ့ပါသည်။

ကျွန်တော့်ဆေးခန်းသို့ လက်လုပ်လက်စား ဆင်းရဲသား ၏ သားငယ်သမီးငယ် ရင်သွေးငယ်များသာ အလာများပါသည်။ န်တော့အကျသား။

အလွန်လွယ်ကူသောဆေးပစ္စည်း လျှာပွတ်ဆေးတစ်လက် ကုနိုင်ခဲ့ပါသည်။ သမားဖျင်းတော့ ပုလင်းများပါသတဲ့လေ။

'ဆရာ့လျှာပွတ်ဆေးကတော့ ကောင်းပါ့၊ ကလေးအဖျား တ်ချင်းကျသွားတာပဲ'

လင်ပန်းထဲတွင် ခြံထွက်သဘောသီးမှည့်ကလေး ထည့် န်တော့လာသော အဒေါ်ကြီးက မနေနိုင်မထိုင်နိုင် ကျွန်တော့် ပွတ်ဆေးကို ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်ပါတော့သည်။

ကျွန်တော်ကလည်း လေကြောရှည်သူပီပီ 'အဒေါ်နယ် လျှာပွတ်ဆေးက ကျွန်တော်တို့အဘဆီကရလိုက်တဲ့ဆေးနည်းဗျ ဘတို့ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းသယ်ဆောင် လာတဲ့ ပေါ့၊ အိမ်မှာ ကလေးဘယ်နှစ်ယောက်ရှိတုန်း'

'များတယ်ဆရာရဲ့'

'ဒါဖြင့် လျှာပွတ်ဆေးဖော်ထားပါလား။ လျှာပွတ်ဆေး ောင့်လုပ်နည်း ရေးပေးလိုက်မယ်လေ'

စာရွက်တစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးပေး ၏။

www.burmeseclassic.com

www.burmeseclassic.com



မုန့်ညင်းဥ၊ ကွမ်းရွက်၊ ရှိန်းခို၊ ကြောင်ပန်းရွက်၊ ငါးကျပ်သားစီ၊ ဒဟပ်ခေါက်နှစ်ကျပ်သား၊ အညော်ခံပွေးက တစ်ကျပ်သား အမှုန့်ကြိတ်။ အတောင့်လုပ်။

သဘော်သီးလာပို့သောအခေါ်ကြီးပြန်သွားတော့ ကလေး အမေတစ်ယောက် ရောက်လာ၏။

'ဆရာ– ကလေးရင်ကျပ်နေလို့'

'ရပါတယ်ဗျာ--- ဟောဒီ လျှာပွတ်ဆေးကို ညက်အောင်ကြိတ်၊ နှမ်းဆီနဲ့ရင်ဘတ်ကိုဖျော်လိမ်းပေတော့၊ ပြီးတော့-- လျှာကိုလဲ ဟောဒီဆေးမှုန့်ကလေးပွတ်ပေး'

'ဆေးဖိုး---ဆရာ'

'သုံးကျပ်ပဲပေးပါဗျာ'

ဆေးခန်းမှ ခန်းဆီကိုပမ့်၍ မီးဖိုချောင်ဘက် လှမ်းကြည့်လိုက်သောအခါ ကျွန်တော့်အိမ်သူသည် မျက်မှန်ပေါက်စကလေးကိုစွတ်ကာ ဆန်ဖန်းထဲမှ စပါးလုံးများကိုရွေးရင်း–

'ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကွာရှင်းမည်' ခုတော့ သူက နဂါးနီသီချင်း ဆိုလို့ပါကော။

ယခင်က စာရေးသူ၏အိမ်သူသည် ခရီးသွားဆေးသမား ကျွန်တော့်ကို နှုတ်မှမတားရဲ မပြောရဲ၍ 'အရပ်တကာသွားတာ လျှော့ပါမောင်ရဲ့'ဟူသောသီချင်းဖြင့် ရိပ်၍စောင်း၍ဆိုခဲ့ပါသည်။ သို့သော် ကျွန်တော် အလေးမမူခဲ့။ အရပ်တကာနယ်လှည့် ခရီးထွက် ဆေးကုခဲ့ပါသည်။

ယခုသော်ကား ဆေးခန်းဖွင့်လှစ်လိုက်၍ ဟိုဟိုသည်သည် ဝေးဝေးလံလံသို့ မသွားနိုင်တော့ပါ။ ပထမတော့ ခရီးမသွားရ ဘဝင်မကျသလိုလို စိတ်ပျက်မိသလိုလို။

ဟော ခုတော့ ကျွန်တော်ဆေးခန်းထဲမှာ ငှက်ဖျားရောဂါကြောင့် ပျောက်ကင်းစပြုလာတဲ့ ကလေးငယ်ရဲ့အပြုံး နွေးထွေးထွေးနှင့်နေထိုင်ရပြီး ပိမိရင်ခွင်ထဲကသားငယ်နေကောင်းသွား



ပြီးပျော်နေသည့် မိခင်ရဲ့အပြုံး။ ထိုအပြုံးကလေးများကို တွေ့မြင်ခံစားနေရသည့် 'ဆေးသမားပီတိ'သည် အဘယ်အရာနှင့် လဲနိုင်ပါအံ့နည်း။

◈

## မြို့ပိုင်ကြီး ဦးအင်ဆိုင်

တစ်နေ့။

စာရေးသူသည် မင်းဘူးမြို့သို့ရောက်ရှိသွားသည်။

မှတ်မှတ်ရရဆိုရသော် ၁၉၇၉–ခု၊ ဩဂုတ်လ ၂၄ ရက်နေ့ဖြစ်၏။ မင်းဘူးမှတစ်ဆင့် ဆင်ခေါင်းရွာသို့သွားရန်ဖြစ်၏။ အမှတ်ထင် မင်းဘူးမြို့၌ မမျှော်လင့်ဘဲ မြို့ပိုင်ကြီးဦးအင်ဆိုင်နှင့် တွေ့လိုက်ရပါတော့၏။

မြို့ပိုင်ကြီးဦးအင်ဆိုင်ကို 'မြို့ပိုင်'ဟူသောအခေါ်အဝေါ်တွေ မပြောင်းမီကတည်းက ရင်းနှီးခဲ့သူဖြစ်၍ 'မြို့ပိုင်ကြီး'ဟုပင် နှုတ်ကျိုးနေပါပြီ။

တစ်ခါတစ်ရံ မြို့ပိုင်ကြီးသည် အမှုထမ်းပီပီ ငွေရေးကြေးရေးပြတ်လပ်နေသည်ကိုမြင်တွေ့ရသောအခါ 'မြို့ဘိုင်ကြီး'ဟုနောက်မိပါသေး၏။

မြို့ပိုင်ကြီးဦးအင်ဆိုင်သည် မကွေးမှစေတုတ္တရာသို့ ပြောင်းခဲ့ရ၏။ ယခု မင်းဘူးကောင်စီရုံးမှာ တွေ့လိုက်ရတော့ တအံ့တဩဖြစ်သွား၏။

'မြို့ပိုင်ကြီး'

ဝမ်းသာအားရ ခေါ်လိုက်မိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော---ကိုဝင်းမြင့် ဘယ်သွားမလို့လဲ'

'ဆင်ခေါင်းသွားမလို့ဗျ'

'ဘာကိစ္စ'

'ဒီလိုပေါ့ဗျ၊ ဆေးသမားဆိုတော့ ခရီးသွားရတာပေါ့၊ ခရီးသွားမှလဲ ဆေးပင်ဆေးဝါး ဆေးဗဟုသုတကြွယ်ဝတာဗျ၊ ဒါကြောင့် ဆေးဝါးဆေးပင်တွေရှာရင်း ဆေးကုရင်း ဆိုပါတော့'

'အေးဗျာ ခုတစ်လော ခင်ဗျားဆေးစာအုပ်တွေဖတ်ရတာ ကျုပ်အားရတယ်၊ သဘောလဲကျတယ်၊ ဟိုတုန်းက ကျုပ်လဲ မြန်မာဆေး အထင်မှမကြီးဘဲ၊ ခုမှ ကိုယ်တွေ့ကြုံရလို့ အထင်ကြီးလာတာ'

'ဟုတ်လား မြို့ပိုင်ကြီး၊ ကြားရအောင် လုပ်စမ်းပါဦး'

'ခင်ဗျားကလဲ ထိုင်ဦးလေဗျာ၊ လက်ဖက်ရည်လေး ဘာလေးသောက်ပါဦး'

သို့ဖြင့် ကျွန်တော်သည် မြို့ပိုင်ကြီးဦးအင်ဆိုင် စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်လိုက်မိပါသည်။

ရေနွေးကြမ်းတစ်ခွက်လည်း ကောက်သောက်လိုက်၏။

'ကျုပ်ဗျာ စေတုတ္တရာတုန်းက လူကို သေရောမှတ်တာ တစ်ညလုံး ဆီးမသွားနိုင်ဘဲဖြစ်သွားတာ အဲဒါ မြန်မာဆေးမှပျောက်တာ'

မြို့ပိုင်ကြီး စကားပျိုးတော့၏။

'ဟုတ်လား---ဆက်ပါဦး'

'ဒီလိုဗျ၊ ခင်ဗျားသိတဲ့အတိုင်းပဲစေတုတ္တရာမှာ နယ်တွေခရီးထွက်ဖို့က ကိုယ့်ခြေထောက် ကိုယ်အားကိုးရတာ၊ ပြီးတော့ ချောင်းတွေ မြောင်းတွေဖြတ်ရတာ၊ အခုလို တော်သလင်းလကြီးပေါ့ နေကလဲ ပူလိုက်တာအရမ်းပဲ ကျုပ်တို့စစ်ကြောင်းကြီးငါးကြောင်းနဲ့ အတူ နယ်ထွက်ကြရတော့ ရင်ဆို့လောက်ရှိတဲ့ချောင်း၄–၅ချောင်း ဖြတ်ရတယ်၊ အပြန်ကျတော့လဲ ဒီလိုပဲပေါ့၊ ညနေဆို အိမ်ပြန်ရောက်တော့ မထူးပါဘူးလေ ရေချိုးလိုက်တာကောင်းပါတယ်ဆိုပြီး



ရေချိုးလိုက်တာ၊ အိုး---ရေလဲချိုးပြီးရော ဆီးစပ်ထဲက ကိုက်လိုက်တာဗျာ မပြောပါနဲ့တော့၊ ဆီးသွားချင်တာလဲသွား မရဘူးဗျ၊ အခံရ ခက်ကယ်ဆိုးတာပဲ၊ တစ်ညလုံး ဆီးသွားချင်ရက်နဲ့ သွားမရဘူးဗျို့၊ နောက်မိုးလင်းတော့လဲ သွားမရဘူးဗျ၊ ဒါနဲ့ ၁၁–နာရီလောက်ရှိတော့ ရုံးချုပ်ရုံးက ရုံးစောင့်ကြီးလိုက်လာတယ်။ သူ့နာမည်က ဦးကောင်းတဲ့'

ဦးကောင်းက–

'ဆရာ---ရုံးရောက်မလာလို့၊ နေမကောင်းလို့ မလာတာများလားလို့ အိမ်လိုက်လာတာပါ'

'ဟုတ်တယ်ဗျာ---ဦးကောင်း'

ကျုပ်လဲ အစအဆုံး ဖြစ်ပျက်ပုံ ပြောပြလိုက်တော့ ဦးကောင်းက–

'အဲဒါ ဆီးပူဝပ်သွားတာဆရာ၊ ဆီးသွားမရတာကို ချက်ချင်း သွားနိုင်တဲ့နည်း ကျွန်တော့်မှာရှိတယ်'

သူက အဲဒီလိုပြောတော့–

'ကဲ---ရှိရင်လဲလုပ်စမ်းပါဗျာ ဦးကောင်းရာ၊ ဒီမှာ အခံရခက်လှပြီ' လို့ပြောတော့–

ဦးကောင်းက–

'ဒါဖြင့်ရင် ကျွန်တော်ရေနွေးအိုး တည်လိုက်ဦးမယ်ဆရာ' ဆိုပြီး မီးဖိုထဲဝင်သွားတယ်။

'ဒါနဲ့ မြို့ပိုင်ကြီး အမျိုးသမီးနဲ့ကလေးတွေကကော'

ကျွန်တော်ကြားဖြတ်မေးလိုက်တော့–

'သူတို့ကို မကွေးအိမ်မှာ ထားတယ်လေဗျာ၊ ကျုပ်တစ်ယောက်တည်း ဒီမှာလာနေတာကိုးဗျ'

'အဲဒါနဲ့ ဦးကောင်းက ရေနွေးအိုးတည်ပြီး ဘာလုပ်လဲဆိုတော့ ကြက်သွန်နီဥကြီးတစ်ဥ ယူလာတယ်၊ အဲဒါကို ဓားနဲ့ ခွင်းလိုက် ပါးပါးလှီးတယ်၊ လှီးရတဲ့ကြက်သွန်နီကို ဖန်ခွက်ထဲ ထည့်တယ်၊ သံကြားနည်းနည်း ထည့်ပြန်တယ်၊ ရေနွေးပူပူ လောင်း

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး ဖွန်းနဲ့မွှေတယ်၊ နည်းနည်းအေးတော့ ကျုပ်ကိုအသောက်ခိုင်းတယ်။ ကျုပ်က စဉ်းစားကြည့်တာပေါ့။ ကြက်သွန်နီဆိုတာ ဆီးကောင်းတယ်လို့ကြားဖူးတယ်။ သကြားလည်းမဆိုးဘူး။ သူတို့ နှစ်ခုပေါင်းစပ်သောက်တာလောက်တော့ ဘာအန္တရာယ်မှမဖြစ်နိုင်ဘူးဆိုပြီး ကျုပ်လဲ ဦးကောင်းပေးတဲ့အတိုင်း ခံစားနေရတဲ့ ဒုက္ခဝေဒနာ ပျောက်ချင်ဇောနဲ့ သောက်ချလိုက်တာပေါ့'

'ဟုတ်ကဲ့၊ ဆက်ပြောပါဦး'

'ကိုဝင်းမြင့်နှယ်ဗျာ–ကောင်းလိုက်တဲ့ဆေး၊ သောက်ပြီးလို့ ၅ မိနစ်တောင်မကြာဘူး၊ ကန်တော့ပါရဲ့၊ ကျုပ်ကျင်ချောင်းထဲ စစ်ခနဲ စစ်ခနဲကျင်ပြီး သွားလိုက်တဲ့ဆီး ဒလဟောပဲ၊ ဟဲ ဟဲ တောင်ကျရေပမာပေါ့၊ ဆီးသွားလို့ အရသာရှိလိုက်တာလဲ မပြောပါနဲ့တော့'

အောင့်အီးရတာတွေကို လွတ်လွတ်လပ်လပ်ကြီး ဖွင့်ဟလိုက်ရလို့ ရင်ထဲပေါ့ပါး အေးမြသွားနည်းမျိုးပေါ့ဗျာ၊ တစ်ညလုံး တစ်မနက်လုံး ဆီးသွားချင်ရက်နဲ့ မသွားနိုင်တဲ့ ဒုက္ခဝေဒနာကြီးက ဆီးတွေတဖျောဖျောသွားတော့ အကြောတွေ စိမ့်တက်လာအောင် ဗိတိလည်းဖြာ လူလည်းပေါ့ပါးသွားတယ်ဗျာ၊ ဒီတော့ ကျုပ်လဲ ဟ–တို့မြန်မာဆေးနည်းတွေက တကယ်အစွမ်းထက်ပါလားလို့ ဝမ်းပန်းတသာဖြစ်မိတယ်။ အဲဒီကတည်းကစပြီး မြန်မာဆေးဝါးနဲ့ပတ်သက်ပြီး နားလည်ချင်လာတယ်၊ ဒါကြောင့် လေ့လာရတော့တာပေါ့၊ အခုဆို မြန်မာဆေးကျမ်းတွေ တော်တော်ဖတ်ဖူးမိပြီ၊ ကျုပ်လဲ ဦးကောင်းကို ကျေးဇူးတင်ရတာပေါ့၊ ဦးကောင်း ခင်ဗျား ဒီနည်းဘယ်ကရလဲမေးတော့ သူက သူတို့ခေတ္တရာကို ဆိတ်လာဝယ်တဲ့ ကုလားတွေဆီကရတဲ့ဆေးနည်းတဲ့ဗျ။ သူတို့ ငယ်ငယ်က ဆိတ်ကျောင်းရင်း ကျုပ်လို ဆီးပူဝပ်ပြီး ဆီးမသွားနိုင်ဘဲဖြစ်တော့ ကြက်သွန်နီတစ်ဥ သကြားနဲ့ရေနွေး ဘမအောင်ရောစပ်ပြီးသောက်တာနဲ့ပျောက်သတဲ့ဗျ'

မြို့ပိုင်ကြီး ဦးအင်ဆိုင်ကို နှုတ်ဆက်ပြီးဆင်ခေါင်းရွာသို့



ထွက်ခဲ့ပါသည်။ လမ်းတစ်လျှောက် မြို့ပိုင်ကြီးဦးအင်ဆိုင်၏ စကားအချို့ နားထဲကြားယောင်နေပါသည်။

ကျုပ်တို့ အသက်ငယ်ငယ်တုန်းကတော့ ကျန်းမာရေးသတိမထားမိဘူးဗျာ၊ အသက်ကလေး ရလာတော့မှ သတိထားမိတော့တယ်၊ လမ်းဆုံးတော့ရွာတွေ့ဆိုတာလို ခုတော့သိပြီဗျို့၊ ကျန်းမာရေးဟာ အရေးကြီးဆုံးပဲဗျ'ဟူ၏။

◈

## စိတ်——— စိတ်ပါကျွယ်

( ၁ )

အညာဆောင်းသည် အေးမြပါဘိခြင်း။

အလွန်အေးမြသော ဆောင်းကာလအခါသမယ၌–

ကျွန်တော်သည် မန္တလေးမြို့ တွင်ခုံနှင့် စက်ပြင်လုပ်ငန်းပိုင်ရှင် ဦးချို၏နေအိမ်သို့ ရောက်ရှိနေပါသည်။

ရောက်ရှိနေရခြင်းမှာ---

( ၂ )

'ကျွန်တော့်အမျိုးသမီး တရောင်ရောင်နဲ့ မမာမကျန်း ဖြစ်နေတာ သုံးနှစ်ရှိပါပြီ၊ အင်္ဂလိပ်ဆေး၊ မြန်မာဆေး စုံပြီဆိုတော့ အဲဒါ ကျွန်တော့်အပေါင်းအသင်း မိတ်ဆွေတွေကလည်း မြန်မာဆရာပေါ့လေ၊ စာရေးဆရာ ဆေးဆရာ မကျေးကဦးဝင်းမြင့်ပြီး ကုကြည့်ပါလားလို့ တိုက်တွန်းတာကြောင့် ခုလို ဆရာကို ပင့်ဖိတ်ရတာပါ'ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ခရီးရောက်မဆိုက်မှာဘဲ ဦးချို၏ဇနီး ဒေါ်ရင်လှကို အကဲခတ်မိပါသည်။ အသက် ၄၀ ကျော်လောက် ရှိပါမည်။

မျက်နှာသုန်သုန်မှုန်မှုန်၊ စကားကိုမေးမှဖြေ၏။ ဟက်ဟက် ပက်ပက်မရှိ။

ဒေါ်ရင်လှ၏ လက်ကောက်ဝတ်သွေး စမ်းကြည့်တော့လည်း ထူးထူးထွေထွေမတွေ့ရပါ။ နှလုံးခုန်နှုန်းတော့ မကြိုက်လှ။

'ဒေါ်ရင်လှ– အိပ်လို့ပျော်ရဲ့လား---'

'ညဦးမှာပဲ အိပ်ပျော်ပါတယ်၊ ၁၂–နာရီနောက်ပိုင်း မိုးလင်းအထိ အိပ်မပျော်ပါဘူး'

'စားလို့ကော--- ကောင်းရဲ့လား---'

'အသင့်အတင့်ပါပဲ---'

'ဝမ်းကော မှန်ရဲ့လား---'

'ဟုတ်ကဲ့ မှန်ပါတယ်'

'သွေးသားကောဗျာ---'

'မလာတာကြာပြီ'

'ဟုတ်ပါပြီလေ၊ ဒီသွေးဆေးကလေး သောက်နော်၊ တစ်ခါသောက်ရင် မန်ကျည်းစေ့ နှစ်စေ့လောက်၊ တစ်နေ့တစ်ကြိမ် သောက်ဗျ---'

'ဟုတ်ကဲ့'

'ဒါလောက်ဆိုရပါပြီ'

'ကဲ---မင်းထမင်းချက်စရာရှိတာ သွားချက်ချေတော့'

ဦးချိုက ပြောလိုက်တော့ ဒေါ်ရင်လှသည် လေးပင်စွာ ထသွားသည်။

'ပယောဂလားဆရာ'

'မဟုတ်ပါဘူးဦးချို'

'ဒါဖြင့် သူ ဘာရောဂါလဲဆရာ'



'ကျွန်တော် တစ်ရက်နှစ်ရက် စောင့်ကြည့်ပါရစေဦး'

'အနာမသိ ဆေးမရှိ' ဆိုသလို ဒေါ်ရင်လှ၏ ဝေဒနာအာမှန်း မသိ၍ ဆေးမပေးရသေးပါ။ ပယောဂ မဟုတ်တာတော့ သေချာပါသည်။

( ၃ )

ဦးချိုတို့အိမ်ကြီးသည် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဖြစ်ပါသည်။ အောက်ထပ်မှာ ကားဝပ်ရှော့၊ တွင်ခုံစက်ပြင်အလုပ်ရုံ ထားသည်။ ဦးချိုသည် တပည့်(၃)ဦး၊ သားကြီးနှစ်ယောက်နှင့်အတူ တစ်နေကုန် အလုပ်ရှုပ်နေသူဖြစ်ပါသည်။

ညနေစာ စားကြရန် ဒေါ်ရင်လှ ထမင်းပွဲပြင်၏။ ဒေါ်ရင်လှသည် စက်ရုပ်သဖွယ် သူ့မျက်နှာသည် ပြုံးရယ်ခြင်းမရှိ။

ကျွန်တော်နှင့်ဦးချို နှစ်ယောက်အတူ ထမင်းစားကြ၏။

ကျွန်တော်က–

'အစ်မကြီးဒေါ်ရင်လှပါ တစ်ပါတည်း ဝင်စားပါလား'ဟု ပြောတော့ ခေါင်းရမ်းပြသည်။ ဦးချိုက ဘာမျှမပြော။ ကျွန်တော်တို့ စားပြီးတော့ အသက်၂၀–၂၄ နှစ်ခန့်ရှိပြီဖြစ်သော သားနှစ်ယောက် စားကြသည်။

ကျွန်တော်တို့ ထမင်းစားသောက်ကြပြီး ညှိခန်းမှာ ရေနွေးကြမ်းတစ်ခရားဖြင့် တိုက်တာများဖြင့် စည်ကားလာသော မန္တလေးမြို့အကြောင်း ပြောကြပါသည်။ ရေဒီယိုမှ သတင်းလာသောအခါ နားထောင်ကြ၏။ ည (၁၀)နာရီမှာ ကျွန်တော်တို့ အိပ်ရာဝင်ကြပါသည်။ အညာဆောင်းက အေးလှပါဘိ။

အိမ်ပေါ်ထပ်တွင် တစ်ယောက်အိပ် ခုတင်(၄)လုံးပြင်ဆင်ထားသည်။ ကျွန်တော်က မြောက်ဘက်ဆုံး ခုတင်မှာ အိပ်ရသည်။ ကျွန်တော်၏ တောင်ဘက်မှာ ဦးချို အိပ်၏။ ဦးချိုနှင့်လှမ်းမကမ်း ခုတင် (၂)လုံး၌ သူတို့သားကြီးနှစ်ယောက် အိပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


နေ့ခင်းက မောပန်းစွာအလုပ်လုပ်ကြရသောကြောင့်ထင့် ဦးချိုနှင့်ဦးချိုသားကြီးများ ဟောက်သံကြားနေရသည်။ ကျွန်တော်တို့ အိပ်ရာများနှင့်အတော်ဝေးဝေး ထောင့်တစ်ထောင့် အခန်းထဲ၌ဦးချို ဇနီး တစ်ဦးတည်းအိပ်စက်ပါသည်။

ညက ဘယ်အချိန်အိပ်ပျော်သွားမှန်းမသိ၊ ကျွန်တော်နိုး လာတော့ အပြင်ဘက်မှာ နေခြည်ဝင်းဝင်း တောက်နေပါသည်။ အိပ်ရာမှထ၍ မျက်နှာသစ်သောအခါ မီးဖိုချောင်၌မျက်နှာညှိုးညှိုး ငယ်ငယ်နှင့် ဒေါ်ရင်လှ ထမင်းဟင်းချက်ပြုတ်နေသည်ကိုသတိပြု မိပါသည်။

'ဆရာ---ကျွန်တော်တို့ လက်ဖက်ရည်သွားသောက်ရ အောင်'

ဦးချိုနှင့်အတူ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်သို့ ထွက် ခဲ့ကြပါသည်။ ကျွန်တော်တို့နှစ်ဦးသား လက်ဖက်ရည်နှင့်အကြာကွေး များစားသောက်ပြီး ရေနွေးကြမ်းသောက်နေစဉ်–

'မရင်လှ ဝေဒနာ ကုလို့ရပ်ါမလားဆရာ'

ဦးချိုကမေး၏။

'ဟုတ်ကဲ့--- ဆေးကုဖို့ ပထမဆုံး ကျွန်တော်မေးချင် တာလေးတွေ မေးခွင့်ပြုပါနော်'

'မေးပါဆရာ---မေးပါ'

'ဦးချိုအသက်ဘယ်လောက်ရှိပြီလဲ'

'၅၄–နှစ်'

'ဒေါ်ရင်လှ အသက်ကကော'

'၄၄–နှစ်ပါဆရာ'

'ဦးချိုနဲ့ဒေါ်ရင်လှတို့ ဘာဖြစ်လို့အတူမအိပ်ကြတာလဲဟင်'

'ဗျာ'

'ဦးချိုနဲ့ဒေါ်ရင်လှတို့ တစ်အိပ်ရာတည်း ဘာဖြစ်လို့အတူ မအိပ်ကြတာလဲလို့'

'ဒါကတော့ဆရာရယ် သူ့မှ မကျန်းမာတာ'

'ဟာ---ဒီလိုမဟုတ်ဘူးလေ၊ ကျွန်တော်မေးတဲ့အဓိပ္ပါယ် ကရိုးရိုးပါ၊ မကျန်းမာတဲ့ဇနီးကို အတူတကွ တစ်အိပ်ရာတည်းမှာ အနီးကပ်စောင့်ရှောက်သင့်တာပေါ့'

'ဒါကတော့ဆရာရယ်၊ ကျွန်တော်လိုလေသေးမရှိ သူ့ကို စောင့်ရှောက်ပါတယ်၊ အခုဆိုရင် မကွေးကဆရာ ကောင်းတယ်ဆိုလို့ ဆရာ့ကိုတောင် အဝေးကြီးက ဒီကိုငွေကုန်ကြေးကျခံ ကုသပေး တာပဲဟာ'

'ဦးချို---ဒေါ်ရင်လှကို ကျွန်တော် သိပ်ဆေးပေးစရာမလို ဘူးဗျ၊ ဒီနေ့ကစပြီး ဒေါ်ရင်လှအိပ်ခန်းထဲကို ဦးချိုသွားအိပ်တော့၊ တစ်ပတ်အတွင်း ဒေါ်ရင်လှ နေကောင်းသွားမယ်'

'ဟာ- ဘယ်ဖြစ်မလဲဆရာ၊ သားနှစ်ယောက်ကကျွန်တော့် ကို တစ်မျိုးထင်မှာပေါ့'

'ကိုယ့်မိန်းမအခန်းထဲ ကိုယ်သွားအိပ်တာဗျာ၊ သားသမီး တွေကိုရှက်နေစရာ အန်းနေစရာမလိုပါဘူး'

'အတူတူမအိပ်တာ သုံးနှစ်ကျော်ပြီဗျ၊ ခုမှသွားအိပ်ရမယ် ဆိုတော့'

'ဒါဖြင့်ရင်လဲ ဦးချိုသဘောပဲ၊ ကျွန်တော်လဲ မကွေးပြန် ဖို့ရှိတော့တာပေါ့၊ ကျွန်တော်ဆေးကုလဲ မပျောက်ဘူး---ဦးချို'

ဦးချိုသည် အထိတ်တလန့် ကျွန်တော့်ကိုလှမ်းကြည့်၏။

'ဒေါ်ရင်လှရောဂါကစိတ်ရောဂါပါဦးချို၊ သူ့ခမျာ သားကြီး နှစ်ယောက်ကလဲ သူ့အလုပ်ထဲနှစ်မြှုပ်၊ သမီးလဲမရှိတော့ သူ့မှာအထီး ကျန်ဖြစ်နေတာပေါ့၊ အထီးကျန် တစ်ယောက်တည်း နေရပါများ လာတော့ အိပ်မပျော်တော့ဘူးဦးချို၊ အိပ်မပျော်တော့ စိတ်မကြည် လင်၊ လူ မရွှင်လန်းဘူး၊ လူမရွှင်လန်းတော့ အစားပျက်တယ်၊ အစား ပျက်တော့ အအိပ်ပျက်ပြန်ရော၊ အဲဒီတော့---ရောဂါရောပေါ့'

ဦးချိုသည် ဆေးပေါ့လိပ်ကို တွင်တွင်ဖွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူဆိုတာတစ်ယောက်တည်း အထီးကျန်နေရရင် ရူးသွားနိုင်တယ်ဦးချို'

'ဟုတ်ကဲ့– ဆရာဦးဝင်းမြင့် ပြောတာဖြစ်နိုင်ပါတယ်၊ ကျွန်တော့်မိန်းမ စဖြစ်တာပြန်ပြောရရင် ကျွန်တော် မန္တလေးကနေ စစ်ကိုင်းအသွား ကားမှောက်ပြီး ဟောဒီခြေထောက်ကျိုးသွားတယ်၊ ဆေးရုံမှာတစ်လခွဲကြာသဗျ၊ အိမ်မှာနှစ်လ၊ ၃ လခွဲကြာမှခြေထောက် ပြန်ကောင်းတယ်၊ ကျွန်တော်လဲ ဆေးရုံကဆင်းလာတော့ ဒီခုတင်ပေါ်မှာပဲပေါ့၊ ကျွန်တော့်မိန်းမကတော့ သူ့အခန်းလေးထဲမှာ အိပ်ပါတယ်၊ ဒီလိုနဲ့ကြာလာတော့ ကျွန်တော့်အမျိုးသမီး တရှောင်ရှောင်နဲ့ နေထိုင်မကောင်းဖြစ်လာတယ်၊ စကားလည်း မပြောတော့ဘူး မျက်နှာကလည်း သုန်သုန်မှုန်မှုန်နဲ့ အိမ်နီးနားချင်းတွေနဲ့လဲ မတည့်တော့ဘူးဗျ၊ ဒါနဲ့ သူ့ကို ဆေးကုရပြန်ရော'

'အမှန်ကတော့ဦးချိုရယ်၊ ကိုယ်မိန်းမကို ဂရုတစိုက် ကြင်ကြင်နာနာနဲ့ ရယ်စရာ မောစရာပြောမှပေါ့ဗျ၊ ပြီးတော့- နှစ်ယောက်အတူ တစ်အိပ်ရာတည်းမှာ---'

'ဒီအချိန် ဒီအရွယ်ကျမှ သူ့အခန်းထဲ ကျွန်တော်သွားအိပ်ဖို့ဆိုတာကတော့ မဖြစ်ပါဘူးဗျာ'

'အဲဒီအယူအဆမှားတယ်ဦးချို၊ အသက်အရွယ်ငယ်ငယ်က လင်မယားအချစ်နဲ့ ကြီးလာမှ လင်မယားအချစ်ဟာ မတူပါဘူးဗျာ၊ ဟိုစိတ် ဒီစိတ်တွေ မရှိဦးတော့ မောင်လိုနှမလို အသက်ကြီးလာလေလေ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်စောင့်ရှောက်ရလေပဲဗျ၊ အသက်ကြီးလာတော့ တောင်ဝှေးကူရသလိုပါပဲ'

ဦးချိုသည် ငေးမောနေပါသည်။

'လူတစ်ယောက်မှာ သူ့ဝမ်းဗိုက်ထဲ အစာအာဟာရ ဖြည့်သွတ်သွင်းဖို့လိုအပ်သလို စိတ်အာဟာရလည်း လိုတယ်ဦးချို၊ စိတ်ခွန်အားပြည့်ဝဖို့ သာယာနာပျော်ဖွယ်ဖြစ်တဲ့သီချင်း နားထောင်ကြတယ်၊ ပန်းခြံတွေထဲမှာ ပန်းအလှကလေးတွေကြည့်ပြီး အနားယူကြတယ်၊ အပျော်ခရီးထွက်ကြတယ်၊ ပြီးတော့ ဘုရားသွားကြတယ်၊ ရုပ်ရှင်ကြည့်ကြတယ်၊ ဒါတွေဟာစိတ်ခွန်အားပြည့်စေဖို့ပဲ၊ ဒါကြောင့် စိတ်ခွန်အား ဆုတ်ယုတ်လာရင် ကျန်းမာရေးချို့ယွင်းလာတာပဲ၊ လူတစ်ကိုယ်လုံး ခွေကျသွားနိုင်တယ်ဦးချို၊ ဒဿနိက ဆရာတွေက အပျက်တကာ အပျက်ဆုံးမှာ စိတ်ပျက်တာအဆိုးဆုံးပဲတဲ့' ကျွန်တော်တို့ ဆေးပညာအမြင်နဲ့လဲမှန်တယ်၊ လူတစ်ယောက် မကျန်းမာတာဟာ ကံ စိတ် ဥတု အာဟာရအကြောင်း တရားလေးပါးကြောင့်ပဲတဲ့ ဦးချို၊ စိတ်ဟာသိပ်အရေးကြီးပါတယ်၊ အဲဒီစိတ်နဲ့ပတ်သက်ပြီး တရုတ်ပြည်က ဆေးဆရာကြီးတစ်ယောက်ရဲ့အကြောင်း ပြောပြလိုပါတယ်၊ ပြောပြတဲ့ပုဂ္ဂိုလ်ကတော့ ဦးထွန်းကြည်တဲ့၊ အသက် (၆၃)နှစ်ရှိပါပြီ၊ ကျွန်တော်က ဦးလေးထွန်းကြည်လို့ တလေးတစား ခေါ်ပါတယ်၊ သူက လူစုံတစ်ယောက်ပါပဲ၊ ဟိုတုန်းက ထီရောင်းခဲ့တော့ အောင်ဘာလေသိန်းဆုရုံတစ်ပိုက်က ထီရောင်းသူမှန်သမျှ သူ့ကိုသိကြတယ်။ အဲဒီ ဦးလေးဦးထွန်းကြည်က တရုတ်ပြည်က သမားတော်ကြီးအကြောင်း ခုလိုပြောပြပါတယ်'



ရွက်၊ ခေါက်၊ သီး၊ မြစ် ဆေးပင် ဆေးဝါးများနှင့် နယ်မြေကာလှည့်၍ ဆေးသုတေသနပြု ဆေးကုသနေသော တရုတ်သမားတော်ကြီးသည် ပြည်နယ်တစ်ခုသို့ရောက်သွားသည်။

သစ်ပင်ကြီးတစ်ပင်အောက်၌ လူအတော်များများစုရုံးပြီး သစ်ပင်၌ကပ်ထားသော ကြော်ငြာတစ်ခုကို ဝိုင်းအုံဖတ်ရှုနေကြသည်ကို တွေ့ရ၏။

ထို့ကြောင့် သမားတော်ကြီးသည် အများနည်းတူ သစ်ပင်၌ကပ်ထားသောကြော်ငြာကို တိုးဝှေ့ဖတ်ရှုလေသည်။

မည်သူမဆို ကျွန်ုပ်၏ရောဂါကို
ပျောက်ကင်းအောင် ကုသပေးနိုင်သူကို
ဆုငွေချီးမြှင့်မည်။
ကျွန်ုပ်၏ရောဂါမှာ ညတိုင်း အိပ်၍မပျော်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စားလည်း မစားနိုင်ပါ။

ဤပြည်နယ်ရှိ ဆေးဆရာကြီးများက ကျွန်ုပ်အား အမျိုးမျိုးဆေးဝါးများဖြင့် ကုသကြပြီးဖြစ်၏။

မပျောက်ကင်းပါ။

သို့ပါ၍ မည်သူမဆို ကျွန်ုပ်၏ရောဂါကိုပျောက်ကင်းအောင် ကုသပေးနိုင်မည်ဆိုပါက အောက်ပါလိပ်စာအတိုင်း လာရောက်၍ ဆေးကုသပေးပါ။

လီကျွင့်

ထိုစာကို ဖတ်ရှုမိသော နယ်လှည့်သမားတော်ကြီးသည် လိပ်စာပါအတိုင်း သွားရောက်လေတော့သည်။ အိမ်၌မပျော်၊ တ ၌မဝင် ရောဂါဝေဒနာရရှိနေသော တရုတ်အဘိုးအိုက မျက်နှာထား သုန်သုန်မှုန်မှုန်ဖြင့် ဝင်းတံခါးဖွင့်ပေးပြီး နေရာထိုင်ခင်းပေးလိုက်၏ တရုတ်နယ်လှည့်သမားတော်ကြီးက–

'သင့်ရောဂါကိုကျွန်ုပ်ကုသရန် ရောက်ရှိလာခြင်းဖြစ်တယ်' ဟုပြော၏။ တရုတ်သမားတော်ကြီးက ဝေဒနာရှင် တရုတ်ကြီး၏ အမျိုးမျိုး စမ်းသပ်ကိုင်တွယ်ပြီး–

'သင့်ရောဂါသည် အခြားမဟုတ်၊ ပီးယပ်ရောဂါ'ဟုပြော လိုက်၏။ ထိုအခါ ဝေဒနာရှင်တရုတ်ကြီးသည်–

'ဟာ– အရူး၊ သွား၊ သွား၊ ခုထွက်သွား၊ ဟတ်– ဟား ဟား– ဟား၊ ငါ့ကိုမီးယပ်ရောဂါတဲ့၊ ဟတ် ဟား ဟား ဟား၊ ယောကျ်ားကွ၊ မီးယပ်ရောဂါဖြစ်ရမလား၊ ဟား ဟား သွား– ထွက်သွား'

တရုတ်သမားတော်ကြီးကို နှင်ထုတ်တော့၏။ နယ်လှည့် သမားတော်ကြီးသည် ကုတ်ချောင်းကုတ်ချောင်းဖြင့်ထွက်သွားသော် ဟူ၏။

ခါတိုင်း ဝေဒနာရှင်တရုတ်ကြီးသည် အစန်းကလေး တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေဝတ်ပြီး ဘာသံမျှ မကြားရ၊



ရယ်ရယ်မောမော ဆူဆူညံညံကြား၍ အိမ်သူအိမ်သား သားသမီး များ အပြေးရောက်လာကြ၏။

'ဘာဖြစ်တာလဲအဖေ'

'ဟား ဟား ဟား၊ ဘာဖြစ်ရမလဲ–အရူးပေါ့ဟယ်၊ ငါ့ကို မီးယပ်ရောဂါရနေတာတဲ့၊ ဟတ် ဟား ဟား ဟား'

ဟိုဘက်အိမ်ကအဘိုးကြီး ဘာဖြစ်ပါလိမ့် ဆူဆူညံညံနှင့် ဟူသောစူးစမ်းမှုဖြင့် အိမ်နီးနားချင်းများ ရောက်လာကြ၏။

'ငါ့ကိုဆေးကုမယ်ဆိုပြီး ဆေးဆရာယောင်ဆောင်လာ တဲ့အရူးပါကွာ၊ ဟတ် ဟား ဟား ဟား၊ ငါ့ကို မီးယပ်ရောဂါတဲ့၊ ဟတ် ဟား ဟား ဟား'

ဝေဒနာရှင်တရုတ်ကြီးနှင့်အတူညီ အိမ်သူအိမ်သားများ၊ သာမက အိမ်နီးနားချင်းများ၊ သူ့မိတ်ဆွေများပါ ရော၍ ရယ်မော ကြ၏။

'ဟတ် ဟား ဟား၊ ဟတ် ဟား ဟား'

'ဟတ် ဟား ဟား၊ ဟတ် ဟား ဟား'

ထိုအကြောင်းကြားရ၍ ဟိုမှသည်မှ ရောက်လာကြသော ဝေဒနာရှင်တရုတ်ကြီး၏မိတ်ဆွေများလည်း ရယ်မောကြ၏။

သားသမီးမြေးများ မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ တသောသောရယ်လိုက်၊ မောလိုက်၊ စားလိုက်သောက်လိုက်ဖြင့် လူကောင်းပကတိ ဖြစ်သွား၏။

တစ်ပတ်ခန့်ကြာသောအခါ နယ်လှည့်သမားတော်ကြီး သည် ဝေဒနာရှင်တရုတ်ကြီးအိမ်သို့ရောက်လာ၏။

'လာကြပေ့---၊ သူပေါ့ကွ၊ ငါ့ကိုမီးယပ်ရောဂါလို့ ပြော တာ၊ ဟား ဟား ဟား ဟတ် ဟား ဟား'

နယ်လှည့်သမားတော်ကြီးက–

'အသင်--- ကျွန်ုပ်ဆေးကုခဲ့တာ ယခုပျောက်ပြီ မဟုတ် လော'ဟုမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ--- ငါ့ကို မီးယပ်ရောဂါလို့ပြောတာများ ဆေးကုတယ်လို့ ဟုတ်လား၊ ဟတ် ဟား ဟား ဟား'

'မှန်ပါတယ်၊ သင့်ကိုရယ်မောပျော်ရွှင်လာအောင် မီးယပ်ရောဂါလို့ပြောခဲ့တာလေ၊ ဒါမှသင်ဟာ အူလှိုက်သည်းလှိုက် အားရပါးရ ရယ်မှာလေ၊ ရယ်မောပျော်ရွှင်စွာနေမှ စားလို့ကောင်းမယ်၊ စားလို့ကောင်းမှ အိပ်ပျော်မယ်လေ၊ ကျွန်ုပ်တို့ စကားပုံတောင်ရှိသေးတယ်၊ 'ရယ်သောသူ အသက်ရှည်၏'

ထိုအခါကျမှ တရုတ်ဝေဒနာရှင်ကြီး သဘောပေါက်နားလည်သွားသောဟူ၏။

( ၅ )

'အဲဒါပဲ ဦးချို၊ စိတ်ဟာ သိပ်အရေးကြီးပါတယ်၊ စိတ်ပျိုတော့ ကိုယ်နု၊ စိတ်ထောင်းတော့ ကိုယ်ကြေတဲ့၊ လင်မယားပဲဗျာ၊ ပွင့်ပွင့်လင်းလင်းပေါ့၊ ဒီနေ့ရာမှာ ကျယ်ဝန်းပါတယ်၊ အဲဒီတော့ ဒေါ်ရင်လှရောဂါဟာ အထီးကျန်ဘဝ ဖြစ်မှန်းမသိဖြစ်လာတယ်၊ တကယ်လို့ ဒေါ်ရင်လှမှာ သမီးတစ်ယောက်များရှိရင် ဒီအခြေအနေထိမရောက်ဘူးဗျ၊ အခုတော့ သားတွေဆိုတော့ သူ့အဖို့ စကားပြောဖော်မရှိ၊ သူ့ခဗျာ စက်ရုပ်တစ်ရုပ်လို၊ ဦးချိုငဒို့ကလည်း သူ့ကို စိတ်ဝေဒနာရှင်ပဲဆိုပြီး ဝိုင်းပယ်ထားသလို ဖြစ်နေတယ်။ ပိုဆိုးတော့တာပေါ့၊ ဒါကြောင့် ကျွန်တော်ပြောသလို ဒီနေ့ညကစပြီး သူ့အခန်းထဲ သွားအိပ်ပါ၊ သူ့ကျန်းမာရေးအတွက် စိတ်ကိုကြည်လင်စေမယ့်စကားလေးတွေ ပြောပေးဗျ၊ ဘာမှပြောစရာ မရှိရင် ဦးချိုတို့ငယ်ငယ်တုန်းက အကြောင်းကလေးတွေပြောဗျ၊ ပြီးတော့- မန္တလေးအညာဆောင်းက အေးကအေးပါဘိသနဲ့- နှစ်ယောက်သားအတူ ထွေးထွေးနွေးနွေးပေါ့ဗျာနော်'

ဦးချို၏မျက်နှာသည် ရှက်သွေးဖြန်းသွားသည်ဟုထင်၏။ သူ့မျက်လုံးများ အရောင်လက်လာသည်ဟုထင်မိလိုက်ပါသတည်း။



## သူတို့ထံမှ ပေးစာ ရေးစာများ

ကျွန်တော်တို့ကို ကျောင်းကသင်ပေးလိုက်သောပညာများသည် အခြေခံမျှသာဖြစ်ပါသည်။ လက်တွေ့ဘဝကို ရင်ဆိုင်ကြရသောအခါ လိုကွက် ဟာကွက်တွေ အများကြီးတွေ့သည်။

ထို့ကြောင့်'သမားဆို အိုမှ'ဆိုစကားအတိုင်း အချိန်အခါ အသက်အရွယ်က သင်ခန်းစာတွေပေး၏။

ကျွန်တော်တို့နှင့် ဆက်နွယ်နေသော ရဟန်းပညာရှိ၊ လူပညာရှိ၊ အတွေ့အကြုံများပြားလှသော ထိုထိုသောပုဂ္ဂိုလ်များက စာရေးသူကို နှုတ်နှင့်တစ်မျိုး၊ စာနှင့်တစ်ဖုံ မိမိတို့တစ်သက်တာတွေ့ကြုံခဲ့ရသည့်အသိပညာများကို ပေးကြပါသည်။

စာရေးသူ၏'ခရီးသွားဆေးသမား' စာအုပ် အောင်အောင်မြင်မြင်ဖြစ်လာသောအခါ နောက်ထပ်၍ ခရီးသွားဆေးသမား အမှတ်စဉ်အလိုက် (၁) (၂) ရေးသားသွားရန် တိုက်တွန်းကြပါသည်။ ထို့ကြောင့် လာမည့်ခရီးသွားဆေးသမား အမှတ်စဉ် (၂)တွင် 'သူတို့ထံမှ ရေးစာ ပေးစာ'များကဏ္ဍ ထည့်သွင်းရန် စီစဉ်ထားပါသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားဆေးသမား အမှတ်စဉ်(၂) မထွက်နိုင်သေးမီကာလအတွင်း၌ လောလောဆယ် ထည့်သွင်းလိုက်ရခြင်းဖြစ်ပါသည်။

### မြို့သစ်မြို့နယ် စာနယ်ဇင်းကိုယ်စားလှယ်<br>ဦးချုပ်ယံမှပေးစာ

ကိုဝင်းမြင့်---

ခရီးသွားဆေးသမားစာအုပ် အတော်ပျံ့နှံ့နေပါပြီ။ စာအုပ်ကိုလည်း အတော်ကြိုက်နှစ်သက်ကြပါသည်။ ကိုဝင်းမြင့်အနေဖြင့် ဆက်၍ကြိုးစားပါရန် တိုက်တွန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိသည့် ဒိဋ္ဌလက်တွေ့ပျောက်သော ဆေးမြီးတိုတစ်ခုတင်ပြပါရစေ။ ခွေးကိုက်နာ ချက်ချင်းပျောက်သောနည်းဖြစ်ပါသည်။ လူအတော်များများလည်း ပျောက်ကင်းလျက်ရှိပါသည်။ ကိုဝင်းမြင့်လည်း ခွေးကိုက်ခံရသူများနှင့်တွေ့လျှင် လက်တွေ့စမ်းသပ်ကြည့်ပါ။

ဆေးကတော့ ခက်ခက်ခဲခဲ မဟုတ်ပါ။ ခွေးကိုက်ခံရတာနှင့်တစ်ပြိုက်နက် ခွေးကိုက်နာကို ပင်နံ့သီး(တစ်ချို့အရပ် မိုးမျှော်ရှတ်၊ ရွှေအပ်ရှတ်)ခေါ်သော ရှတ်သီးအခြောက်ကို ဆားအနည်းငယ်နှင့်ရော ၍ ကြိတ်ပြီးသိပ်ပါ။ ညမှာအကိုက်ခံရလျှင် မိုးလင်းလျှင် အကောင်းပကတိဖြစ်ပါသည်။ အနာ လုံးဝမရင်းပါ။ အကယ်၍ ပင်နံ့သီးခြောက်မရှိလျှင် ရိုးရိုးရှတ်သီးခြောက်ကိုလည်း သုံး၍ရပါသည်။

ယခုလူကြုံနှင့် လွှနိခဲ့သော (၁၀၃)နှစ်က ဆေးပုရပိုက်တစ်ခုပေးလိုက်ပါသည်။ မြို့သစ်မြို့အနောက်ဘက် ရွှေဘုန်းတော်ကြီးကျောင်းမှရရှိပါသည်။ ဆေးပညာကိုလိုက်စားနေသော ကိုဝင်းမြင့်သာ နားလည်ပါလိမ့်မည်။ ထိုအတွက် လိုရမည်ရ အသုံးပြုနိုင်ရန်အတွက် ပေးပို့လိုက်ကြောင်းပါခင်ဗျား။

*ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။*

ဦးချုပ်–ဒေါ်တင်မြ

စာနယ်ဇင်းကိုယ်စားလှယ်

ဈေးအနီး။ မြို့သစ်မြို့။ (မကွေးတိုင်း)



ဗဒေါဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြထံမှပေးစာ

နေ့စွဲ ၁၇–၄–၈၀

ကိုဝင်းမြင့်ခင်ဗျား---

ခရီးသွားဆေးသမားစာအုပ်ကိုဖတ်ရ၍ အလွန်ဝမ်းမြောက်ပါသည်။ ဆင်းရဲသားလူထု အကျိုးရှိသဖြင့် တစ်ခုတည်းသော၊ တစ်မည်တည်းသောဆေးဖြင့် ရောဂါများ ပျောက်သည်ကိုတွေ့ရ၍ အလွန်ပဝမ်းမြောက်ပါသည်။

နောက်တစ်ကြိမ်စာအုပ်ထွက်လျှင် ကျွန်တော်ကိုယ်တိုင်လက်တွေ့ဆေးပညာများကို တိုင်းရင်းသားပြည်သူများ ရောဂါကင်း၍ ချမ်းသာစေရန်ဖော်ပြပေးပါမည်။ ကျွန်တော့်အဖို့ ကုသိုလ်ရပါလိမ့်မည်။

ထို့ကြောင့် စေတနာ၊ မေတ္တာဖြင့် ဆေးနည်းများကို ညွှန်ကြားပေးပါမည်။ နောက်တစ်ကြိမ် အမြန်ဆုံးထုတ်ဝေနိုင်ပါစေဟုဆုတောင်းပါသည်။

## ဆရာစန္ဒြကိုယ်တွေ့ဆေးနည်းများ

### သွေးစုနာ

ကျွန်ုပ်တော်သည် ငယ်စဉ်က မန္တလေးမြို့တွင် ကျောင်းနေသောအခါ လူကြီးများက လျှော်ရေအိုးကပ် ရှတ်သီးနှင့်ချက်သည်။ ဆိုပေါင်ဟင်း၊ ရုံးပတီသီး၊ မှျစ်ချဉ်ခရုပ်ချင်းချက် ကျော်သဖြင့် အလွန်ရှိသောကြောင့် ငယ်ရွယ်သူဖြစ်သည့်အတွက် အားရပါးရ စားသောက်ခဲ့သည်။

တစ်ခါသော် သွေးစုနာတွေ ပေါက်လာသည်။ တင်ပါးတစ်ဘက်လုံးတွင် ငါးလုံး ခြောက်လုံးခန့် တင်ပါးနှစ်ဘက်လုံး ပေါက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာမကသေး 'တနာ'(ကိန္နရာနာ)ခေါ်သော ချိုင်ကြားတွင် အဖုကြီးတွေပေါက်လာသည်။ ထို့ကြောင့် လက်ကို အောက်ချ၍မရ၊ လက်ကိုမြှောက်ထားရသည်။ ထို့ကြောင့် ရှေးလူကြီးများက 'က–နာ'ဟုခေါ်ကြသည်။

ထိုအခါ အမရပူရ ခေါ် တောင်မြို့က ဆေးဆရာကြီး အသက် (၇၀)ကျော် ဦးပေါ်ထိန်ဆိုသူနှင့်ကုသည်။ ဆရာကြီးသည် သက္ကဋ္ဌဘာသာ ကျွမ်းကျင်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ သူတွင် ဆေးပုလင်းများမပါခဲ့။ အိမ်ရောက်မှသာ အိမ်တွင်ရှိသော နနွင်းမှုန့်၊ မန်ကျည်းသီးမှည့်စသည်ဖြင့် ကုသပါသည်။

ဆရာကြီးသည် ဆေးဝါးများ လိမ်းပေးပြီးနောက် တစ်ရက်ကြာသောအခါ အနာမှည့်၍ ပြည်ပေါက်လျှင် ပျောက်သည်။

ဆရာကြီးကအမိန့်ရှိသည့်မှာ ငါ့မြေးမှတ်ထား၊ အနာဟူသမျှသည် အပူကြောင့်ဖြစ်သည်။ 'နင် ငရုတ်သီးတွေစားလို့ ဒီလိုဖြစ်တာ၊ မစားဘဲနေ'ဟုအမိန့်ရှိရာ ထိုအချိန်မှစ၍ ငရုတ်သီးကိုရှောင်ခဲ့သည်။ ယနေ့အထိ အနာဟူသမျှမရှိပါ။ သွေးစုနာ ကင်ဆာစသည်တို့သည် အပူကြောင့်ဖြစ်သည်။

အရက်သောက်သူများ ကြီးလျှင် မျက်နှာ၌အဖုကြီးတွေထွက်နေသည်ကို တွေ့ဖူးလိမ့်မည်။ ထို့ကြောင့် သွေးစုနာ၊ ဝက်ခြံ အကိုက်ရောဂါ မဖြစ်စေလိုသော် ငရုတ်သီးကို လုံးဝရှောင်ပါ။

၎င်းနောက် ဆရာကြီးကအမိန့်ရှိသည်မှာ ငရုတ်သီးစားနည်းဖြစ်ပါသည်။ ပြာသိုလအလွန် ချမ်းအေးသောအခါ ကုလားအော်သီးတစ်ခြမ်းကို ထမင်းမပါဘဲ ဝါးစားရမည်။ လျှာတွေပူလာ၍ ခေါင်းပူလာမည်၊ နောက်ထပ်မစားရဟု သင်ပေးသည်။ ကုလားအော်သီး တစ်စိတ်စားရုံနှင့် အညာဒေသပူသောအရပ်ရှိ ပြည်သူများအတွက် အလွန်အရေးကြီးသည်။

◈



# ဂျှတ်ရောဂါ

ဂျှတ်ရောဂါဆိုသည်မှာ ယောက်ျားများ၏ကပ်ပယ်အိတ်တွင် အသားမာတွေဂျပ်ထူကြီးဖြစ်၍ အဝိုင်းလိုက် မာမာကြီးပေါ်လာသည်။ လမ်းသွားလျှင် အသားနုကိုရှ၍ နာလှသည်။ ပူသောအရပ်ဒေသနှင့် အပူရှိသူများ ဖြစ်တတ်သည်။ အင်္ဂလိပ်ဆေးနည်းဖြင့် လိမ်းသော်လည်း အကြောင်းမထူးပါ။

ရက်အနည်းငယ်ကြာသောအခါ ၎င်းဆရာကြီးဦးပေါ်ထိန်ကြွလာသည်။ ဆရာကြီးက 'နင်အပူတွေကြောင့်ဖြစ်တာ၊ မန်ကျည်းသီးမှည့် ဂုန်ညှင်းသာသာနှင့် သကြားနှစ်ဇွန်း ပန်းကန်ထဲတွင်စိမ်၊ ခဏခဏမွှေပြီး တစ်နာရီလောက်ကြာလျှင် မန်ကျည်းသီးမှည့်ကိုချေ၊ အရည်ကိုစစ်ယူ။ ဆားအနည်းငယ် မန်ကျည်းစေ့တစ်စေ့ခန့်ရော၍မွှေ၊ ချဉ်နေလျှင် သကြားအနည်းငယ် ထပ်ထည့်။ နေ့လယ် တစ်နာရီလောက် သောက်ဟဲ့'ဟု ခိုင်းသည်။

ဤကဲ့သို့ ချိုချဉ်ငန် သုံးတန်အရသာကို သောက်လိုက်ရာ မာနေသော၊ ကျောက်ခဲကဲ့သို့ရှိနေသော အသားမာဂျှတ်တို့သည် ပျော့ပျောင်းလာပြီး အလိပ်လိုက်ကွာကျသွားသည်။

အံ့ဩလောက်အောင်၊ မယုံနိုင်အောင် ချက်ချင်းပျောက်သည်။ မန်ကျည်းမှည့်က အသက်ကိုရှည်စေသည်။ အပူအစပ်ကို နိုင်သည်။ ထို့ကြောင့် ချို၊ ချဉ်၊ ငန် သုံးတန်ရသော အရသာသည် အပူကို ကောင်းစွာပယ်ဖျောက်တတ်စေသည်ဟု ရွတ်ပြသည်။ ပျောက်လည်း ပျောက်သည်။

◈

www.burmeseclassic.com

www.burmeseclassic.com



## အပူဝမ်းရောဂါ

အပူပိုင်းဒေသတွင် နွေရာသီရောက်သောအခါ ချဉ်ရေဟင်းစားလျှင် ဝမ်းလျှောသည်။ နွားနို့သောက်လျှင် ဝမ်းလျှောတတ်သည်။ ကျွန်တော် ရှစ်တန်းရောက်သောအခါ ဤကဲ့သို့ ဝမ်းလျှောနေပါသည်။ တစ်နာရီတစ်ခါ ဝမ်းသွားသည်။ အရည်တွေသာ သွားသည်။ သုံးရက်ကြာသောအခါ အသားတွေ ဖြူဖပ်ဖြူရော်ဖြစ်လာသည်။ လက်ဖဝါးတွေ လက်ချောင်းကလေးတွေ ရှုံ့တွလာသည်။

ထိုအခါ ရှေးခေတ်က မန္တလေးမြို့တွင် ပုဏ္ဏားကြီးများက လက်ထဲတွင် သပြေညွန့်ကလေးများကိုင်၍ အိမ်တကာလှည့်ပြီးလျှင် ဆန်အလှူခံလေ့ရှိသည်။ သပြေညွန့်ကလေးများပေး၍ ဆုတောင်းလေ့ရှိသည်။ ထိုပုဏ္ဏားကြီးများလာတိုင်း ဆန်လောင်းလှူနေကျဖြစ်သည်။

ကျွန်တော့်အသားတွေ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ပိန်နေသည်ကိုမြင်သောအခါ 'ငါ့မြေးဘာဖြစ်သလဲ' ဟုမေးသည်။ ကျွန်တော်က ဝမ်းတွေသွားကြောင်းအရည်တွေသာ တစ်နာရီတစ်ကြိမ်သွားကြောင်း ပြောပြသည်။ ထိုအခါ ပုဏ္ဏားတော်ကြီးက 'ဒါကတော့ ငါ့မြေးရယ် အလွယ်ကလေး' ဟု ပြောသည်။

ကျွန်တော်က ဆေးပေးပါဟုတောင်းပန်သောအခါ မန်ကျည်းသီးမှည့်နှင့်ထန်းလျက်ကို ဖျော်၍သောက်ရမည်ဟုပြောသည်။ မန်ကျည်းသီးမှည့်သည် ဝမ်းလျှောစေတတ်သဖြင့် ၎င်းဆေးသောက်လျှင် သေရောပေါ့ဟုပြောမိသည်။ ထိုအခါ ပု ဏ္ဏားကြီးက 'မန်ကျည်းသီးမှည့်ဖျော်ရည်စိမ် တစ်မျိုးမဟုတ်ဘူးတဲ့၊ မန်ကျည်းသီးမှည့် ဂုန်ညှင်းခန့်ကို ရေမစိမ်ရပါ။ ပန်းကန်ထည့်၍ လက်နှင့်ချေရမည်။ အရည်များကို စစ်၍ယူရမည်။ ၎င်းနောက် မန်ကျည်းသီးမှည့် တစ်ဆကို ထန်းလျက်သုံးဆခန့်ယူ၍ ၎င်းထန်း လျက်ကိုချက်ချင်းထုချေရမည်။ မန်ကျည်းသီးမှည့်ရည်နှင့်ချက်ချင်းရော၍ ချက်ချင်းသောက်ရမည်ဟု



ခွန်ကြားသည်။

ကျွန်တော်သည်လူကြီးမိဘ ဆရာသမားများ၏ စကားများကို မြေဝယ်မကျ နာလွယ်သူဖြစ်သဖြင့် ပုဏ္ဏားတော်ကြီးပြောသည့်အတိုင်း မန်ကျည်းသီးမှည့်တစ်ဆ၊ ထန်းလျက်သုံးဆရော၍ ချက်ချင်းသောက်ရာ သောက်ပြီးတစ်နာရီအကြာ ဝမ်းလျှောရောဂါ လုံးဝပျောက်ကင်းသွား၍ လေဘက်ဆီသို့လှည့်သွားသည်။ လေလိုက်သာ၍ဝမ်းလျှောလည်း တစ်ခါတည်းပျောက်သွားသည်။ 'ပြောမယုံ ကြုံဖူးမှသိမည်' ယုံလျှင်သောက်ကြည့် ချက်ချင်းပျောက်ပါ၏။

◈

## ဝမ်းလျှောရောဂါနှင့်အုန်းစိမ်းရည်

ကျွန်တော်သည် (၁၄) နှစ်သားလောက်တွင် တပေါင်းအန်ခူးရာသီ၌ လမ်းဘေးတွင်ရောင်းသော မန်ကျည်းဖျော်ရည်ကိုသောက်ရာ ဝမ်းရောဂါဖြစ်လာသည်။ ( ၂ )ရက်တိတိဝမ်းလျှောသည်။ မည်သည့်ဆေးနှင့်မျှ ကုသ၍မရပါ။ နောက်ဆုံးတွင် အားပြတ်၍ သတိမေ့သွားသည်။

ကံကောင်းသည်မှာ ကျွန်တော် သတိမေ့သွားလျှင် မဟာမြတ်မုနိဘုရားကို ရွှေတဝင်းဝင်းနှင့် ဖူးနေရသည်။ ဘုရားက ကယ်ထင်ဟန်တူသည်။ ( ၂ ) နာရီကျော်မျှမေ့နေရာမှ သတိရလာသောအခါ အသံတွေကြားရသည်။ ဆွေမျိုးသားချင်းများက သေပြီဟုဆို ပြီး ငိုနေကြသည်။

ထိုအခါ မိတ်ဆွေတစ်ယောက်က ညောင်ပင်လေးဈေးအနီးရှိ ဒိပဲရင်းတိုက်ကျောင်းမှ ဆရာတော်တစ်ပါးသည် ဆေးကု

www.burmeseclassic.com

www.burmeseclassic.com



တတ်ကြောင်း၊ သူကလျှင် ပျောက်ကင်းကြောင်းပြောသဖြင့် လူကြီးများက အကြံကုန် ဂ ဠုန်ဆားချက်ဆိုသကဲ့သို့ ၎င်းဆရာတော်ကို အိမ်အရောက်ပင့်ခဲ့သည်။

ဆရာတော်က လူနာကိုမြင်သောအခါ အသက်ရှူအလွန်မြန်သည်။ နဖူးကလည်း ချွေးတွေ အလွန်ထွက်နေသည်။ ကုဖို့ခက်သည်။ သို့သော် တစ်နည်းတော့ရှိသည်။ အုန်းစိမ်းနုနု အုန်းသီးသွားဝယ်၍ အုန်းစိမ်းရည်ကို တိုက်ခိုင်းသည်။

လူကြီးများက ချက်ချင်းဝယ်ရာ အုန်းစိမ်းရည်တစ်လုံးသောက်ပြီးလျှင် ချက်ချင်းဝမ်းလျှောရပ်သွားသည်။ ဆယ်မိနစ်ခန့်ကြာသောအခါ နောက်ထပ်တစ်လုံးသောက်ရာ တစ်ခါတည်းပျောက်သွားပြီးလျှင်ထနိုင်သည်။ ၎င်းနောက် ရေမိုးချိုး၍ထမင်းစားနိုင်သည်။

အလွန်အံ့သြဖွယ်ကောင်းသော တစ်ခုတည်းသောဆေးနည်းဖြစ်သည်။ ကျွန်တော်သည် ယခု ပြည်လမ်းတိုက်ကို ရောက်သောအခါ အုန်းပင်စိုက်ထားပြီးလျှင် အရေးပေါ် ကုသပေးရာ ပျောက်ခဲ့သည်။

နိုင်ငံခြားပြန်ဆရာဝန်များနှင့် ဤအကြောင်းကိုပြောပြရာ သူတို့အဆိုအရ အုန်းသီးစိမ်းရေထဲတွင် ဝမ်းလျှောခြင်းကို ရပ်စေတတ်သော ဓာတ်တစ်မျိုးပါသည်ဟုပြောသည်။ သူတို့က စမ်းမကြည့်ခဲ့ဘူးဟုပြောသည်။ အုန်းသီးစိမ်းအရည်နှင့် အသက်ရှည်ခဲ့သည်။

◈



## စမြင်းရောဂါ

၎င်းရောဂါ ဝမ်းချုပ်လွန်းအားကြီးသောအခါ အစာအိမ်ထဲတွင်(ဝါ) အူမကြီးထဲတွင် အပြင်သို့ထွက်မည့် အစာဟောင်းသည် မှလွန်းအားကြီး၍ ဝမ်းတွေမာပြီးလျှင် ကျောက်ခဲသို့ဖြစ်သွားသည်။ ထိုအခါ ဝမ်းသွား၍မရတော့ဘဲ ဝမ်းပိတ်သွားသည်။ အပူလွန်သောသူများ၊ ပိန်သောသူများ၊ ရေအေးအသောက်နည်းသူများ၊ အရက်သမားများဖြစ်တတ်ကြသည်။

တစ်ခါက ကျွန်တော်သည် ကျောင်းဆရာလုပ်နေစဉ် အသက် (၆၀)ကျော် အဘွားကြီးတစ်ယောက်သည် တုန်ချည့်တုန်ချည့်ဖြင့် တောင်ဝှေးကလေးကိုထောက်၍ ကျောင်းဝင်းထဲမှဖြတ်သွားသည်။ ကျွန်တော်သည် ဘာမဆိုသိချင်သည်၊ တတ်ချင်သည်၊ နားလည်ချင်သည်။ သူတစ်ပါးကိုကူညီချင်သောကြောင့် အမေကြီးအတုန်ကယင်ဖြစ်နေတာ ဘာဖြစ်လို့လဲဟုမေးသည်။

ထိုအခါ အမေကြီးက ငါ့မြေးရယ်၊ ငါဝမ်းသွားမရတာ ဆိုးရက်ရှိသွားပြီ။ ကြက်ဆူဆီသောက်လဲမရ၊ ဆပ်ပြာတောင့်နဲ့ ဝမ်းချလဲမရ။ ဘယ်လိုလုပ် ၍မှမရ။ ဝမ်းပိတ်နေသည်။ မျက်လုံးများလည်း မမြင်ရတော့။ အစာလည်း မစားနိုင်သောကြောင့် ရင်တုန်လာသည်။ ဒူးလည်း တဆတ်ဆတ်တုန်လာသည်ဟုပြောသည်။

ထိုအခါ ကျွန်တော်သည် ရှစ်နှစ်သားအရွယ်က ဗိန္ဒောဘာသာသနိကျမ်းကို ဖတ်လေ့ရှိရာ မြတ်စွာဘုရားသခင်သည် စမြင်းအသည်းခံသောကြောင့် ဆေးဆရာဇီဝကထံ ဝမ်းလျှောဆေးတောင်းရာ ဆရာဇီဝက,က မြတ်စွာဘုရားအား နှမ်းဆီဖြင့် သုံးရက်တိတိ ဆွမ်းဘုန်းပေးတော်မူပါဘုရားဟု လျှောက်ထားသည်။

သုံးရက်မြောက်သောအခါ ကြာလက်ပေါ်တွင် ဆေးသုတ်ပေး၍ မြတ်စွာဘုရားကိုကပ်လှူသည်။ ကြာသုံးလက်၌ တစ်လက်ကိုသုံးကြိမ်စီရှူလျှင် အကြိမ်သုံးဆယ်ဝမ်းသွားသည်။ တစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကြိမ်သွားသည်။ မြတ်စွာဘုရားသည် အကြိမ်သုံးဆယ် ဝမ်း… သွားပြီးသောအခါ စမြင်းဒေါသကုန်သွားသည်။

မြတ်စွာဘုရားသခင်သည် ကျန်းမာတော်မူသွားသည်… ဤဆေးကို သတိရလာသည်။

ထို့ကြောင့် ကျွန်တော်က အမေကြီး ပျောက်သည့်ဆေး… နည်းရှိသည်။ တကယ်သောက်လျှင်ပေးမည်ဟုပြောရာ ပျောက်လျှ… သောက်မှာပေါ့ ဟုပြောသည်။

ထိုအခါ ကျွန်တော်က အမေကြီး ညအိပ်ကာနီးတွင်… နှမ်းဆီစစ်စစ်ကို လက်ဖက်ရည်ကြမ်းပန်းကန်တွင် တစ်ဝက်ခန့်ထည့်၍… တစ်ကြိမ်တည်း မော့ချသောက်ခိုင်းသည်။ အမေကြီးသည် နောက်… ဆုံးနည်းဖြစ်သောကြောင့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ… သောက်ကြည့်မည်ဆိုပြီး ညွှန်ကြားသည့်အတိုင်း နှမ်းဆီကို အိပ်ရာ… ဝင်တွင် သောက်ခဲ့သည်။

နံနက်လင်းသောအခါ ဂု–နာရီကျော်လောက်တွင်–

ကျွန်တော့်ထံပြေး၍ ငါ့မြေးရယ် ငါနေကောင်းသွားပြီဟဲ့… ဝမ်းထဲကစမြင်းတွေက ကျောက်ခဲတွေလိုပဲ အတုံးလိုက် ထွက်သွား… တယ်၊ ရေချိုးရပြီး ထမင်းလည်းစားမည်ဟုပြောသည်။ အနာ… ဆေးရှိသည့်အတိုင်း အမေကြီးမှာ အသက်ချမ်းသာရာရလာသည်…

ထို့အတူ ဝန်ထောက်ကြီးတစ်ယောက် အသက် ၈… ကျော် ကျွန်တော်ညွှန်ကြား၍ စမြင်းရောဂါကို နှမ်းဆီနှင့်ပျောက်… ခဲ့သည်။ လူအတော်များများ ပေးခဲ့သည့်အတိုင်း ပျောက်ခဲ့သည်… မည်မျှကုသိုလ်ရသည်ကို တွေးကြည့်ပါ။ ကျွန်တော်သည် အလွ… ဝမ်းသာမိသည်။ သံသရာမှာ ရောဂါကင်းပြီး ယခုဘဝတွင်လည်း… အသက်ရှည်မည်။

⟐



# ကျောက်ကပ်ရောဂါ

တစ်နေ့သောအခါ လူတစ်ယောက်သည် သူ၏ ၁၀–နှစ် သားလေးအတွက် ဗေဒင်မေးလာသည်။ ကလေးမှာ ကျောက်ကပ် ရောဂါဖြစ်၍ မထနိုင်။ ထမင်း ကုန်းမစားနိုင်။ အသားတွေလည်း ဝါပြီးလျှင် အရိုးပေါ်အရေတင်ဖြစ်နေသည်။ ဆရာဝန်များ ကုသ၍ မရတော့ကြောင်း၊ ကလေးသည် ဂု–ရက်အတွင်း သေဆုံးမည့် အကြောင်း ပြောကြားသည်။

ဗေဒင်ကြည့်ပေးပါဆိုသည်။ ကျွန်တော်သည် ကလေး အတွက် သေချာစွာတွက်ချက်ကြည့်သောအခါ ရောဂါဖြစ်နေသော် လည်း သေမည့်အချိန်မဟုတ်သောကြောင့် မသေနိုင်။ ပျောက်ပါ လိမ့်မည်ဟု အားပေးသည်။ ၎င်းရောဂါကိုပျောက်အောင် ဆရာက ဆေးပေးမည်ဟု အားပေးသည်။ သောက်မည်လားဟု မေးကြည့် သည်။

ထိုအခါ ကလေးအမေက သောက်ပါမည်ဟုဆိုသည့် အ တိုင်း ကျွန်တော်သည် ဓာတ်လုံးထိုးစဉ်က ယမ်းတေဖောငြိမ်းရှိသည်။ ၎င်းတေဖောငြိမ်း လောက်စလုံးခန့် (၄)ခွက်စာပေးပြီးလျှင် ၎င်းကို အမှုန့်ကြိတ်ပါ။ လေးပုံတစ်ပုံကို တစ်နေ့တစ်ခါ အုန်းစိမ်းရည် (အုန်းသီးနုနု)ရည် တစ်လုံးဖြင့် (၄)ရက်တိုက်ပါ။ ပျောက်ပါလိမ့်မည်ဟု ညွှန်ကြားလိုက်သည်။

ကျွန်တော်ကံလည်း ကောင်းနေဟန်တူပါသည်။ ကလေး သည် (၆)ရက်ကြာသောအခါ လုံးဝရောဂါပျောက်၍ ကျောက်ကပ် ရောဂါလည်း ကောင်းသွားပါသည်။

ရေမိုးချိုးသည်။ ထမင်းစားနိုင်သည်။

ထိုအခါ သူတို့သားအဖ တစ်ခေါက်လာသည်။ ဆင်းရဲ သားဖြစ်သဖြင့် လက်ဖက်ခြောက် ၂၅–ကျပ်သားလောက်ဖြင့် လာ၍ကန်တော့သည်။ ကျွန်တော်သည် ၎င်းလက်ဖက်ခြောက်ကို လက်

www.burmeseclassic.com

www.burmeseclassic.com



မခံ။ ပစ္စည်းလို၍ ကုနေသည်မဟုတ်။ သတ္တဝါများကို ကယ်တင်လို၍ ကုနေသည်ဟုပြော၍ ပြန်ပေးလိုက်သည်။ သားအဖနှစ်ဦးသည် ကျွန်တော့်အား ကန်တော့၍ ပြန်သွားကြသည်။ ကျွန်တော်သည် ထိပေါက်သကဲ့သို့ ဝမ်းသာသွားသည်။

## ကျောက်ကပ်ရောဂါ၊ ဆီးရောဂါနှင့် သံမနိုင် ကျောက်မနိုင်

ကျောက်ဆည်မြို့ ဝေဘူ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ ကြွလာတိုင်း ကျွန်တော်သည် နေ့စဉ်တရားနာသည်။ ဝေယျာဝစ္စလုပ်ပေးသည်။ နံနက်(၄)နာရီတွင် အရုဏ်ဆွမ်းအတွက် သစ်သီးဝလံမျိုးစုံဖြင့် ကန်တော့သည်။ ကျွန်တော်နှင့်အတူ ကျောက်ဆည် ဇာတိသား မင်းသားကြီးတစ်ယောက် အမြဲလာ၍ ကားနှင့် ခေါ်သည်။ ၆–ရက်ကြာသောအခါ ဝေဘူဆရာတော်ဘုရားကြီးကို ကန်တော့စဉ် သူသည် ရှေ့သို့ မကုန်းနိုင်၊ ခါးကုန်း၍မရ ကျောဆန့်၍သာ ကန်တော့သည်။

ထိုအကြောင်းကိုမေးကြည့်သောအခါ ကျောက်ကပ်ရောဂါဖြစ်နေ၍ ကျောက်ကပ်တစ်ဘက်မှာ ကျောက်ခဲလို ဖြစ်နေကြောင်း၊ မကုန်းနိုင်တော့ကြောင်းပြောပြသည်။ နောက်တစ်လလောက်ကြာသောအခါ သူသည် ရောဂါပျောက်သွားပြီဖြစ်ကြောင်းပြောပြသည်။ ကျွန်တော်သည် အလွန်ပင်ဝမ်းသာသွား၍ ဘယ်ဆေးနှင့်ကုသလဲဟု မေးကြည့်သည်။

ထိုအခါ သူက ရန်ကုန်မြို့ခြံများ၌ အလေ့ကျပေါက်နေသော သံမနိုင် ကျောက်မနိုင်များကို နံနက်တိုင်းသကြားနှင့် ကျိုသောက်ပါသည်။ ကျောက်ကပ်ရောဂါလုံးဝပျောက်သွားကြောင်း ပြောပြသည်။

ထိုအခါ ကျောက်ကပ်ရောဂါဖြစ်သောသူများကို ကျွန်တော်ကိုယ်တိုင်ညွှန်ကြားရာ ပျောက်ကင်းကြသည်။ ရန်ကုန်မြို့တွင် နေးသည်များကိုမှာလျှင် ရပါသည်။ ခြံများထဲတွင် အလိုအလျောက် ပေါက်နေသည်။ ထိုသူများကိုမေး၍ သောက်ကြည့်ပါ။ လုံးဝ ပျောက်ပါလိမ့်မည်။

## ဆီးချိုရောဂါ

ယခုအခါ မြို့ပေါ်ရှိလူများသည် ဆီးချိုရောဂါဖြစ်တာများကြသည်။ ကျွန်တော့်ကိုယ်တွေ့မှာ ကျွန်တော်နှင့်အလွန်ရင်းနှီးသော မင်းကြီးကတော်တစ်ယောက်ရှိသည်။ တစ်နေ့သောအခါ အိမ်သို့ သာရာ သူသည် အရိုးပေါ်အရေတင်ပြီး အလွန်ပိန်နေသည်။ ဘာဖြစ်သလဲဟုမေးကြည့်ရာ ဆီးချိုရောဂါဖြစ်နေကြောင်း၊ ဆီးချိုရုံမဟုတ်တော့ဘဲ သွေးပါချိုလာပြီး ဒီကရီ ၃၀၀ သွေးချိုနေကြောင်း ပြောသည်။

ကျွန်တော်သည် သွေးချိုသည်ကို ယခုမှကြားဖူး၍ ကြောက်သွားပါသည်။ နောက်နှစ်လခန့်ကြာသောအခါ သူသည် ရောဂါပျောက်သွားပြီး ရှေးကလို ဝဝဖြိုးဖြိုးဖြစ်လာ၍ ဘယ်လိုပျောက်သလဲဟု မေးကြည့်မိသည်။

ထိုအခါ သူသည် သကြားမကိုင်ရွက်ကိုကျို၍ နံနက်တစ်ခါ၊ ညတစ်ခါသောက်သည်။ အိမ်တွင် ၎င်းအပင်တွေများစွာကို စိုက်ထားကြောင်း တစ်လလောက်ကြာတော့ ပျောက်သွား၍ ယခုအခါ ၎င်းအရွက်ကို ကျိုမနေတော့ဘဲအရွက် ၁၀–ရွက်ခန့်ခူးပြီးလျှင် ထမင်းနှင့်မြုပ်စား၍ ပျောက်သွားသည်ဟု ပြောသည်။

ထို့ကြောင့် ၎င်းအပင်ကို ကျွန်တော်ကိုယ်တိုင် သူ့ခြံထဲ ယူ၍ အိမ်ထဲ၌စိုက်ထားသည်။ အလွန် ရင်းနှီးသော မိတ်ဆွေ

www.burmeseclassic.com

တစ်ဦးသည် ဆီးချိုရောဂါဖြစ်၍ အပင်ပါနှုတ်ပေးလိုက်သည်။ မှချ ပျောက်သူတွေ အများကြီးရှိသည်။ သကြားမကိုင်ရှုပ်ခေါ်သည်။ ၎င်းအပင်သည် ရိုးတံကလေးများမှတစ်ဆင့် ပန်းများပွင့်လာသည်။

ထိုအခါ ၎င်း၏အပွင့်ထဲမှ ဖြူဖြူဖွေးဖွေး ဝတ်ဆံကလေး များထွက်နေသည်။ ကြည့်လိုက်လျှင် သကြားမင်းမကိုင်ရှုနှင့်တူသော ကြောင့်'သကြားမကိုင်ရှု'ဟုခေါ်ကြသည်။ မန္တလေး မေမြို့တွင် လူတိုင်း သိကြသည်။ ရန်ကုန်မြို့ တစ်ချို့အိမ်များ၌ စိုက်ထားကြသည်။

## သွေးတိုးရောဂါ

ယခု လူအများစုသည် သွေးတိုးရောဂါဖြစ်ကြသည်။ အမှန်မှာတော့ သွေးတွေများလာ၍ သွေးတိုးသည်မဟုတ်၊ လေပူထပြီး သွေးတွေပူလာခြင်းဖြစ်သည်။ ထိုအခါ သွေးတိုးအားကြီး၍ ပြဒါးတိုင်နှင့်သွေးချိန်ကြည့်လျှင် ၁၅၀ မှ ၃၀၀ အထိ ရှိသည်။

သွေးတိုးလျှင် ခေါင်းမူးသည်၊ အကြောတက်သည်၊ လေဖြတ်တတ်သည်။ မိန်းမများ အဖြစ်များသည်။ လွန်ခဲ့သော အနှစ်(၂၀)ခန့်က မင်းကြီးကတော်တစ်ယောက်သည် သွေးတိုးရောဂါဖြစ်သည်။ အမေရိကန်ဆေးရုံသို့ လေးငါးကြိမ်တက်ရောက် ကုသသည်။ ဖြစ်လိုက်ပျောက်လိုက်ရှိနေသည်။ တစ်ခါသော် အမေရိကန်ဆေးရုံဆရာဝန်ကြီးများက သူ့ကိုကု၍ပျောက်မည်မဟုတ်။ အခြားဆေးနည်းများဖြင့်ရှာ၍ ကုကြည့်ပါ။ ဆေးရုံတက်လျှင် ငွေကုန်မည်၊ လူပင်ပန်းမည်၊ နောင်မတက်ပါနှင့် ဆေးကောင်းတွေ့လျှင် ပျောက်လိမ့်မည်ဟုညွှန်ကြားသည်။

ဆေးရုံမှဆင်းလာပြီး ၂-လခန့်ကြာသောအခါ သူတို့၏ ဆရာတော်ကြီးတစ်ပါးဖြစ်သော မန္တလေးမြို့မှ ဆရာတော်ကြီးသည် သူတို့တိုက်သို့ကြွရောက်လာသည်။ သူတို့၏ ဆရာတော်အရှင်



ဖြစ်သဖြင့် သွေးတိုးရောဂါအကြောင်း လျှောက်ထားရာ ဆရာတော်ကြီးက အလွယ်ကလေးပဲဟုပြောပြီး ဈေးထဲမှ နနွင်းခါးအမှုန့်ပြုပြီး ၂-ကျပ်သား၊ ပျားရည်( )ရောဖျော်၊ ညအိပ်ရာဝင်တွင် ထမင်းစားဇွန်းဖြင့်တစ်ဇွန်း ရေအေးနှင့်သောက်ဟု ညွှန်ကြားလိုက်သည်။ ၁၅-ရက်ခန့်ကြာသောအခါ သွေးတိုးရောဂါ တစ်ခါတည်း ပျောက်သွားသည်။

သွေးတိုးစစ်ကြည့်သောအခါ သွေးတိုးမရှိတော့။ ဒီကရီမှန်နေပြီ၊ ဤအကြောင်းကို ကျွန်တော်သိသောအခါ ကျွန်တော့်ခြံထဲ နနွင်းခါးပင်များစိုက်ထားပါသည်။ ထိုစဉ်အခါက တန်ဖိုးမသိသဖြင့် နနွင်းခါးကို မြောင်းမြမြို့မှယူလာရာ တစ်ပိဿာလျှင် ၂-ကျပ်မျှသာ ပေးရသည်။ ယခုအခါ ၂၅-ကျပ်ဖြစ်နေပြီ။ ကျွန်တော့်ထံ လာသော သွေးတိုးရောဂါသည်များ၊ အရပ်ထဲ ဈေးထဲမှာဖြစ်နေကြသော သွေးတိုးရောဂါသည်များကို နနွင်းခါးများတူး၍ပေးခဲ့ရာ အားလုံးပင် ပျောက်ကြသည်။ ကျွန်တော် စိုက်ပျိုးထားသော နနွင်းခါးပင်များ သည်းကုန်ပြီ။ ယုံလျှင် သောက်ကြည့်ပါ။ ပျောက်သွားပါသည်။

◈

## ချိုင်းစော် ချွေးစော်နံ့သောရောဂါ

အချို့သူများသည် ဝက်သား၊ ငါးပိ ငံပြာရည်ကဲ့သို့အပုပ်အားကြီးသော အစားအစာများ အစားများသဖြင့် ချိုင်းစော်စူးရှကြီးနံ့သည်။ ချွေးထွက်လျှင် အတော်နံ့သည်။ ၎င်းရောဂါကို ပျောက်လိုရာထလျှင် ပျားရည်ထမင်းစားဇွန်း တစ်ဇွန်း ရေအေးတစ်ခွက်နှင့်သောက်လျှင် ၁၀-ရက်ခန့်ကြာသောအခါ ပျောက်သွားပါသည်။

မ်မိကိုယ်တွင် အနံ့အသက် မကောင်းသည့်အပြင် စား

www.burmeseclassic.com

www.burmeseclassic.com



သည့်အစားအစာများသည် အစာအိမ်ထဲ၌ အချဉ်ပေါက်ပြီး အစာအိမ်ရောဂါဖြစ်လာသည်။ ပျားရည်သောက်သောအခါ နံနက် စားလျှင် ညဝမ်းသွားသည်။ ညစားလျှင် နံနက်ဝမ်းသွားသည်။ ဝမ်းထဲ၌ အပူအပုပ် မကျန်ဘဲ စင်ကြယ်သွားမည်။ ရေမြောင်းများကဲ့သို့ မြောင်းပိတ်နေလျှင် ပုပ်စော်နံမည်။ မြောင်းမပိတ်ဘဲ ရေသွားနေလျှင် အပုပ်နံ့မရှိ၊ ဤသဘောမျိုးဖြစ်သည်။ အသက်လည်းရှည်မည်။

## နှလုံးရောဂါ

လူတစ်ယောက်သည် အိပ်သည်ရှိသော် မျက်စိခြေလက်မှစ၍ အကုန်လုံး အနားယူအိပ်ရ၏။ သို့ရာတွင် နှလုံးမှာ အိပ်၍နား၍မရ။ လူ၏ခန္ဓာကိုယ်ထဲတွင် သွေးများလည်ပတ်စေရန် အလုပ်လုပ်ရ၍ တဒိတ်ဒိတ်နှင့် အမြဲတမ်းမြည်နေရသည်။

အသက်ကြီးလာသောအခါ နှလုံးအားနည်းလာသည်။ မော်တော်ကားကဲ့သို့ အိုလာသောကြောင့် လူမှာလည်း အသက်ကြီးလာသောအခါ နှလုံးအားနည်းပြီး ရောဂါတွေထူလာသည်။

လွန်ခဲ့သော နှစ်ပေါင်း(၉၀)ကျော်က ရှေးဆရာတော်ကြီးများရိုက်နှိပ်ခဲ့သော ဗုဒ္ဓအာယုဝဇနဆေးကျမ်းကို ကျွန်ုပ်သည် ငယ်စဉ်က ဖတ်ရှုမှတ်သားခဲ့ရသည်။

မြတ်စွာဘုရား၏ဝိနည်းဒေသနာတော်၊ သုတ္တန်ဒေသနာတော်များမှထုတ်ယူထားသော ဘုရားဆေးနည်းများဖြစ်သည်။ ရဟန်းသံဃာတော်များ ရောဂါတစ်ခုခုဖြစ်လျှင် မြတ်စွာဘုရားက ဘာကိုစားပါ၊ ဘယ်ဆေးကိုသောက်ပါ၊ ဘာကိုလုပ်ဟု ညွှန်ကြားလေ့ရှိသည်။

ငှင်းစာအုပ်တွင် နံနက်စောစော ပျားရည်တစ်ဇွန်းနှင့် ရေအေးတစ်ခွက်နှင့်သောက်က အသက်ရှည်ကြောင်း ပျားရည်ဖြစ်စေ၊ နွားနို့ဖြစ်စေ၊ ထောပတ်ဖြစ်စေ၊ တင်လဲကိုဖြစ်စေ တစ်ခုခု သောက်ပစ်ရမည်ဟုညွှန်ကြားသည်။ ဖြစ်နိုင်လျှင် စတုမဓု လေးပါးကိုရော၍သောက်လျှင် ပို၍အသက်ရှည်သည်ဟု ဟောတော်မူသည်။

ကျွန်ုပ်ကိုယ်တိုင်ပင် ပျားရည်ကိုသောက်လာသည်မှာ နှစ်ပေါင်း ၃၀–ကျော်လာပြီ။ လက်တွေ့ကောင်းသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်သည် သူ၏မိခင်ကြီး နှလုံးရောဂါတစ်ခုဖြစ်နေသည်။ ဆရာဝန်ကြီးများ ကု၍မရ၊ ဆေးနည်းများလည်း စုံနေပြီ၊ ကျွန်ုပ်က နံနက်တိုင်း ပျားရည်ကို ထမင်းစားဇွန်းကြီး တစ်ဇွန်းဖြင့် ရေတစ်ခွက်သောက်ဟု ညွှန်ကြားပေးပါသည်။

ကျွန်ုပ်သည်ဆရာဝန်မဟုတ်သော်လည်း ဓာပေဗဟုသုတ ရှာမှီးသူဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေက ယုံကြည်စွာပင် သူ၏အမေကို ပျားရည်တိုက်သည်။ ၁၀–ရက်ခန့်ကြာသောအခါ သက်သာလာသည်ဟု ပြောသည်။ တစ်လခန့်ကြာသောအခါ နှလုံးရောဂါ ပျောက်သွားသည်။ ယခုအသက် (၇၉)နှစ်ရှိပြီ။

သင်ကိုယ်တိုင်သောက်လျှင် အသက်ရှည်လိမ့်မည်၊ နှလုံးအားနည်းသောရောဂါ ပျောက်စေနိုင်သည်။ နှလုံးသွေးကြောကျဉ်းသောရောဂါ၊ နှလုံးသွေးကြောကျယ်သောရောဂါများကို ခွဲစိတ်ရသည်။

## တင်းတိပ်ရောဂါ

တင်းတိပ်ရောဂါသည် အများအားဖြင့် မိန်းမများတွင် အဖြစ်များကြသည်။ ပါးပေါ်တွင် အမည်းကွက်ကြီးများဖြစ်လာသည်၊ အချို့မှာ အနည်းငယ်မျှသာဖြစ်သည်။ တစ်ချို့မှာ မျက်နှာတစ်ခုလုံး ညိုးနေသည်။ သွေးလေ ပမှန်သောကြောင့်လည်းကောင်း၊ မသန့်ရှင်းသော အစာများကို စားမိသောကြောင့်လည်းကောင်း၊ အပူအပုပ်ကြောင့်သော်လည်းကောင်း တင်းတိပ်များဖြစ်လာနိုင်သည်။

ငှင်းရောဂါပျောက်သောဆေး မပေါ်သေးပေ။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်မှလာသော မျက်နှာလိမ်းဆေးကို ရှေးအခါက ၆-ကျပ်သာ ပေးရသည်။ တစ်ဘူးထဲနှင့်ပျောက်သည်။ ယခုဝယ်၍မရတော့ပါ။

တစ်နေ့သောအခါ ဗိုလ်မှူးကတော်တစ်ယောက် အိမ်သို့လာသည်။ သူ့မျက်နှာတစ်ခုလုံး မည်းနေသည်။ ကပ်ကြည့်လျှင် မှောင်နေသည်။ အမှန်မှာ အသားဖြူသောသူဖြစ်သည်။

ထို့ကြောင့် အထက်ပါလိမ်းဆေးကို ညွှန်ကြားပေးလိုက်သည်။ သုံးနှစ်ခန့်ကြာသောအခါ သူတို့ တခြားမြို့သို့ ပြောင်းသွားသည်။ တစ်နေ့ သူတို့ရန်ကုန်ရောက်လာသည်။ ကျွန်တော့်ထံလာသောအခါ သူ့မျက်နှာမှာ တင်းတိပ် လုံးဝမရှိဘဲ ဖြူဖြူဖွေးဖွေး နူးနူး ညံ့ညံ့ဖြစ်သွားသည်။ ကျွန်တော်ညွှန်သော နိုင်ငံခြားဆေးကြောင့် ဖြစ်သည်ထင်ပြီး မေးမိသည်။

ထိုအခါ သူမကငင်းဆေးကြောင့်မဟုတ်ပါ။ သူတို့ လားရှိုးမြို့သို့ပြောင်းရသည်။ တစ်နေ့သောအခါ လားရှိုးမှ အရာရှိကတော် တစ်ယောက်နှင့် စကားစပ်မိကြပြီး တင်းတိပ်ရောဂါကုသပေးကြောင်း သူက ဆေးနည်းကိုတောင်းယူသည်။

ဆေးနည်းမှာ အင်္ဂလိပ်ဆားခါးဝယ်ပြီးလျှင် ညအိပ်ခါနီးသောအခါ ၎င်းဆားခါးကုံညှင်းခန့်ကို ရေနှင့်ဖျော်၍သနပ်ခါးကဲ့သို့မပျစ်မကျဲဖြစ်အောင် လက်နှင့်မွှေပေးပါ။ အိပ်ခါနီးသောအခါ တင်းတိပ်များရှိသောနေရာများကို လက်သည်းနှင့်ကုတ်ခြစ်ပြီး အနည်းငယ် စပ်ဖျဉ်းဖျဉ်းဖြစ်လာမှ ရပ်ထားရမည်။

၎င်းနောက် ဖျော်ထားသောအင်္ဂလိပ်ဆားခါးကို မပျစ်မကျဲ လိမ်းပေးပါ။ ပထမနေ့တွင် မခံနိုင်အောင်စပ်သည်။ ငါးမိနစ်ခန့် စပ်နေသည်။ နေ့စဉ်လိမ်းသောအခါ တဖြည်းဖြည်း စပ်ပူခြင်းမရှိဘဲ သက်သာလာသည်။

ထိုအခါ တင်းတိပ်ရှိသော မကောင်းသောအသားများကို ဆားခါးက စားပစ်သည်။ အမည်းကွက်များအားလုံး ပျောက်သွားသည်။ ပကတိအသားအတိုင်း ဖြူလာသည်ဟုပြောပြသည်။



ထိုနည်းအတိုင်း မိန်းမများကိုညွှန်ကြားပေးရာ မှချပျောက်ကြသည်။ အချို့မိန်းမများမှာ အသိဉာဏ်ခေါင်းပါး၍ မယုံသူများကြသည်။ မယုံ၍မလုပ်လျှင် မပျောက်။ ယုံ၍စမ်းကြည့်လျှင်ပျောက်သည်။

အထက်ပါနည်းများမှာ မှချဆက်ဆက် ပျောက်သောနည်းသည်။

မှတ်ချက်။ ။ ပရောဟိတ်လက္ခဏာဆရာကြီး ဆရာသည် (၁၇-၄-၈၀) ရက်စွဲဖြင့် ကျွန်တော့်ထံ အများသူငါ ဆေးသုတရရှိကြစေခြင်းအကျိုးငှာ ရေးသားပေးပို့ခဲ့သော ဆေးနည်း ဖြစ်ပါသည်။

ယခုအခါ ဆရာစန္ဒသည် ၁၉၈၂-ခုနှစ်မှစ၍ ရဟန်းအောင်သို့ ဝင်ရောက်ခဲ့ပြီး ရဟန်းတော် ဦးဇနိန္ဒဘွဲ့ သက်တော်(၇၈)ရှိပြီ၊ သိက္ခာတော် (၈)ဝါရှိပြီ။ တောတိုက်စမ္ပရိပ်သာ၌ တရားဝနာများ ကျင့်ကြံအားထုတ်လျက်ရှိသည်။

## သားအိမ်ကင်ဆာ ပျောက်စေရာ

ပြောပြရင်တော့ ယုံနိုင်ဖွယ်မရှိ။

ကြက်ကန်း ဆန်အိုးတိုးသည်ဟု ဆိုချင်ဆိုပါ။ ကျွန်တော်သည် ဆေးရုံမှလက်လျှော့ခဲ့ရသည့် 'သားအိမ်ကင်ဆာရောဂါသည်' ကလေးတစ်ယောက်ကို ကုဖူးပါသည်။ အံ့ဖွယ်ပျောက်ကင်းသာသွားပါသတည်း။ သူ့အကြောင်းကိုပြောပြရသော် သူ့အမည် 'မခင်သီ' တဲ့။

မခင်သီ။

မခင်သီ အသက် ၂၅-နှစ်လောက်ရှိပါပြီ။ မခင်သီနှင့် ရုံက ဒီလိုပါ။ တစ်နေ့သောအခါ စာရေးသူသည် မန္တလေးသို့

www.burmeseclassic.com



ရောက်သွား၏။ ထုံးစံအတိုင်း ကာတွန်းမောင်ကံချွန်နှင့်ဗိုလ်မော တို့အိမ်မှာ တည်းပါသည်။ ညတိုင်း ကာတွန်းမောင်ကံချွန်က ရုပ် တွေဆွဲ၏။ ကျွန်တော်က အနီးအနားမှ လူငယ်တစ်သိုက်နှင့် ရယ် စရာ မောစရာ စာအကြောင်း ပေအကြောင်း သောင်းပြောင်း ထွေလာ ပြောမိ၏။ ထိုလူငယ်များထဲမှ မောင်ကျော်ဝေမည်သော လူငယ် လေးတစ်ယောက်က–

'အစ်ကို---အစ်ကိုက ခရီးသွားဆေးသမားဆိုတော့ အစ်ကို့ကို လူနာတစ်ယောက်လိုက်ပြချင်လို့'

'ဘာရောဂါလဲ'

'သားအိမ်ကင်ဆာ အစ်ကို'

'ဘယ်မလဲ သူက'

'အမပူရမှာနေတယ်အစ်ကို၊ မနက်ကို တစ်ဆိတ်လော လိုက်ကြည့်ပေးပါလား'

'အေး---လိုက်တာပေါ့ကွာ'

သို့နှင့် နောက်တစ်နေ့ မောင်ကျော်ဝေနှင့်အတူ မခင်သီ တို့အိမ်သို့ ဘတ်စ်စကားနှင့်ထွက်ခဲ့ကြပါသည်။

မောင်ကျော်ဝေသည် အသက် ၁၈–နှစ်လောက်ရှိပြီ ၁၂ ရာသီပွဲတော်လိုက်ပြီး ကပ်ကြေး၊ ကွမ်းညှပ်၊ ကြေးကုန်သံကု လိုက်ရောင်းနေသောလူငယ်ကလေးဖြစ်၏။ ဇျေးသည်ပီပီ စကာ ချို၏။ တစ်ပါးသူကို ကူညီလိုစိတ်ရှိသူဖြစ်၏။

'အဲဒီ သားအိမ်ကင်ဆာဖြစ်နေတဲ့ မခင်သီဟာ ကလေ တစ်ယောက်မျက်နှာမြင်ပြီး တရှောင်ရှောင်နဲ့ဖြစ်သွားတာပဲအစ်ကို'

'အေးပေါ့ကွာ၊ အမျိုးသမီးဆိုတာမျိုးဟာ ထွေပြားသ ပြီတော့ သားသမီးဝေးချင်လို့ မိန်းမတွေသားအိမ်ထဲ ကွိုင်ထည့် လည်း သားအိမ်ကင်ဆာဖြစ်တတ်တာပဲကွ၊ ခုခေတ်ပေါ်တဲ့ တားဆေး တွေစားပြီး ဟိုလုပ်ဒီလုပ် လုပ်ရင်လဲဖြစ်တတ်တာပဲ'

'အင်း---ဒုက္ခပါပဲအစ်ကိုရာ၊ သူလဲ ကျွန်တော်တို့လိုပဲ



ရာသီပွဲတော်လိုက်ဈေးထွက်တာ၊ ခုတော့ လူက မကျန်းမာတော့ စီးပွားရေး အဆင်မပြေဘူးအစ်ကို'

မောင်ကျော်ဝေက လိမ္မာပါးနပ်စွာ ကျွန်တော့်ကို 'စကား' ဆို၏။ ကျွန်တော်နားလည်လိုက်ပါသည်။ ဆေးဖိုးဝါးခ သိပ်မတောင်း လိုက်ပါနှင့်အစ်ကိုဟု ဆိုလိုက်သည့်စကားပါ။

'ဟေ့– မောင်ကျော်ဝေရ၊ ငါဆေးကုတာ ငွေမလိုချင် ဘူးကွ၊ အတွေ့အကြုံလိုချင်တာပါ။ ငါကုလို့ပျောက်သွားရင် သူလဲ ကိုယ်စိတ်နှစ်ပါးချမ်းသာမယ်။ ကိုယ်လဲ ကုသိုလ်ရတာပေါ့ကွာ'

မောင်ကျော်ဝေက ပြုံး၍နားထောင်နေပါသည်။

ဘတ်စ်ကားမှတ်တိုင်မှဆင်းပြီး မောင်ကျော်ဝေခေါ်ရာ နောက်သို့လိုက်ပါလာခဲ့သည်။ ၃–ပင် ၂–ခန်း မြေစိုက်တဲကလေး ရှေ့ရောက်သောအခါ–

'မခင်သီ--- ဗျို့---မခင်သီ'

မောင်ကျော်ဝေက အိမ်ရှေ့မှအသံပြုရင်း ဝင်ခဲ့ကြသည်။ မခင်သီသည် အိပ်ရာထဲလှဲနေရာမှ ထလာ၏။

'ခင်ဗျားယောကျ်ားကော မခင်သီ၊ ဟောဒါ ကျွန်တော် ပြောပြောနေတဲ့ မကြွေးဝင်းမြင့်ပဲ'

'ဪ---ဟုတ်လား၊ ထိုင်ပါဆရာ၊ ကျွန်မ လက်ဖက် ရည်ဝယ်လိုက်ဦးမယ်'

'နေ နေ မခင်သီ ဘာမှဒုက္ခမရှာနဲ့'

'ဘယ်ဟုတ်မလဲဆရာရယ်၊ ဒါဖြင့် ဆေးလိပ်ဖြစ်ဖြစ် လုပ်ဦးမှပေါ့'

'ကျွန်တော် ဆေးလိပ်မသောက်တတ်ဘူးမခင်သီ၊ မခင်သီ ရောဂါအကြောင်းပြောပါ၊ ဘယ်လိုစဖြစ်တာတုန်း'

ကျွန်တော်တို့စကားပြောနေကြတုန်း မခင်သီယောကျ်ား ကိုတင်ဖေဆိုသူ ရောက်လာသည်။ အိမ်နှင့်တစ်ပြလောက် ဝေးသည့် ရေတွင်းသို့ ကလေးနှင့်ရေချိုးသွားသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



မခင်သီက–

'ကျွန်မ ကလေးမီးဖွားပြီး ခြောက်လအကြာမှာဖြစ်တာပဲဆရာ၊ ဆေးရုံတက်ပါတယ်၊ ဆရာသိတဲ့အတိုင်းပဲ ကျွန်မတို့ဘဝက စားစားသောက်သောက်နေရတဲ့ဘဝဆိုတော့ သက်သာလို့ ဆေးရုံက ဆင်းလိုက် တစ်ခါပြန်ဖြစ်၊ ဆေးရုံဆက်လိုက်နဲ့ ဒီလိုနဲ့ ရက်တွေကြာလာတာပဲ'

မခင်သီသည် ယဲ့ယဲ့ကလေး ပြုံးနေရှာ၏။

'ကျွန်မလဲ---သားအိမ်ကင်ဆာဆိုတော့--- စိတ်လဲ အကြီးအကျယ် ညစ်သွားတာပဲဆရာ'

'စိတ်မညစ်ပါနဲ့ဗျာ၊ ဒီလိုပါပဲ၊ လူ့ဘဝဆိုတာ ရေရာတာမဟုတ်ပါဘူး'

ကျွန်တော်က နှစ်သိမ့်လိုက်ရပါသည်။

'ငွေလဲကုန်လှပြီဆရာ၊ ဟိုတစ်နေ့က မောင်ကျော်ဝေက မြန်မာဆေးနဲ့ကုကြည့်ပါဦးဆိုလို့၊ ဆရာ့နာမည်ကိုတော့ ကျွန်တော်ကြားဖူးပါတယ်၊ လူချင်းမသိတော့–'

'ကဲပါလေ--- ဘာမှအားမငယ်ပါနဲ့၊ မခင်သီရောဂါ ခုပျောက်ရစေမယ်ဗျာ'

ကျွန်တော်က ထိုသို့ အားပေးစကားပြောလိုက်သောအခါ မခင်သီ၏မျက်နှာကလေး ဝင်းလက်သွားပါသည်။ သို့သော်လည်း မခင်သီ၏ခင်ပွန်း မျက်နှာကတော့ မယုံမရဲဖြစ်နေဟန်တူ၏။

ဟုတ်ပါလိမ့်မည်။ ဆေးရုံမှာ လနှင့်ချီ၍ တက်လိုက် ဆင်းလိုက် ကုသနေတာတောင် မပျောက်နိုင်သောရောဂါကို မြန်မာဆေးဆရာက ပျောက်စေ့ရမယ်ဟုဆိုသောစကားကို ယုံနိုင်ဖွယ်မရှိပါ။

'ကဲ---မခင်သီ ကျွန်တော်ဆေးကုပေးခဲ့မယ်၊ ရော့---ဒါပဲ--- အဲဒီဆေးသာမှန်မှန်စား'

ကျွန်တော်က ပလပ်စတစ်ထုပ်နှင့် ကျကျနနထုပ်ယူလာသော နန္ဒင်းမှုန့်ကို မခင်သီလက်ထဲ ထည့်ပေးလိုက်၏။



'အဲဒါကို မနက်တစ်ကြိမ် ညတစ်ကြိမ်စား၊ တစ်ကြိမ်စားရင် ကွမ်းသီးတစ်ခြမ်းသာသာစားဗျ'

'ဟုတ်ကဲ့ဆရာ ဘယ်လောက် ကြာကြာစားရမလဲဆရာ'

'တစ်လစားဗျာ'

မခင်သီက ကျွန်တော်ပေးသော ပလပ်စတစ်ထုပ်ကိုဖြေ၍ ကြည့်၏။

'ဟင်--- နန္ဒင်းမှုန့်တွေပဲ'

'ဘာလဲမခင်သီ၊ နန္ဒင်းမှုန့်ကိုဘာမှတ်လို့လဲ၊ ဆေးဗျ---ဆေး--- ဆေး'

မခင်သီက သူ့ခင်ပွန်းကိုတင်ဖေကို လှမ်းကြည့်၏။ ကိုတင်ဖေက ဘာမှမပြော။

'ဘာလဲ မခင်သီ၊ မစားချင်ဘူးလား'

'ဆရာက စားဆို စားမှာပေါ့ဆရာ'

'ဒီလိုမှပေါ့ စားစမ်းပါ၊ ယုံယုံကြည်ကြည်စားစမ်းပါ၊ ပျောက်ပါတယ်'

'ဟုတ်သားပဲ'

မောင်ကျော်ဝေကပင် ထောက်ခံအားပေး၏။

မခင်သီကို ရှောင်ရမယ့် အစားအစာများကိုပြောခဲ့၊ စားသောက်ရမည့်အစားအစာများကိုပြောပြီး ထပြန်မည်လုပ်သောအခါ မခင်သီက သူ့ခင်ပွန်းကို အဓိပ္ပါယ်ပါသောမျက်စိဖြင့် လှမ်းကြည့်လိုက်၏။

အကင်းပါးလှသော မောင်ကျော်ဝေက–

'မလိုဘူးကိုတင်ဖေ ခင်ဗျားအမျိုးသမီး ရောဂါပျောက်မှ ဆရာ့ရှိရင် ကန်တော့၊ ဒီကအစ်ကို ဆေးဖိုးဝါးခ ခြေကြွခ မယူဘူး'

'ဟုတ်ပါတယ်ဗျာ၊ ဘာမှမလိုပါဘူး။ ကျွန်တော်က မတတ်သာလို့ တတ်နိုင်ရင် ငွေတောင်ပေးခဲ့ချင်သေး'

www.burmeseclassic.com

www.burmeseclassic.com


သည်လိုပြောတော့ သူတို့ဇနီးမောင်နှံ နှစ်ယောက်သား ပြုံးကြသည်။

မန္တလေးမှ မကွေးသို့ရောက်၍ တစ်လခန့်ကြာသောအခါ မောင်ကျော်ဝေထံမှ စာကလေးတစ်စောင် ရောက်လာ၏။

အစ်ကိုဝင်းမြင့်
မခင်သီရဲ့သားအိမ်ကင်ဆာ
ရှင်းရှင်းပျောက်ပါပြီ အစ်ကို။

အစ်ကိုပြောတဲ့အတိုင်းနနွင်းမှုန့်ကို တစ်လတိတိစားတာပဲ ခုတော့ စိုစိုပြေပြေ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ ကျန်းမာနေပြီအစ်ကို။ အစ်ကို့ကို ကန်တော့ချင်လို့ မန္တလေးခေါ်ပါဦးဆိုလို့ အခုလို စာရေးလိုက်တာပဲ။

ကျွန်တော်လည်း မနက်ဖြန်ကစပြီး ကျောက်တော်ကြီး ဘုရားပွဲတော် ဈေးထွက်ရလိမ့်မယ်အစ်ကို။ ဒါပါပဲခင်ဗျာ---။

မောင်ကျော်ဝေ
အမရပူရ

မောင်ကျော်ဝေထံမှစာဖတ်ရပြီး ကျွန်တော့်ရင်ထဲ ကတုန်ကယင်ကြီး ခံစားရပါသည်။ ဝမ်းသာပီတိလှိုင်းတနေခြင်းဖြစ်ပါသည်။

'မခင်သီရဲ့သားအိမ်ကင်ဆာဆိုတာကို နနွင်းမှုန့်တစ်မျိုးတည်းနဲ့ကုတာဗျ၊ ရှင်းရှင်းပျောက်တယ်ဗျို့'

ကျွန်တော်က ဘဝတူဆေးဆရာများကို အားရပါးရ ဖောက်သည်ချပြောပြမိပါသည်။ ကျွန်တော့်ထက်ဝါရင့်သမားတော်ကြီး တစ်ဦးဖြစ်သူ ဦးသိန်းမြင့်က–

'ဝင်းမြင့်က တို့ထက်သာတဲ့အချက် တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုရင် ဒီကောင်က ဘာရောဂါဆိုးကြီးကိုပဲ ကုရကုရ၊ တုန်တုန်လှုပ်လှုပ်မရှိဘူး၊ ခုကြည့်ပါလား တခြား ဆေးသမားဆိုရင် 'သားအိမ်ကင်ဆာ'လို့ကြားတာနဲ့ တပြိုက်နက် ဟိုဆေးထုတ်၊ ဒီဆေးထုတ်၊ ဆေးကောင်းတွေချည်း ဖော်စပ်တိုက်မိမှာပဲ၊ ဆေးဆိုတာမျိုးဟာ တန်ဖိုးများများပေးဝယ်ရတဲ့ဆေးမှ ကောင်းတယ်ထင်နေကြတာကိုး။ မီးဖိုချောင်ထဲမှာရှိနေတဲ့ နနွင်းမှုန့်ဟာလဲ သူ့နေရာနဲ့သူ သုံးတတ်ရင်လည်း တန်ဖိုးရှိတာပါပဲ။ အေး---ဝင်းမြင့်က သွေးအေးအေးနဲ့ စိတ်ငြိမ်ငြိမ်ထားပြီး တစ်လက်ကောင်းနဲ့ ချက်ကောင်းမိအောင် တွက်တတ်တယ်' ဟုအားပါတစ်ရ မှတ်ချက်ချခြင်းခံရ၏။

မှန်ပါသည်။ တစ်လက်ကောင်းနှင့် ချက်ကောင်းတွယ်သည်ပဲပြောပြော၊ ကြက်ကန်းဆန်အိုးတိုးဟုဆိုဆို၊ ကျွန်တော်ကတော့ ရိုးရိုးတွေး၍ ရိုးရိုးပဲ ဆေးကုပါသည်။ ကျွန်တော့်ကို အထင်ကြီးချင်ကြီး မကြီးချင်နေ၊ မမှားနိုင်သည့်ဆေးကိုသာပေး၏။ 'ရှေ့နေဆိုဖို့မှ၊ သမားဆိုအိုမှ'ဟူသောဆိုစကား ရှိပါသည်။ ကျွန်တော့်ကို ငယ်သည့်ကြောင့် အချို့က မလေးစားချင်။ ထားပါတော့။ အရေးကြီးတာက ကျွန်တော် သားအိမ်ကင်ဆာကို ဘာကြောင့် နနွင်းမှုန့်နှင့်ကုသလဲဟု မေးခွန်းထုတ်ရန်ရှိပါသည်။

နနွင်းမှုန့်သည် နေရာတကာတိုင်း ဈေးပေါပေါနှင့်အလွယ်တကူရ၏။ ထို့ပြင် သူ့ဂုဏ်သတ္တိကိုလည်း ရှုကြပါဘိ။

နနွင်းမှုန့်သည် သွေးငုပ်၊ သည်းခြေငုပ်ကောင်း၊ အနာကျက်စေ၏။ သွေးပုပ်၊ သည်းခြေပုပ် အပုပ်ကိုနိုင်၏။ သွေးညှိပေး၏။ အလှတိုးစေ၏။ သွေးဒေါသ၊ နူနာ၊ အရေပြားအနာကိုနိုင်၏။ နနွင်းသည် ပူသောဂုဏ်ရှိ၏။ စားသောအခါ အေးသော အခိုးဂုဏ်ရောက်၏။ နနွင်းသည် သွေးသားစင်ကြယ်စေ၏။

ကဲ---နနွင်းသည် သွေးသားနှင့်ပတ်သက်၍ ကောင်းလှပါဘိ။ ကျွန်တော်တို့ အမေများ ကလေး မီးဖွားပြီးတိုင်း နနွင်းတစ်ပိဿာကုန်အောင်စား၏။ နနွင်းများများစားလေ ရောဂါကင်းလေဖြစ်၏။

အိန္ဒိယနိုင်ငံတွင် ကော်ဖီသောက်သောအခါ နနွင်းမှုန့်ထည့်သောက်ကြသည်။ နနွင်း၏ဂုဏ်သတ္တိကို သိကြသောကြောင့်

www.burmeseclassic.com



ဖြစ်၏။ လိုရင်းကိုအတိုချုပ်ရသော် နနွင်းမှုန့်ကို မီးဖိုချောင်၌ အမြဲ တွေ့နေရ၍ အထင်မသေးပါနှင့်၊ သားအိမ်ကင်ဆာပင် ပျောက်ဆေး ပါသည်။

အကယ်၍သာ ကျွန်တော်သာ စီးပွားရှာတတ်ပါက နနွင်း မှုန့်ကို ဘားပလက်ဆေးပြားကလေးများကဲ့သို့ ဆေးပြားကလေး များရိုက်၍ သားအိမ်ကင်ဆာပျောက်ဆေးဟု အမည်တပ်ကာ တံဆိပ် လှလှကလေးနှင့် ရောင်းချလိုက်ရ၍ဖြင့်–

◈

## ဆေးလည်းအစာ အစာလည်းဆေး

( ၁ )

ရေသည်မီးကိုနိုင်၏။ မီးကို ငြိမ်းသတ်ရာ၌ ရေသည် အစွမ်းထက်လှပါ၏။ သို့သော်--- မီးများ၏ မီးအရှိန်အင်အား ကြီးမားလာသော် ရေက မီးကိုမနိုင်တော့ပါ။ ထို့အတူ---။

( ၂ )

ကျွန်တော်သည်အစ်ကိုကြီး ရန်ကုန်မြို့၊ ပန်းဘဲတန်း မြို့နယ်၊ အမှတ်၁၆၂–၃၂လမ်းမှာနေ၏။ သူ့အမည်က ဦးသောင်း ဖေမည်၏။ အသက်က ၅၀ကျော်ပါပြီ။

အစ်ကိုကြီးဦးသောင်းဖေသည် လူမျိုးပေါင်းစုံနှင့်အကျွမ်း



တဝင်ရှိသူဖြစ်ရကား၊ နွားသားနှစ်ပိဿာကျော်ခန့် သူ့မိတ်ဆွေများက ပေးလိုက်ကြ၏။

ကျွဲသား၊ နွားသားများကို အစ်ကိုကြီးဦးသောင်းဖေ၏ဇနီး ဒေါ်ခင်ပြုံးလည်း မစား။ သမီးနှစ်ယောက်ကလည်း ငယ်ငယ်ကတည်း ကတိုင်းရှောင်ခဲ့သည်။ တစ်အိမ်လုံးမှ သူတစ်ယောက်တည်း စား၏။

အစ်မကြီးဒေါ်ခင်ပြုံးကတော့ မိမိခင်ပွန်းနှစ်သက်လှသော နွားသားကို မိမိမစားသော်လည်း၊ အိမ်သူသက်ထားတို့၏ဝတ္တရားအရ အကြော်အလှော်တစ်မျိုး၊ အချက်တစ်ဖုံ နည်းမျိုးစုံဖြင့် စား ကောင်းအောင် စီမံချက်ပြုတ်ပေးရပါတော့သည်။

အစ်ကိုကြီးဦးသောင်းဖေသည် မစားရတာကြာပြီဖြစ်သော အမဲသားအကြော်အလှော်များကို အားရပါးရစားပါတော့သည်။ နွား သားနှစ်ပိဿာကျော်ကို နှစ်ရက်နှင့်ချောတော့၏။

သူ့အသား

ယခင်က ကမ္ဘာ့ဆေးပညာရှင်ကြီးများတို့က 'အသားများ များ စားကြပါ၊ အားရှိပါသည်'ဟု ဆိုမိန့်ခဲ့ကြ၏။ ဟော--- ယခုမူ တစ်မျိုးပြောင်းလဲဆိုကြကုန်ပြန်ပါပြီ။

အသားစားခြင်းသည် ရောဂါရစေသည်။ အသားထဲတွင် (URIC ACID) ယူရစ်အက်ဆစ်ဓာတ် အနည်းနှင့်အများပါဝင် ကြသည်။ သို့ကြောင့် ဒူလာအမျိုးမျိုး၊ အကြောအဆစ်ရောင်သည့် ရောဂါ၊ ခေါင်းကိုက်ဝေဒနာ၊ ဖျဉ်းရောဂါ၊ ဆီးလွန်ရောဂါ၊ သွေးစုနာ များ ဖြစ်လာစေတတ်ပါသည်။ ထို့ကြောင့် အသားကိုလျှော့၍ အသီး အရွက်များများစားကြပါ ဟူ၏။

'ပရမတ္ထသစ္စာ'အမှန်သိမြင်တော်မူသော ကျေးဇူးရှင် သယ်တီဆရာတော်ဘုရားကြီးက 'ဝိနိစ္ဆယသုခ'ကျမ်း၌ အသား စားခြင်းသည် မျက်နှာမြင် ချစ်ခင်ခြင်း၊ အသံကြား ကြည်ညိုခြင်း၊ ရောဂါ ဝေဒနာများကင်းစင်ခြင်း၊ စိတ်ချမ်းသာကိုယ်ချမ်းသာရရှိခြင်း စသော ဒိဋ္ဌလက်တွေ့အကျိုးတရားများ ရရှိနိုင်ကြောင်းဖော်ပြထား

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ တစ်ဖန် ညောင်လေးပင်တောရဆရာတော် ရေးသားပြုစုသော ဘုန်းကြီး ဦးသီလအတ္ထုပ္ပတ္တိတွင် 'အသားမစားတော့ သွားနာရောဂါသက်သာတာပေါ့'ဟု ဘုန်းတော်ကြီးဦးသီလ မိန့်ဆိုခဲ့သည့် အတိုင်း ဖော်ပြထားပါသည်။

တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ ကိုယ်တော်ကြီးက ဤသို့မိန့်ဆိုပါသေး၏။

'ဘုန်းကြီး အသားမစားတော့ ဘာရောဂါမှ မရှိဘူးပေါ့။ ဘုန်းကြီးကို ဆရာဝန်များက အထပ်ထပ် စမ်းသပ်သော်လည်း ဘာရောဂါမှ မတွေ့ကြရဘူး'ဟူ၏။

မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသကလည်း ဤသို့မိန့်ဆိုပါသည်။

'အသားငါး အစားနည်းတော့

ဘုန်းကြီးမှာ အညောင်းနည်းတာပေါ့'ဟူ၏။

သူတော်ကောင်းပညာရှိများက 'သူ့အသား'ကို အတတ်နိုင်ဆုံး မစားမသောက်ဘဲနေလျှင် ကျန်းမာ၍ အနာရောဂါသက်သာကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆိုမိန့်ကြပါသည်။

သို့သော်---

ကျွန်တော်၏အစ်ကိုကြီးဖြစ်သူဦးသောင်းဖေသည် အသားမပါလျှင် ထမင်းမဝင်။ စားလိုက်ပြီဟေ့ဆိုလျှင်လည်း အမဲသားဝက်သား၊ ငါးဆယ်သား၊ တစ်ပိဿာလောက်ကို တစ်ယောက်တည်းနှင့် တစ်နေ့တည်း အပြတ်ရှင်းနိုင်သူဖြစ်၏။

ထိုကဲ့သို့ အမဲသားနှပ် နှစ်ပိဿာကျော်ကို စားအပြီး ကြာပါပေ၊ တစ်ကိုယ်လုံး ယားယံလာပါတော့သည်။ ယားလွန်း၍ ကုပ်ဖဲ့သောအခါ ယားနာတွေဖြစ်လာ၏။

ကျွန်တော်ဖော်ပြီး ပို့ထားသော ယားနာပျောက်ဆေးများကိုလည်း ပဲလှော်ဝါးသလို မကြာခဏစား၏။ သို့သော်- ထမင်းစားသောအခါ ပုဇွန်ပါ၏။ သရက်သီးများကိုလည်း စား၏။ ညစာစားသောအခါ ယားသည့်ထက် ယားလာပါတော့၏။ ထိုနေ့ညနေက ယားလွန်း၍ သမီးဖြစ်သူ မခင်တင်ကပါ ဘီးတစ်ချောင်းနှင့် ခြစ်ပေးရသည်ဟူ၏။



အစ်ကိုကြီးဦးသောင်းဖေ၏အသွေးထဲ အသားထဲတွင် ယားယံစေတတ်သော ဓာတ်သဘာဝများ ခိုအောင်းမင်းမူ၍ နိုပ်စက်ပါလေပြီ။

အစ်ကိုကြီးဦးသောင်းဖေသည် နောက်တစ်နေ့နံနက် အိပ်ရာအထတွင် ဆူးလေဘုရားလမ်း၌ အထူးနာမည်ကြီးလှသော အုန်းနို့ခေါက်ဆွဲဆိုင်သို့သွား၍ တစ်ဝတပြကြီး စားပြန်သည်ဆို၏။ ထမင်းစားသောအခါ ဘဲသားဆီပြန်ဟင်းနှင့်ဒညင်းသီးအတို့စား၏။

ည ဧနာရီထိုးသောအခါ အစ်ကိုကြီး ဦးသောင်းဖေ၏ ခေါင်နှင့်လည်ကုပ်တို့မှ ယားနာများကြွထလာကာ ဖူးရောင်လာပါတော့၏။

ထိုအခါ ကျွန်တော်ပို့ထားသော ယားနာပျောက်ဆေးများ ပေါ်လာပါတော့သည်။ အစ်ကိုကြီး ဦးသောင်းဖေသည် ကျွန်တော်၏ ဆေးများစားလျှင် မုချ ပျောက်ကို ပျောက်မည်ဟု ဆေးအပေါ်ယုံကြည်သူဖြစ်ပါ၏။ သို့သော်--- သူ၏ခန္ဓာကိုယ်ထဲတွင် အမဲသား၊ ဘဲ၊ အုန်းနို့ သရက်သီးများမှ ယားစေတတ်သောဓာတ်မလ အညစ်အကြေး အင်အားအရှိန် ကောင်းသည်ထက် ကောင်းနေသည်ကိုတော့ သတိမပြုမိရှာပါ။

မီးအားအရှိန်ကောင်းနေစဉ် ရေနှင့်ပက်သော်လည်း အားမရောက်သကဲ့သို့ ယားနာပျောက်ဆေးများကို စားနေသော်လည်း အရာမရောက်ဖြစ်နေ၏။ ပို၍ဆိုးသည်မှာ လောင်စာဆီနှင့်တူသော ပုဇွန်၊ ဘဲသား၊ အုန်းနို့ခေါက်ဆွဲ၊ ဒညင်းသီး၊ သရက်သီးများကို ရှောင်ကြဉ်ဘဲ စားနေခြင်းကြောင့် ပို၍ယားယံနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့တတွေ နှစ်နှစ်ခြိုက်ခြိုက် စားသုံးနေကြသော

www.burmeseclassic.com

www.burmeseclassic.com



သရက်သီးများသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပေးပါသည်။ သူ့ကိုစားလျှင် ယားယံမည်ဖြစ်၏။ အနာပေါက်မည်။ ဝမ်းပျက်မည်။

ကျွန်တော်တို့ မြန်မာတွေမှာ အထူးသဖြင့် ခုခံအား ကိုယ်ခံအား ကောင်းသောလူမျိုးဖြစ်၍ အလွန်အကျွံ ရောဂါမရကြခြင်း ဖြစ်ပါသည်။

သို့သော် အမေရိကန်လို နိုင်ငံများ၌ သရက်သီးကို လုံးဝ မစားဝံ့ကြ။ အသည်းနှင့် ဝမ်းတွင်းသား မစားဝံ့ကြ။ စားသည်နှင့် တစ်ပြိုင်နက် ဝမ်းပျက် ဝမ်းလျှော၍ အသားအရေတွေ ယားယံလာ သောကြောင့် ဖြစ်ပါသည်။

အစ်အိုကြီးဦးသောင်းဖေသည် ယားနာများ တစ်ကိုယ်လုံး အနှံ့အပြား ကြွထလာသောအခါ ကျွန်တော်ရှိရာ မကွေးသို့အရောက် အလွှား ရောက်လာပါတော့သည်။

'ဆရာပေးတဲ့ယားနာပျောက်ဆေး တစ်ခြားလူတွေ ပေး လိုက်ရင် တန်းခနဲပျောက်ပြီး ကျွန်တော့်ကျတော့ မပျောက်ဘူးဆရာ'

အစ်ကိုကြီးက ကျွန်တော့်ကို ဖြစ်ကြောင်းကုန်စင်ပြော ပြသောအခါ ကျွန်တော်ပြုံးမိပါသည်။ ကျွန်တော် သဘောပေါက် ပါသည်။ အစ်ကိုကြီးသည် ရေမှုတ်တစ်ဖက် မီးစက်တစ်ဖက်ကိုင်ထား သူနှင့်တူကြောင်း မြင်တွေ့ရပါ၏။

ထို့ကြောင့် အစ်ကိုကြီးအား အောက်ပါအတိုင်း ရှင်းပြ ပါတော့သည်။

'အစ်ကိုကြီးက ဆေးတွေချည်း အားကိုးနေတာကိုး ဆေးတွေအားကိုးနဲ့ စားချင်တာစားလို့ မဖြစ်ပါဘူး။ စားသင့်တာ သာစားရပါမယ်။ အစ်ကိုကြီးဟာ ယားနာပျောက်ဆေးတွေ အပ် လောက်စားစား– ရှောင်ရမယ့်အစာအာဟာရတွေ မရှောင်နိုင်ရင် မပျောက်နိုင်ပါဘူး။ မီးနဲ့ရေလိုပါပဲ။ မီးကို ရေကနိုင်ပါတယ်။ ဒါပေမယ့် မီးအားအရှိန်ကောင်းလာရင် မီးသတ်ကားကြီးနဲ့ ငြိမ်းသတ်ပေမယ့်



မရပါဘူး။ အစ်ကိုကြီး ခန္ဓာကိုယ်ထဲမှာ ယားနာလို့ခေါ်တဲ့ မီးအား အရှိန်ကောင်းနေပါပြီ။ လောင်စာဆီနဲ့တူတဲ့ မသင့်မြတ်တဲ့ အစာ အာဟာရတွေ အထူးရှောင်ပါမှ ပျောက်မှာပါခင်ဗျ---'

မိမိထက်အသက်ကြီးသူလည်းဖြစ်၊ အစ်ကိုကြီးလည်း ဖြစ်နေသောကြောင့် လေးစားရိုသေစွာ တစ်လုံးချင်း သဘောပေါက် စေသောနည်းဖြင့် ပြောပြရပါတော့သည်။

'ဆေးသမားတို့၏လက်'သည် အမြဲဖြူစင်စွာဖြင့် ဆေးပေး ဆေးကုကြပါသည်။ ခံစားရသောဝေဒနာများ အမြန်ဆုံး သက်သာ ပျောက်ကင်းစေချင်ကြ၏။

ထို့ကြောင့် ရောဂါဝေဒနာ မြန်မြန်ပျောက်စေရန် နေ့စဉ် စားသုံးသင့်သောအစားအစာ၊ ရှောင်ရမည့်အစားအစာများကို 'အပ် ကြောင်း ထပ်မတတ်' ပြောပြနေရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ဆေးလောက၌ လူနာများကို ဆေးပေး ဆေး ကုရာတွင် ဆေးသမား၏စကားကို လူနာက နားထောင်လိုက်နာမှ သာ ရောဂါဝေဒနာ လျင်မြန်စွာပျောက်ပါသည်။

အကယ်၍ လူနာက ဆေးဆရာစကားကိုလိုက်နာခြင်းမရှိ ပါက မည်မျှပင် အစွမ်းထက်သောဆေးများနှင့် ကုသစေကာမူ အရာ ရောက် ရောဂါမပျောက်ဘဲ အချည်းနှီးဖြစ်တတ်ပါသည်။

'အို- ကွာ--- ဒါလေးစားတာနဲ့လောက်တော့ အန္တရာယ် မဖြစ်နိုင်ပါဘူး။ ဆရာ့ကွယ်ရာမှာစားလိုက်ဦးမှ 'စိတ်ကိုမထိန်းနိုင်ဘဲ စားချင်တာ စားပစ်လိုက်ကြသည်။

'ဆရာကွယ်ရာမှာစားမယ်'မသင့်မြတ်သော အစားအစာ ကို စားသုံးမိပါက အစာအိမ်မှတစ်ဆင့် သွေးကြောထဲရောက်သွား သော်--' စားမိတာမှားလေခြင်း'ဟု နောင်တရတတ်ကြသည်။

မိမိက မသင့်သောအစားအာဟာရများကို စားပြီးမိမိ ရောဂါမပျောက်သော် ဆရာကိုအပြစ်တင်ချင်ကြသည်။ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကပ်ငြိနေခိုက် 'မစားပါနှင့်'ဟု တားမြစ်ထားသောအစာကို ရှောင်ကိုရှောင်ရမည်။

ကျွန်တော်တို့သည် မြန်မာ့ရိုးရာ မြန်မာ့ဓလေ့အတိုင်း 'အစာလည်းဆေး–ဆေးလည်းအစာ' တတ်စာ စားသုံးရုံမျှနှင့်ပျောက်ကင်းအောင် ကုနိုင်ကြပါသည်။

တစ်မျိုးသားလုံးကလည်း 'တတ်စာ'စားခြင်းကို သဘောကျနှစ်ခြိုက်ကြ၏။ တိုင်းရင်းဆေးဆရာကြီးများကလည်း 'တတ်စာ' နှင့်ပျောက်ကင်းနိုင်သောရောဂါကို တတ်စာပေး၍ကုသကြ၏။

သို့သော်--- ယနေ့လူအတော်များများသည် (ကျွန်တော် အစ်ကိုကြီးကအစ) 'ဆေးလည်းအစာ–အစာလည်းဆေး' တတ်စာကို ယုံကြည်လက်ခံပါသော်လည်း မသင့်မြတ်သော အစာအာဟာရကို စားသုံးမိပါက 'ဘေး'ဖြစ်တတ်ကြောင်းကိုတော့ သတိမမူကြပါ။

ထို့ကြောင့် ကျွန်တော်တို့ စားသုံးနေသောအစာအာဟာရ များသည် 'ဆေးဖြစ်သည့်အစာ'ရှိသကဲ့သို့ 'ဘေးဖြစ်နိုင်သော အစာ'များလည်းရှိနေပါကြောင်း သတိပေးအစီရင်ခံရပါသတည်း။

⊙



## မြန်မာ့ရိုးရာ အတို့အမြှုပ်

ရိုးတစ်လျှောက်
ဖြိုးမောက်ပါတဲ့လယ်ပတူ
အရွက်ချွန် ကန်စွန်း ပုစွန်စာနှင့်
လွန်တရာ ကညွှတ်ပေါ်တယ်
တောဖြစ်လို့ထူ။
မှိုနတိုင်ငွေရောင်ပြောင်ယယ်နှင့်
ရွှေကနဖော့ ကြာရိုးဖြူ
ချိုးယူလို့ မကုန်ခန်း
ပတ္တမြားရောင်
ဖားကပေါင် သံလွင်လွင်နှင့်
ရွှေညံ့ပင် ရှုပ်မရှင်းတယ်
ကွင်းပြည့်ကမန်း။ ။

ဩော်--- အခုလို မိုးဦးကျ မွေးရပ်မြေကိုသတိရမိပါတော့သည်။ ကျွန်တော်တို့ရွာမှာ ကညွှတ် လယ်ပတူ ကန်စွန်း ပုဇွန်စာ ကနဖော့တွေ ပေါပါဘိသနှင့်။

ငပိကော်သုပ်လုပ် တစ်မျိုး၊ ဟင်းချိုချက်၍တစ်ဖြာ၊ အတို့အမြှုပ်အဖြစ်တစ်သွယ် ငါးပိရည်ငရုတ်စပ်စပ်ဖြင့် မြိန်ရည်ယှက်ရည် စားခဲ့ကြသည်။

ကျေးလက်နေသူများ၏ ထမင်းဝိုင်းတွင် အတို့အမြှုပ် အမြဲလေ့ရှိပါသည်။ အတို့အမြှုပ်ကလည်း ဘာမျှမခဲယဉ်း။ လယ်ကွင်းထဲမှ ခူးဆွတ်ခဲ့ရုံပါပဲ။ ပြီးတော့ မိမိတို့၏အိမ်ဝန်းကျင်မှာလည်း အဆင့်သင့်စားဖို့ စိုက်ပျိုးထားကြ၏။ လတ်လတ်ဆတ်ဆတ် ချွယ်လွယ်ကူကူ စားကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ကျွန်တော်သည် မြို့သူနှင့်အိမ်ထောင်ကျ၏။ မြို့မှာနေ ရ၍ လတ်လတ်ဆတ်ဆတ် အတို့အမြှုပ်များနှင့် ဝေးကွာခဲ့ရပါသည်။

အတို့အမြှုပ်များနှင့် ဝေးခဲ့ရုံသာမက ပြည်ပန်းညို၊ လဲလူ ရွက်ဟင်းချို၊ ခွေးတောက်ရွက်ဟင်းချိုများနှင့်လည်း အလှမ်းဝေးခဲ့ရပါတော့သည်။ ကျွန်တော့်'အိမ်သူ' မြို့သူက ဟင်းချိုချက်ရမှန်း မသိပါ။ ထို့ကြောင့် လက်ဖက်ရည်ကြမ်းဖြင့် မျောချရတော့၏။ ဟင်းချိုနေရာ လက်ဖက်ရည်ကြမ်းက အစားဝင်ရောက်နေပါပြီ။

'မြို့သူ'က တစ်ခါတစ်ရံ အတို့အမြှုပ် စီစဉ်ပါသေးသည်။ ကျွန်တော်တို့ရွာမှာ စားခဲ့ရသည့် လယ်တူ ကနဖော့-မှိုနတိုတို့ မဟုတ်ပါ။ ဒညင်းသီးဆားရည်စိမ်တဲ့။ မြို့မှာ ဒညင်းသီးကို အတို့အမြှုပ်အဖြစ် အမြဲစားကြရုံသာမက ဒညင်းသီးကိုပြုတ်၍ နို့ဆမ်းစား လိုက်ချေသေး၏။ ဒါတွင်မကသေး လက်ဖက်ထဲထည့်စားပြန်သေး၏။ ထို့ကြောင့် မြို့သူတွေ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ရောဂါထူကြ၏။ ဖက်ကြောတွေတက် 'သွေးတိုး'ဟူသောရောဂါတွေရ၏။ ပြီးတော့ လေနာ ရင်ဘတ်နာဖြစ်ကြ၏။

ကျေးလက်နေသူများသည် မြို့မှာလို ဒညင်းသီး မစားကြရပါ။ ထို့ကြောင့် ကြံ့ခိုင် ကျန်းမာမှုချင်း ကွာခြားလှ၏။

ကျေးလက်နေသူများသည် လယ်ပတူ ကန်စွန်း မှိုနတို ကနဖော့ အတို့အမြှုပ်စွမ်းအင်များကြောင့် ကြံ့ခိုင်ကျန်းမာကြခြင်း ဖြစ်၏။

ထို့ကြောင့် မြန်မာ့ရိုးရာ အတို့အမြှုပ်များကို ဆေးပညာ ရှုထောင့်မှာ ဤသို့လေ့လာသုံးသပ်ကြည့်မိပါတော့သည်။

### ကညို့

ကညို့ကို ကျေးလက်တွေမှာ အတို့အမြှုပ်အသုံးပြုလေ့ရှိကြ၏။ ကညို့သည် လေနှင့်သည်းခြေကိုနိုင်၏။ ဝမ်းချုပ်၏။ ဆီး



ရောဂါ၊ သွေးဝမ်းရောဂါတို့ကို နိုင်၏။ သွေးအန် သွေးကျနာကို ပျောက်ကင်းစေ၏။

### ပုစွန်စာ

ပုစွန်စာ နှစ်မျိုးရှိ၏။ မြေတွင်ပြန့်၍ ပေါက်သောမျိုးနှင့် အဆစ်မှ မြေကိုတွယ်ကပ်၍ပေါက်သောမျိုးဟူ၍ နှစ်မျိုးရှိ၏။ ဟင်းချိုချက်၍စားကြ၏။ အရသာမှာ ဖန်တွတွအရသာရှိ၏။ နို့ရည်ကို ပွားစေ၏။ အထူးသဖြင့် အဆုပ်ရောဂါအမျိုးမျိုးကို အကျိုးပြုသည်။ ပုစွန်စာဟင်းချိုကို သောက်သုံးပါက ဆီးရောဂါပျောက်ကင်းသည်။ နို့ရည်ကို ပွားစေပါသည်။

### မှိုနတို

မှိုနတို အတို့အမြှုပ်အဖြစ် အသုံးပြုကြ၏။ အရသာအကျိုးသွားမှာ အရွက်သည်ချို၏။ ဝမ်းမီးကို တောက်စေ၏။ ချာချာလည် အောင် မူးဝေသောရောဂါ၊ သွေးပုပ်ကျန်သောရောဂါ၊ ခံတွင်းပျက်သောရောဂါ၊ ကလေးလေဆန်ရောဂါတို့ကို ပျောက်ကင်းစေပါသည်။

မှိုနတို(အချိုမျိုး)ကို ပြုတ်၍ သကြားသင့်ရုံထည့်သောက်ပါက သွေးပုပ်ကျန်ရောဂါကို ပျောက်ကင်းစေပါသည်။ နောက်တစ်နည်းမှာ မှိုနတိုအပင်ကလေးများကို ရှောက်ရည်နှင့်စိမ်ထားပါ။ တစ်ရက် နှစ်ရက်ကြာသောအခါ ဆယ်ယူ၍ လက်သုပ်လုပ်စားပါက အမျိုးသမီးများ သွေးပုပ်ကျန်ရောဂါ ပျောက်ကင်းစေပါသည်။

### ကန်စွန်းရွက်

ကန်စွန်းရွက်ကတော့ မြန်မာပြည်အနှံ့ပေါလှပါဘိ။ ပေါများသောကြောင့်ထင့်။ တန်ဖိုးထား၍အလေးအနက်ထားစားသုံးမှန်း သိကြပါ။ ကန်စွန်းရွက်သည် နို့ရည်နှင့်သုက်ဓာတ်ကို ပွားစေပါသည်။ အဖျား၊ ဖျားပြီးစ အားအင်ကုန်ခန်းနေသူကို ကန်စွန်းရွက် သက်တစ်ဆုပ်၊ ထန်းလျက်တစ်လုံးထည့်၍ ပြုတ်ပါ။ ၎င်းပြုတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကျွေးပါက ခွန်အားအမြန်ပြည့်စေပါသည်။

ထို့ပြင် ရေငတ် ကျောက်တည်ရောဂါ၊ ဆီးရောဂါတို့ကို နိုင်၏။ သွေးဝမ်းနှင့်မီးယပ်ဖြူ ပန်းသေ၊ ပန်းညိုးရောဂါတို့ကိုလည်း နိုင်သည်။ အထူးသဖြင့် ကန်စွန်းရွက်သည် အဆိပ်အတောက်ကို နိုင်သည်။

ဆီးပူကြောင့်ဖြစ်သော ပန်းသေပန်းညိုးရောဂါကို ကန်စွန်းရွက်နှင့်ထောပတ်ကြော်စားက ပျောက်ကင်း၏။

ကနဖော့

ကနဖော့သည် ပင်ငယ်မျိုးဖြစ်ပါသည်။ အရိုးအရွက် တစ်ပင်လုံး အသုံးပြုနိုင်၏။ အနည်းငယ် ခါးသက်သက် အရသာရှိ၏။ စပ်၏။ ဝမ်းအနည်းငယ်သက်စေ၏။ သည်းခြေနှင့်သလိပ်ကိုနိုင်သည်။ ကိုယ်ဖောရောင်ခြင်းကိုနိုင်၏။ ကိုယ်ရောင်၍ ကနဖော့ကို ပြုတ်တို့စားသုံးပါက ဖောရောင်ခြင်းကို ပျောက်ကင်းစေ၏။

သတိပြုရမည့်အချက်တစ်ခုမှာ အပူရှိန်ကြောင့် ငုပ်သောအဖောနှင့် သလိပ်ကြောင့်ဖြစ်သောအဖောများကိုသာ ပျောက်ကင်းနိုင်ပါသည်။

စာရှုသူအခွေ။

ကျွန်တော်သည် တောသားဖြစ်၍ မိမိဇာတိရွာမှ ဆွေမျိုးသားချင်းများ မကြာခဏရောက်လာလေ့ရှိသည်။ စာရေးဆရာဖြစ်သောကြောင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာနယ်ပယ်မှ မိတ်ဆွေများ ခရီးသွားဟန်လွှဲဆိုသလို ရောက်လာတတ်ကြပါသည်။

ထိုနေ့က ရွာမှ ဘကြီးပွေးရောက်လာသည်။ ဘကြီးပွေးသည် အသက် ၇၀ ကျော်ရှိပါပြီ။ ဘကြီးပွေးအား ကျောင်းဆောင်အနီးရှိ ခုတင်မှာ အိပ်စေ၏။ မရှေးမနှောင်းမှာပင် အချစ်ဝတ္ထုတွေရေးသော စာရေးဆရာလူငယ်နှစ်ဦး ရောက်လာပြန်၏။ သူတို့သည် မကွေးမှတစ်ဆင့် ပုဂံညောင်ဦးသို့ သွားကြမည်ဖြစ်၏။ သူတို့နှစ်ဦးအား ဘကြီးပွေးနှင့်မလှမ်းမကမ်း ခုတင်ပေါ်တွင် အိပ်စေပါသည်။



အချစ်ဝတ္ထုတွေရေးသော စာရေးဆရာနှစ်ဦးမှာ လူငယ်အနုပညာရှင်များပီပီ ညဉ့်ဦးအဖျော်ယမကာများ ကြိုက်နှစ်သက်ကြ၏။ နောက်တစ်နေ့ အရုဏ်တက်တွင် ဘကြီးပွေး ဘုရားရှိခိုး ပရိတ်ရွက်နေစဉ် စာရေးဆရာလူငယ်နှစ်ဦး တဝေါ့ဝေါ့နှင့်ပျို့အန်ပါတော့သည်။ မိုးစင်စင်လင်းသော် သူတို့နှစ်ဦး အိပ်ရာမှ မထနိုင်ရှာပါ။ နှုန်းခွေနေရော့ထင့်။

ဘကြီးပွေးကို နံနက်စာ ထမင်းပူပူ၊ မတ်ပဲဗယာကြော် ရေနွေးကြမ်းနှင့် အိမ်သူကကျွေးမွေးနေစဉ်---

'မောင်ဝင်းမြင့် ညကမင်းဧည့်သည် ပျို့အန်ရန်ကောကွ၊ ဘာဖြစ်တာလဲ'

'ညက အရက်သောက် များသွားတယ်ထင်တာပဲ'

'အေး–ဒါဖြင့် အရက်နာကျတာပေါ့'

'ဟုတ်ကဲ့'

'ဒါဖြင့်ရင် အဲဒီ ဧည့်သည်ကို ကြက်ဟင်းခါးအညွန့်ကလေးကို အရည်ညှစ်တိုက်လိုက်စမ်းဟဲ့၊ ပြီးတော့ ကြက်ဟင်းခါးရွက်အညွန့်ကလေးကို ရေနွေးဖျော်ပြီး ထမင်းနဲ့ကျွေးလိုက်'

ဘကြီးပွေးပြောသည့်အတိုင်း ကျွန်တော့်အိမ်နောက်ဖေးတွင် အလေ့ကျနွယ်တက်နေသော ကြက်ဟင်းခါးရွက်အညွန့်ကလေးများကိုခူး၍ ရေနွေးဖျော်ထားလိုက်သည်။ ပြီးတော့ ကြက်ဟင်းခါးရွက်သတ္တုရည် ကြွေဖွန်းကြီးတစ်ဖွန်းလောက်ကိုလည်း အသင့်မိမ်ထားလိုက်ရပါသည်။

ဧည့်သည် စာရေးဆရာများ အိပ်ရာမှထလာသောအခါ မျက်နှာသစ်ကြ၏။ ပြီးတော့ ရေချိုးကြသည်။ တဝေါ့ဝေါ့အော်ဟုန်းနှိုသေး၏။ ထို့ကြောင့် ဘကြီးပွေးပြောသည့်အတိုင်း ကြက်ဟင်းခါးရွက် သတ္တုရည်ကလေးကို သောက်စေရ၏။

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ--- အရေးထဲ တိုင်အိုဗစ် ပါမလာဘူး'

ညွှန်းသည့်စာရေးဆရာက ညည်း၏။

'မောင်ဝင်းမြင့် သူပြောတဲ့ တိုင်အိုဗစ်ဆိုတာဘာလဲ'

'အရက်နာကျရင် သောက်တဲ့ ဆေးကိုပြောတာပါ ဘကြီးပွေး'

'အရက်နာကျတာများဟယ်၊ ဒို့တောသားတွေ တောအရက် ပြင်းပေ့ဆိုတာသောက်တာပဲ၊ အခုလိုပို့အန်နေရင်ကြက်ဟင်းခါးရွက် အညွန့်ကလေးနဲ့ ပြုတ်တို့စားလိုက်တာပဲ၊ ပြီးတော့ ထမင်းရည်သောက်ကွဲ့ အရက်သမားတွေအတွက် အသည်းဆေးပဲ၊ ကြာရင် အသည်းကျက်သွားနိုင်တယ်၊ အသည်းမကျက်အောင် ကြက်ဟင်းခါးရွက်အညွန့်ကို စားပေးကြဟဲ့'

ဘကြီးပွေး ညွှန်းဆိုသည့်အတိုင်း မှန်ပါသည်။ မိတ်ဆွေစာရေးဆရာသည် တစ်ခါတည်း ကြည်ကြည်လင်လင် ဖြစ်သွား၏။ ထမင်းရည်ကလေး ဆားခတ်ကာ သောက်စေရပြန်၏။

ကျွန်တော်သည် ကြက်ဟင်းခါးရွက်နှင့်ပတ်သက်သည့် ဆေးမှတ်တမ်းကို ထရှာရသည်။ စာရေးသူတို့ ဆေးသင်တန်းတက်စဉ်က ဒေသပေါက် ဆေးပင်များအကြောင်း၊ ဆီးကိုသက်စေသော ဆေးပင်များ၊ ဝမ်းကိုသက်စေသော ဆေးပင်များ စသည်ဖြင့် ကဏ္ဍလိုက် ခွဲခြားမှတ်သားရ၏။

ကြက်ဟင်းခါးရွက်ကိုတော့ အညော်၊ အပုပ်ခိုးများကိုနိုင်သော ဆေးပင်များစာရင်း၌ တွေ့ရပါတော့သည်။

ကြက်ဟင်းခါးရွက်
အရသာ–ခါး၊ ဆိမ့်
နိုင်နင်းသောဒေါသ–ဒေါသသုံးပါးကိုနိုင်၏။
အသုံးပြု အင်္ဂါများ–ပဥ္စင်္ဂါးပါး
ကြက်ဟင်းခါးရွက်သည် နှုတ်ကိုမြိန်စေသည်။ ဝမ်းမီး



ကိုတောက်စေ၏။ မလတို့ကို ဖြိုခွင်းစေ၏။ ပိုးကိုဖြိုခွင်းတတ်သော သဘောရှိသောကြောင့် နှုတ်မမြိန်ရောဂါ၊ ဝမ်းမီးနှုန့်သောရောဂါ၊ အစာမကြေသောရောဂါ၊ အသည်းရောဂါ၊ ဝမ်းချုပ်သောရောဂါ၊ မြင်းသရိုက်ရောဂါ ပျောက်ကင်းစေနိုင်၏။ ထို့ပြင် ဖောရောင်သောရောဂါ၊ နူနာတို့ကို ဖျက်ဆီးစေတတ်၏။ ညော်နှင့်အပုပ်ခိုးတို့ကို ထွက်စေတတ်၏ ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါတော့သည်။

မြန်မာ့ရိုးရာ၊ မြန်မာ့ဓလေ့ အတို့အမြှုပ်များ စားသုံးမှုကို လေ့လာသောအခါ မြန်မာ့ရေမြေ ပထဝီအနေအထား၊ မြန်မာ့ရာသီဥတု၊ မြန်မာ့ဓလေ့စရိုက်တို့ကိုအခြေတည်၍ စီစဉ်ထားခြင်းဖြစ်သည်ကို တွေ့ရ၏။

တစ်နည်းအားဖြင့် ဆေးပညာအတွေးအခေါ်ဖြင့် ဦးဆောင်စီစဉ်ထားခြင်းဖြစ်သည်ကိုတွေ့ရ၏။ အာဟာရလည်းဖြစ်၊ ကျန်းမာကြံ့ခိုင်မှုကိုလည်း ဖြစ်စေအောင်စီမံထားရစ်သွားသော ရှေးကာဘိုးဘွားများ၏ဂုဏ်ကျေးဇူးကို အကြိမ်ကြိမ် ရှိခိုးဦးနှိမ်မိပါသတည်း။

◈

www.burmeseclassic.com

www.burmeseclassic.com



## တယ်တော်တဲ့–သူငယ်မ

'မကွေး–မန္တလေး' ပြေးဆွဲနေသော'ရွှေဆောင်'အမည်ရှိ ယာဉ်ငယ်ကလေးသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။ ကားရှေ့ခန်းဝယ် ကျွန်တော်နှင့်ဒရိုင်ဘာနှစ်ယောက်ထဲရယ်။ ကားနောက်ခန်းထဲမှာတော့ ခရီးသည်တွေအပြည့်။

မိတ္ထီလာမြို့တွင်းကိုကျော်ဖြတ်လာသောအခါ နံနက် ၉ နာရီထိုးနေပါပြီ။ မိတ္ထီလာမှအထွက်တွင် အမျိုးသမီးတစ်ဦးအပါအဝင် အမျိုးသား ၃–၄ ဦးတို့က ကားကိုလက်ပြ၍တားကြ၏။ ဒရိုင်ဘာက ကားကို တုံ့ခနဲရပ်ပေးလိုက်သည်။

'ဘယ်သွားမှာလဲ---'

'မန္တလေးကိုရှင့်'

'တက်– တက်– ရှေ့ခန်းတစ်ယောက်ရမယ်'

ထိုအမျိုးသမီးက သွက်လက်စွာဖြင့် ကားရှေ့ခန်းထဲ ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

'အစ်မကြီး ရှေ့ခန်းကားခ လေးဆယ်ကျမယ်နော်'

'ရတယ်– ရော့–တစ်ခါတည်းယူထား'

ကားရှေ့ခန်း ကျွန်တော့်ဘေး၌ဝင်ထိုင်သော အမျိုးသမီးက သူမ စလင်းဘက်အိတ်ကလေးထဲမှ ငွေ ၄၀/–ကို သွက်လက်စွာ ထုတ်ပေးလိုက်သည်။

'မောင်းလို့ရပြီ အစ်ကိုရေ'

ကားစပယ်ယာအသံကြားသည်နှင့် ကားကလေးသည် မူလ အပြေးမိုင်နှုန်းအတိုင်း ကျယ်ပြန့်ညီညာသော မန္တလေး–မိတ္ထီလာ လမ်းမကြီးပေါ်ဝယ် တရိပ်ရိပ်ပြေးလျက်ရှိပါသည်။

'အန်ကယ် ကျွန်မအအေးကြောက်လို့ ကားမှန်တံခါးပိတ် လိုက်မယ်နော်'

ကျွန်တော့်ဘေးမှ အမျိုးသမီးငယ်က ပြောသောအသံ



ဖြစ်ပါသည်။ အသက် ၃၀ လောက်ရှိရော့မည်။ ဘီဘဲလ်လုံချည် အပြာနုရောင် ဝတ်ဆင်ထား၏။ အင်္ကျီကလက်ပြတ်–အပြာနုရောင်။ ဝါရွှေရောင်ရှိသော သွားအသားနှင့် လိုက်လျောလှ၏။

'ပိတ်ပါဗျာ– ပိတ်ပါ၊ ရပါတယ်'

ကျွန်တော်ခွင့်ပြုလိုက်သည်နှင့် သူမသည် ကျင်လည်စွာဖြင့် ရှေ့ခန်းကားမှန်တံခါးကို အထက်သို့မြှင့်တင်လိုက်သည်။

'အစ်မကြီးက အအေးကြောက်တယ်လဲပြောရဲ့၊ လက်ပြတ် အင်္ကျီဝတ်လာသကိုး'

ဒရိုင်ဘာက ကွမ်းတစ်ယာထုတ်ဝါးရာမှ လှမ်းပြော၏။ ထို အမျိုးသမီးက ကားဒရိုင်ဘာဘက်သို့ ခေါင်းကလေးငဲ့စောင်း၍–

'ကျွန်မလဲ သိပ်မအေးဘူးလားလို့ အပေါ်အင်္ကျီယူမလာ မိတာ'

'ကျွန်တော်တွေ့ဖူးသလောက်တော့ အမျိုးသမီးတော် တော်များများဟာ အအေးသိပ်ကြိုက်ကြတာပဲ၊ ဒီက အစ်မက အအေး မကြိုက်ဘဲကိုး'

'ကျွန်မလား၊ အအေးသိပ်ကြိုက်တာပေါ့ရှင်၊ ကျွန်မက တောင်ကြီးသူရှင့်၊ လွန်ခဲ့တဲ့ ၃–၄ နှစ်ကမှ လေအေးအတိုက်ခံရရင် တစ်ကိုယ်လုံး ညောင်းတောင့်လာတတ်လို့ အထူးသဖြင့် လက်မောင်း တွေ မခံမရပ်နိုင်အောင် ကိုက်လွှန်းလို့ရှင့်'

'ဒါကြောင့်ကိုး---'

မိမိကျန်းမာရေး မိမိစောင့်ရှောက်တတ်သော သူငယ်မ ပါလားဟု စိတ်ထဲမှချီးမွမ်းလိုက်မိပါသည်။

'အေးဗျ--- ခင်ဗျားတို့အမျိုးသမီးတွေ မကျန်းမာအောင် ရောဂါရအောင်နှိပ်စက်နေတာ ရေအေးရယ်၊ လေအေးရယ်၊ ပြီးတော့ လက်ဖက်သုပ်ဗျ'

ကျွန်တော့်စကားကြောင့် သူငယ်မက–

'အန်ကယ်နှယ် ကျွန်မ ဟိုတုန်းက သိပ်ကျန်းမာတာရှင့်–

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရေအေးချိုးချိုး– လေအေးတိုက်တိုက် ဘာမှမဖြစ်ဘူး၊ အဲ--- ကျွန်မ ခန္ဓာကိုယ် နည်းနည်းကလေးဝလာမှ ခုလို ဖြစ်တော့တာပဲ'

'အင်း--- ဟုတ်တာပေါ့၊ သွေးကြောထဲမှာ အဆီတွေ ရောက်ပြီး သွေးကြောတွေကျဉ်းလာတယ်၊ လေက– သွေးတွေကို အတင်းတိုးဝှေ့ရတော့ ကိုက်တယ်၊ ခဲတယ်၊ ဖြစ်လာတာပေါ့'

'အန်ကယ်ပြောတာဖြစ်နိုင်ပါတယ်၊ ကျွန်မတောင်ကြီးကနေ မန္တလေးတက္ကသိုလ်တက်တော့ မန္တလေးမှာနေတုန်း ဘာမှမဖြစ်ဘူး၊ ကျောင်းပိတ်လို့တောင်ကြီးပြန်ရောက်ရင် ကိုက်တော့ ခဲတော့တာပဲ၊ လက်မောင်းတွေဆို မခံမရပ်နိုင်အောင်ကိုက်တာ'

'အေးဗျ– အေးရင် သွေးကြောတွေကျဉ်းလာတယ်၊ ပူရင် သွေးကြောတွေကျယ်သွားတော့ အကိုက်အခဲမရှိတော့တာပေါ့၊ အဲ လက်မောင်းကိုက်တဲ့အခါ ပရုတ်ဆီပွတ်လိုက်ရင် သက်သာသလိုပေါ့ အပူကြောင့် သွေးကြောကျယ်သွားတာကိုး'

'ဝတော့ အဆီကြောင့် သွေးကြောကျဉ်းတယ်၊ ဒါကြောင့် ကျွန်မ သိပ်ဝမလာအောင် သတိထားနေရတယ်'

'ခန္ဓာကိုယ် ဝမလာအောင် ဘာတွေလုပ်သတုန်း'

'ကျွန်မလား၊ ဟင်း--- ဟင်း--- ထမင်းလျှော့စားတာပေါ့ တစ်ခါတစ်ရံ ညနေစာ မစားဘူး'

ထိုသူငယ်မက ရယ်ရယ်မောမော အသံချိုချိုကလေးဖြင့် ရှက်စနိုးပြော၏။

'အဲဒါ သဘာဝမကျဘူးဗျ၊ ထမင်းလျှော့စားရုံနဲ့တော့ မ ဘူးဗျ၊ အစားအစာ အာဟာရဟာ ခန္ဓာကိုယ် အားဖြစ်စေဖို့ စား စားရမှာဗျ၊ အချိုတွေ အဆိမ့်တွေ တိရစ္ဆာန်အဆီအသားတွေ သိ မစားဖို့ ပြီးတော့ အုန်းနို့ခေါက်ဆွဲ၊ ဒညင်းသီး၊ လက်ဖက်တွေရှော ပြီးတော့ ခန္ဓာကိုယ်ကိုဖိမ်လုပ်ပြီး ငြိမ်ကုပ်မနေရဘူး'

'ကျွန်မ မနက်တိုင်းလမ်းလျှောက်ပါတယ်၊ လမ်းမလျှော



ဖြစ်တဲ့အခါ အိမ်မှာလေ့ကျင့်ခန်းလုပ်ပါတယ်'

'လမ်းလျှောက်တာ ကောင်းတာပေါ့ဗျာ၊ အဲ– အဆီတွေ တိုးပြီး ဝဖြိုးလာရင်တော့ ဆေးတစ်မျိုးတော့ဖော်စားဗျ၊ ကျွန်တော့် မိတ်ဆွေတစ်ယောက်ဆီကရတဲ့ဆေးဗျ၊ အဲဒီဆေးနည်းက သံပုရာသီးအလုံး ၃၀ လောက်ကို အရည်ညှစ်ရမယ်ဗျ၊ ညှစ်ရတဲ့သံပုရာရည်ကို ဒယ်အိုးကင်းထဲထည့်ပြီးကျိုရမယ်၊ နာနာမွှေပေးရမယ်၊ ကြွက်မြီးတန်းအောင် ကျိုပေးရမယ်။ ပြီး မီးဖိုပေါ်ကချဗျ၊ အအေးခံပြီး ဖန်ပုလင်းသန့်သန့်ကလေးထဲထည့်ထား၊ သူ့ကိုလက်ဖက်စား ဇွန်း မောက်မောက် နေ့တိုင်းသောက်ဗျ၊ ကျုပ်မိတ်ဆွေကတော့ အဲဒါ ကိုယ်တွေ့ အဆီကျဆေးပဲ'

'အဲဒါ--- တကယ်လား အန်ကယ်'

'ဟာဗျာ တကယ်ပေါ့ဗျ၊ အဆီတကယ်ကျတဲ့ဆေးနည်းပဲ'

'တစ်ချို့က ဆင်တုံးမနွယ်စားလဲ အဆီကျတယ်ပြောလို့'

'အေးဗျ၊ ဆင်တုံးမနွယ်လဲ အဆီကျပါတယ်၊ ဒါနဲ့ ခင်ဗျား လက်မောင်းကိုက်ဝေဒနာကို ဘာဆေးနဲ့ကုတုန်း'

'ကျွန်မ လက်မောင်းလား၊ မန္တလေးလို ပူတဲ့အရပ်မှာနေရင် လုံးဝမကိုက်ဘူးအန်ကယ်ရဲ့၊ အဲ– တောင်ကြီးမိဘအိမ်ပြန်ရောက်ရင် ကိုက်တော့တာပဲ၊ အေးတာကိုး၊ ဒါ့ကြောင့် ခုတော့ ကျွန်မ မြင်းခြံသားနဲ့အိမ်ထောင်ပြုလိုက်တယ်လေ၊ မြင်းခြံ–တောင်သာ နထိုးကြီးဆိုတဲ့အရပ်တွေဟာ ပူတာကိုး၊ ကျွန်မနဲ့တည့်တယ်'

'ဗျာ'

သူမစကားကြောင့် ကျွန်တော်အံ့သြသွားသည်။ ပြီးတော့ ပြုံးလိုက်မိ၏။ စိတ်ထဲမှလည်း 'တယ်တော်တဲ့သူငယ်မ'ပါလားဟု ခုတိယအကြိမ်ချီးမွမ်းလိုက်မိပါသတည်း။

◈

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော်အရုပ်လက်သည်

ကျွန်တော်တို့မြန်မာအယူအဆမှာ သားဖွားခန်း (မီးနေခန်း) ထဲ ယောကျ်ားများ မဝင်ရပါ။ ဝင်လျှင်ဘုန်းနိမ့်တတ်သည်ဟု အယူရှိကြသည်။ သို့သော် ကျွန်တော်သည် ဘုန်းနိမ့်သွားသလား၊ မြင့်သွားသလားတော့မသိ။ သားဖွားခန်း(ဝါ) မီးနေခန်းထဲ ဝင်ခဲ့ရရုံသာမက 'အရုပ်လက်သည်' ရာထူးဘယ်သူမျှမခန့်ဘဲရခဲ့ဖူးသည်။ ထိုအကြောင်းကို ပြန်ပြောင်းအစီရင်ခံရသော်-

မကွေးတိုင်း၊ တောင်တွင်းကြီးနှင့် လယ်ဝေးမြို့အကြား မီးရထားသံလမ်းပေါ်၌ 'သစ်ပုပ်ပင်' မည်သော ရွာကလေးတစ်ရွာရှိပါသည်။ ထိုရွာကလေး၏ အနောက်မြောက်ဘက်ယွန်းယွန်းရှိ တောစပ်ကလေးတစ်နေရာ၌ အိမ်ကလေး လေးငါးအိမ်ရှိ၏။ 'ငါးအိမ်တန်း' ဟု လည်းခေါ်သည်။

ထိုငါးအိမ်တန်း အလယ်အိမ်သို့ ကျွန်တော်သည် ဧည့်သည် တစ်ယောက်အဖြစ် ရောက်ရှိနေပါသည်။

'သူငယ်ချင်း ဝင်းမြင့်ရေ မင်း ဘာမှအားမငယ်နဲ့၊ ငါ့အိမ်မှ လွတ်လွတ်လပ်လပ်နေ၊ မင်းတို့ စာရေးဆရာ၊ ဆေးဆရာတွေအဖို့ အကောင်းဆုံးနေရာပဲကွ၊ ကြည့်စမ်း- ဟောဟိုတောစပ်မှာ တောပန်းကလေးတွေပွင့်နေကြတယ်၊ မလှဘူးလားဟင်၊ ပြီးတော့ ကျေးငှက်တွေကလဲ သူတို့ ဘာသာဘာဝ တွန်ကျူးပျော်မြူးနေကြတယ်၊ တို့ငယ်ငယ်တုန်းက သင်ခဲ့ဖတ်ခဲ့ရတဲ့ ကဗျာကလေး အမှတ်ရတယ်'

'ဘယ်ကဗျာလဲ ဟန်စိန်ရ'

'ဟိုလေကွာ--- ဘာတဲ့ တောင်တောရယ်သာ၊ မာလာကင်ပွန်း၊ တစ်ပင်ကို နှစ်ပင်ယှက်တယ်၊ ကျေးငှက်ကမြူး'

မှန်ပါသည်။ ဤ 'ငါးအိမ်တန်း' ကလေး၏ ဝန်းကျင်သည် သာယာပါဘိ။ တောပန်းကလေးများ ဆွတ်ပျံ့သင်းထုံပါဘိ။

'အဲ- အခု မင်းလိုချင်တဲ့အာမ္မရာဇာတွေလဲ များများရမယ်



မင်းကိုယ့်အိမ်မှာ ဘာမှ အားမနာနဲ့၊ ကိုယ့်မိန်းမ ကြည်မြကလဲ ထမင်းချက် ဟင်းချက်ကောင်းတဲ့မိန်းမကွ၊ ဟား---- ဟား---'

သူငယ်ချင်းဖြစ်သူဟန်စိန်က အားမနာပါနှင့်ဆိုသော်လည်း ကျွန်တော်က အားနာပါသည်။ အဘယ်ကြောင့်ဆိုသော် မကြည်မြသည် နေ့စေ့လစေ့ မွေးကာနီး ကိုယ်ဝန်ကြီးလွယ်ထားရသောကြောင့် ဖြစ်ပါသတည်း။ ပြီးတော့ သူ့သားအငယ် နှစ်ကောင်ကလည်း မျောက်ရှုံးအောင်ဆော့၏။

မကြည်မြသည် မပေါ့မပါး ကိုယ်ဝန်ကြီးလွယ်ထားရသော်လည်း မညည်းမညူ ချက်ပြုတ်ကျွေးမွေးရှာပါသည်။ ယခုလည်း ကျွန်တော်တို့နှစ်ယောက်သား ရေနွေးမြီးရန်အတွက် ဟင်းနုနွယ် ရွက်သုပ်လာချ၏။

'ဟ- ကြည်မြ၊ ရေနွေးကြမ်းထည့်ပါဦးကွ'

မကြည်မြသည် ဗိုက်ကြီးတငေါ့ငေါ့နှင့် မီးဖိုတွင်တည်ထားသော ရေနွေးခရားထဲမှ ရေနွေးများ လာရောက်ထည့်ပေးပါ၏။

'သူငယ်ချင်း မင်းမိန်းမ မွေးကာနီးနေပြီနော်၊ နားထင်တွေချိုင့်လာပြီ။ ခုနေ တောင်တွင်းမှာရှိတဲ့ သူ့အမေအိမ် ပို့ထားဖို့ကောင်းတယ်'

'ရပါတယ်ကွာ၊ ငါ့မိန်းမဗိုက်က သားဦးမှမဟုတ်တာ၊ အပြင်မှာ ကလေးနှစ်ယောက်တောင်မွေးပြီးပြီပဲ၊ မိန်းမဆိုတာ ကလေးမွေးတာ အဆန်းမဟုတ်ပါဘူးကွ'

'ဟကောင်ရ- ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဆိုတာရှိတယ်လေ၊ ဒီမှာအားကိုးအားထားလဲမရှိ၊ အရေးနဲ့အကြောင်းနဲ့ဆိုရင် ဘယ်နှယ်လုပ်မလဲ'

'ဝင်းမြင့်ရေ- မင်းဘာမှမပူနဲ့၊ ငါ့မိန်းမ ဗိုက်နာရင် ဒီကနေ တစ်မိုင်တောင်မရှိပါဘူးကွာ၊ သစ်ပုပ်ပင်မှာနေတဲ့ သားဖွားဆရာမကြီးဒေါ်ဖော့ ပြေးခေါ်ရုံပေါ့၊ ဒေါ်ဖော့လဲ ဒီကို မကြာမကြာ လာပါတယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘာမှ ဆက်မပြောပါ၊ မကြည်မြကတော့ တောသူပီပီ ကြံ့ခိုင်သန်စွမ်းသည်တော့ မှန်ပါသည်။ ကလေးမွေးရခြင်းအလုပ်သည် သူ့အဖို့ ထမင်းစားရေသောက် အလုပ်သဖွယ် ထင်မှတ်နေဟန်တူ၏။ ရွာဓလေ့အတိုင်း မီးနေသည်အတွက် နန္ဒင်း အမှုန့်များ အသင့်အတင့်ထောင်းပြီးရှိ၏။ စမုန်နက်ကို နေလှမ်း၍ 'နမ်းထုပ်'ပြုလုပ်ထားပြီးရှိ၏။ ဝါးကလည်းပေါသည်၊ ဝါးကြမ်းပြင်ဝယ် နီးကြောဖျာစုပ်ကလေး ခင်းထားပါသည်။

သို့သော် မကြည်မြဗိုက်နာလာခဲ့သော် အနီးကပ်အားပေး အားမြှောက်ပြောမည့်သူ ဝန်းကျင်အိမ်များ၌မရှိ။ အဘယ်ကြောင့်ဆိုသော် ဤ'ငါးအိမ်တန်း'၌ အမျိုးသမီးဆို၍ မကြည်မြကလွဲ၍မရှိ။ ကျန်ရှိသူများမှာ သစ်ခုတ်သမား အမျိုးသားများသာရှိပါသတည်း။

ကျွန်တော်တို့သည် နောက်တစ်နေ့ နံနက်စောစောထ၍ တောင်ခြေသို့ ဘုမ္မရာဇာများ သွားရောက်တူးဖော်ကြပါသည်။ ဘုမ္မရာဇာများ ဂုန်နီအိတ်တစ်ဝက်သာသာမျှရသောအခါ သူငယ်ချင်း ဟန်စိန်၏ ၆–နှစ်အရွယ်ရှိ 'တာတူး'မည်သော သားငယ် အပြေးရောက်လာပါသည်။

'အဖေ--- အမေဗိုက်နာနေပြီဗျ'

'အေးအေး--- ဟုတ်ပြီ'

'ဟော့ကောင် ဟန်စိန်၊ မင်းမိန်းမ ဗိုက်နာနေပြီတဲ့၊ လာကွာ၊ ပြန်ကြရအောင်၊ ဒီအိတ်ကြီး ဒီအတိုင်းထားခဲ့၊ တို့နောက်မှ ဖြည်းဖြည်းပြန်ယူတာပေါ့'

'ဟုတ်တယ်အဖေရ၊ အမေဗိုက်နာနေပြီ'

'အေးပါကွ---နာနာပေါ့၊ မင်းအမေအကြောင်း ငါသိပြီးသားပါ၊ မင်းကိုမွေးတုန်းကလဲ ဒီလိုနာတာပဲ၊ ၂–ရက်လောက် နာပြီးမှ မွေးတာကွ'

'သူငယ်ချင်း လာကွာပြန်မယ်'

ကျွန်တော်ကရှေ့မှ ပြေးထွက်လာတော့ သူတို့သားအဖ



သည်လည်း နောက်မှထက်ကြပ်မကွာ အပြေးလိုက်လာသည်။

အိမ်ရောက်တော့ မီးနေခန်းထဲမှ မကြည်မြအသံ ကြားရသည်။

'ကိုဟန်စိန်---ကိုဟန်စိန်---ဒီကိုလာစမ်းပါဦးတော်'

သူငယ်ချင်းဟန်စိန်သည် ခေါင်းတွင်ပတ်ထားသော သဘက်စောင်ကိုဖြုတ်၍ ချွေးများသုတ်ရင်း မကြည်မြ မီးနေခန်းဝ မတ်တပ်သွားရပ်၏။

'မိန်းမကလဲ အသည်းငယ်လိုက်တာလွန်ပါရော၊ နင် ကော်တော်နဲ့ မွေးဦးမှာမဟုတ်ပါဘူး'

'အမလေးတော် ကျွတ်---ကျွတ်---အမယ်လေး--- ကိုဟန်စိန် ဗိုက်ထဲက သိပ်နာနေပြီ ဒေါ်ဖော့သွားခေါ်ပါ'

'ဟော့ကောင်ဟန်စိန်၊ သွားလေကွာ၊ ဒေါ်ဖော့သွားခေါ်လေ'

ကျွန်တော်ကလည်း ဘုမ္မရာဇာများတူးစဉ်က လက်များ ပေကျံနေသည်များကို ဆပ်ပြာနှင့်သန့်သွားအောင် ဆေးကြောလိုက်ပါသည်။ သူငယ်ချင်းဟန်စိန်သည် ကွမ်းအစ်ထဲမှ ဆေးရွက်ကြီး တစ်ရွက်ကိုချေ၍ ပါးစပ်တွင်ခဲကာ သစ်ပုပ်ပင်ရွာဆီသို့ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာသွားသည်ကို သတိပြုလိုက်မိပါသည်။

'အမယ်လေးတော်---ကျွတ်---ကျွတ် ---အမယ်လေး ဟီးဟီး--- ကိုဟန်စိန် သွားပလား ကျွတ်'

'မကြည်မြ အားတင်းထား၊ အားတင်းထား၊ ဒေါ်ဖော့ သွားခေါ်နေပြီ'

ကျွန်တော်က မီးနေခန်းထဲမှ မကြည်မြကြားလောက်အောင် အသံကိုမြှင့်၍ အော်ပြောလိုက်၏။

ကလေးနှစ်ယောက်ကတော့ သူ့အမေ ဝေဒနာခံစားနေသည်ကို မျက်လုံးကလေးအဝိုင်းသားနှင့် အပေါက်ဝမှချောင်းကြည့်နေကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'အမလေးတော်---နာလှပြီတော့- --ကျွတ်-- -ကျွတ်'

ဆေးဆရာ၏အသည်းနှလုံးသည် အခြားသူများထက် ခံစားမှုအာရုံ ပြင်းထန်ရှာသလားမသိ။ မကြည်မြ၏အော်ဟစ် ညည်းညူသံသည် ကျွန်တော့်ရင်ထဲလှိုင်းခတ်နေသည်။

ထရံပေါက်မှ ချောင်းကြည့်နေကြသော သားနှစ်ယောက် အနက် အကြီးကောင်က ပျာယီးပျာယာဖြင့်-

'ဦးလေး--- အမေ့ဗိုက်ထဲက ကလေး--- ကလေး ထွက် ထွက်လာပြီ'

'ဟေ---'

ကျွန်တော့်ခြေလှမ်းများသည် ရုတ်ခြည်း မီးနေခန်းဝ ရောက်သွား၏။ အပေါက်ဝရောက်တော့ ချီတုံချတုံဖြစ်နေ၍ 'မရ တော့ပါ။ အဘယ်ကြောင့်ဆိုသော် မကြည်မြ၏ဝမ်းကြာတိုက်မှ ကလေးသည် ခေါင်းပြူလာနေပါပြီ။ မကြည်မြ၏နဖူးဖြင်ဝယ် ချွေးများဖြင့်စို့၍နေပါသည်။ မကြည်မြသည် နာရာလွန်း၍ မျက်လုံးများ စုံမှိတ်ထားသည်။

'မကြည်မြ--- အားတင်းထား--- ဒေါ်ဖော့လာနေပြီ'

ကျွန်တော်က အသံပြုလိုက်ရင်း ကလေးငယ်၏ဦးခေါင်း ကို ညင်သာစွာကိုင်၍ အသာကလေး ဆွဲယူလိုက်ပါသည်။

သည်တော့မှ ကျွန်တော်သတိရ၏။ အညစ်အကြေးများ ဆေးရန် ရေလို၏။ ချက်ကြိုးဖြတ်ရန် ကတ်ကြေး (သို့မဟုတ်) မုတ်ဆိတ်ရိတ် ဘလိတ်ဓားလို၏။ ထို့ကြောင့် ကလေးကို မကြည်မြ ၏ခြေသလုံးကြား အသာအယာချထားလိုက်ပြီး---

'မကြည်မြ--- ဒါ---ကလေးနော်---အပြင်ရောက်ပြီ ငြိမ်ငြိမ်နေ'

ကျွန်တော်သည် မီးဖိုချောင်သို့ ပြေးထွက်ခဲ့သည်။ ရေ နွေးနှင့်ရေအေးရောစပ်၍ ရေဇလုံကြီးယူခဲ့၏။ ပြီးတော့ ကျွန်တော် သွားလေရာ ဆောင်ထားသော မုတ်ဆိတ်ရိတ် ဘလိတ်ဓားလည်း ယူလိုက်၏။ ကလေးငယ်၏အညစ်အကြေးများ ဆေးကြောလိုက်ပြီး ချက်ကြိုးကိုသေသပ်စွာထုံးကာ ဘလိတ်ဓားဖြင့် တိခနဲဖြတ်လိုက်၏။

မကြည်မြ၏ကလေးသည် ယောကျ်ားကလေးဖြစ်ပါသည်။ လူ့လောကသို့ ဝင်ရောက်လာသော ကလေးငယ်၏ ငိုသံသည် ငါး အိမ်တန်း၌ ဆူညံသွားရောထင့်။ မကြည်မြ မျက်လုံးဖွင့်ကြည့်၏။ မိခင်များသည် မိမိ၏ဝမ်းကြာတိုက်မှထွက်လာသော ရင်သွေးငယ်ကို မြင်လိုက်ရသော မိခင်၏မျက်နှာသည် 'အလှဆုံးအချိန်'ဟု ပြော စမှတ်ပြုကြပါသည်။ ထို့ကြောင့် မကြည်မြကို ကျွန်တော် လှမ်း ကြည့်တော့ မကြည်မြသည် သူ့အနီးရှိ သူ့ခင်ပွန်း ဟန်စိန်၏လုံချည် ပောင်းကို မျက်နှာပေါ်ဖုံးအုပ်ထားပါတော့သည်။ ကျွန်တော့်ကိုရှက်၍-

'ဆရာမကြီးလာပြီ--- ဆရာမကြီးလာပြီ'

ဟန်စိန်၏ကလေးနှစ်ယောက်အသံဖြစ်ပါသည်။

ကျွန်တော်က ကလေးငယ်ကို ကလေးအနီးနှင့်ထွေးပတ် ၍ မကြည်မြရင်ခွင်ထဲ ထည့်ပေးလိုက်ပြီး အခန်းအပြင်ထွက်လာ တော့ ဆရာမကြီးဒေါ်ဖော့သည် ဝီပါလောက်ရှိသော သူ့ကိုယ်လုံး ကြီးနှင့် အိမ်ပေါ်သို့အနိုင်နိုင်တက်ရင်း အခန်းထဲဝင်၏။ ကျွန်တော် နှင့် သူငယ်ချင်းဟန်စိန်က သူ့နောက်ကလိုက်လာတော့-

'ယောကျ်ားတွေ အပြင်ထွက် အပြင်ထွက်'

'ဆရာမကြီး မကြည်မြကို သန့်ရှင်းရေးလုပ်ပေးဖို့ပဲ ကျန် တော့တယ်၊ အားလုံးကိစ္စပြီးပြီ'

ကျွန်တော်က ဤသို့ပြောချလိုက်၏။

'ဟင်---'

ဆရာမကြီးဒေါ်ဖော့သည် မကြည်မြရင်ခွင်မှ အူဝဲအူဝဲငို အော်ဟစ်ရုန်းကန်နေသော ကလေးငယ်ကိုသွားကြည့်၏။ ချက်ကြိုး ကိုကြည့်၏။ စနစ်တကျ ဖြတ်တောက်ထားသည်ကိုမြင်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com

တအံ့တသြ ဖြစ်နေ၏။ ကျွန်တော်သည် သူငယ်ချင်းဟန်စိန်၏ လက်ကိုဆွဲ၍ အပြင်သို့ထွက်ခဲ့၏။

'လာ သူငယ်ချင်း မင်းအမျိုးသမီး သန့်ရှင်းရေးလုပ်ဖို့ပဲ ကျန်တော့တယ်'

ဟန်စိန်သည် ယခုမှရယ်နိုင်ပြုံးနိုင်၏။ ဝန်းကျင်မှ သစ်ခုတ်သမား ၄–၅ ယောက်လည်း ရောက်လာကြ၏။

'မကြည်မြ မွေးပြီလား၊ ဘာလေးလဲ'

'ယောကျာ်းလေး'

ဟန်စိန်ပင် မသိသေး၊ ကျွန်တော်ကဖြေလိုက်ရ၏။

'ငါ့သူငယ်ချင်းဝင်းမြင့်ကတော့ ရိုးရိုးဗိန္ဓောဆရာ၊ စာရေးဆရာမှတ်တာ ဒီကောင် ဝမ်းဆွဲလဲလုပ်တတ်တယ်'ဟူ၏။

'ဟေ့ကောင်––ဟန်စိန်၊ မင့်သား မွေးတာ ၉–နာရီ ၁၅–မိနစ်ကွ'

'ဒီနေ့ ဘာနေ့လဲ'

'ဗုဒ္ဓဟူးလေကွာ'

သူငယ်ချင်းဟန်စိန်သည် တိုင်တွင်ချိတ်ထားသောပြက္ခဒိန်ကိုယူ၍ သေသေချာချာမှတ်နေ၏။

၁၃၄၂–ခု၊ ကဆုန်လ (၉)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉–နာရီ ၁၅ မိနစ်။

'ဝင်းမြင့် ငါ့သား ဗေဒင်တွက်ကြည့်စမ်းပါဦးဟ'

ကျွန်တော့် မဟာဘုတ်တိုင်ထူ၏။

'ဟကောင်–––မင်းသား အထွန်းဖွားကွ၊ အထွန်းဖွား'

သူငယ်ချင်းဟန်စိန်သည် ပျော်တပြုံးပြုံး မော်မဆုံးဖြစ်နေပါသည်။

ကျွန်တော်သည် သူငယ်ချင်းကိုကြည့်၍ အတွေးတွေ ဓေ အလျဉ်လို တရိပ်ရိပ်တွေးတောနေမိပါသည်။



ဤလောကမြေမဟီဝယ် သိစရာတတ်စရာတွေ အနန္တ။

သားဖွားခြင်းအတတ်ပညာကို ယောကျာ်းများနှင့် မဆိုင်။ အထူးသဖြင့် မြန်မာဆေးဆရာများနှင့်မဆိုင်ဟုဆိုကာ–––ကျွန်တော်သည်လေ့လာခြင်း၊ စနစ်တကျ သင်ကြား တတ်မြောက်ထားခြင်း မရှိခဲ့သော်–

ဘုရင့်နန်းဥယျာဉ်မှပန်းကလေးများသည် တယုတယပြုစု မျိုးထောင်ပါမှ ပွင့်လန်းကြ၏။ တောပန်းကလေးများမှာကား ဘယ်သူမျှမပြုစု၊ မယုယ၊

သူ့သဘာဝအတိုင်း ပွင့်လန်းတတ်ကြပါတကား။

ယခုလို အောင်မြင်စွာမွေးဖွားနိုင်ခြင်းသည် မကြည်မြသည် တောပန်းကလေးမို့။

ဟိုတစ်လောက သူငယ်ချင်း ဟန်စိန်ရောက်လာသည်။ ၁၀နှစ်အရွယ် သားငယ်တစ်ယောက်လည်းပါလာ၏။

ထုံးစံအတိုင်း နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အဆင်ပြေရဲ့လားဟု မေးရ၏။ ပြီးတော့ ကျွန်တော့်တဝတစ်သက်တာ ၌ာ မှတ်မှတ်ရရ 'အရပ်လက်သည်'လုပ်ခဲ့ရသောကြောင့်–

'ငါမွေးပေးခဲ့တဲ့ ကလေးကော နေကောင်းရဲ့လား'

ဟု ရယ်ရယ်မောမော မေးမိ၏။

'သူပေါ့ကွ–––မင်းမွေးပေးခဲ့တဲ့ကောင်'

'ဟေ'

ကျွန်တော် ပထမဆုံး လက်နှင့်ကိုင်တွယ် ချက်ကြိုးဖြတ်ပေးခဲ့ရသော သကောင့်သားလေး 'နိုတာတွေး'သည် ယခု ၁၀ နှစ်သားအရွယ်ပင် ရှိနေပါပကော။ ကျွန်တော့်ရင်ထဲ ပီတိလှိုင်း ထနေသည်။

'မင်း–––ဦးကို သိလား'

ပြုံး၍ ခေါင်းရမ်းပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှတ်ထား--- အဲဒါ- မင်းကိုမွေးပေးတဲ့ ဝမ်းဆွဲဆရာကြီးပဲ၊ ဟား--- ဟား--- ဟား'

ဟန်စိန်က ရယ်၏။

'အေးပါကွာ--- မင်းကျေးဇူး--- အဲဒီတုန်းက ကိုယ်က ဒေါ်ဖော့သွားခေါ်တုန်း--- မင်းမွေးပေးလို့သာပေါ့၊ ဒါကြောင့် မင်းကို အမှတ်တရ သူ့နာမည်ကို ဝင်းမြင့်လို့နာမည်ပေးထားတယ်'

'ဟော---ဝင်းမြင့် ဟုတ်လား။-တောက်--- မွေးလဲပေးရသေး--- နာမည်ပါပေးလိုက်ရသေးဟာ'

မကွေးဝင်းမြင့်
အမှတ် (၆)၊ မဲထီးလမ်း
ဈေးရပ်–မကွေးမြို့။

BURMESE CLASSIC .com

www.burmeseclassic.com